# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပို့တွဲလဆန်း (၇) ရက် ၊ သောကြာနေ့ ၊ (16-2-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၉၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။


၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ DVB-T2စနစ်တွင် HD Quality ရုပ်သံနစ်လိုင်းမှ ကိုးလိုင်းတိုးချဲ့၍ ရုပ်သံလိုင်း ၁၁ လိုင်းဖြင့် အဆင့်မြှင့်တင်ထုတ်လွှင့်မှုနှင့် MRTV DTH Platform တွင် ရုပ်သံရနစ်လိုင်းမှ ၁၂ လိုင်းတိုးချဲ့၍ ရုပ်သံလိုင်း ၁၉ လိုင်းထုတ်လွှင့်မှုတို့ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။**

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော မီဒီယာဌာနကြီးတစ်ခုဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးချုပ်၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဝန်ထမ်းများ၊သတင်းမီဒီယာများ၊အနုပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရန်ကုန်ရုံးမှ ဝန်ထမ်းများ၊ **စာမျက်နှာ ၁၆ ကော်လံ ၁ ⇨**


**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊လျှပ်စစ်မီတာ **Bill** ပေးဆောင်ခြင်း၊ **E-Topup** ဖုန်းပြောခဖြည့်သွင်းခြင်း၊

ဈေးဝယ်ခြင်း ၊ **Internet Bill** ပေးဆောင်ခြင်း၊ **Gift Card** ပေးခြင်း၊ **Skynet Bill Payment** ပေးသွင်းခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊

မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ **E-Commerce** လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် **Customs Duty** ပေးဆောင်ခြင်း

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။




MPT mytel ooredoo telenor

ဘေလ်ပေးဆောင်ခြင်း

ရတနာပုံ
၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်
အယ်ဒီတာ့အာဘော်

# ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိပါသည်။ ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရန်အလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂၇/၂၀၁၀ဖြင့် ၂၀၁၀ ပြည့်နှစ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ထိုဥပဒေကို ယခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်နေ့မှစတင်၍အာဏာတည်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ပြည်ဖျက်မီဒီယာနှင့် အကြမ်းဖက်အဖွဲ့အစည်းအချို့သည် လူငယ်များ ယခုချက်ချင်းပင် စစ်ထဲဝင်ရတော့မည့်အတိုင်း အဆိုးမြင်ဝါဒများနှင့်ပြည်သူများကိုကြောက်လန့်အောင် ခြောက်လှန့်မှိုင်းတိုက်လျက်ရှိသည်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ပျက်ပြားအောင် လမ်းမှားသို့တွန်းပို့လျက်ရှိသည်ကို တွေ့ရသည်။

နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်ပါက စစ်မှုထမ်းဆောင်ခြင်းသည် နိုင်ငံသားတို့၏တာဝန်တစ်ရပ်ပင်ဖြစ်သည်။ နိုင်ငံတော်၊ နိုင်ငံသား၊ နိုင်ငံ၏အချုပ်အခြာအာဏာသည် တစ်သားတည်းတည်ရှိနေခြင်းဖြစ်၍ နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်းသည် စစ်ပညာသင်ကြားရန် တာဝန်ရှိပြီးဖြစ်ပါသည်။ နိုင်ငံတော်တွင် ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရန်အတွက်ဆိုလျှင် ပြည်သူတစ်ရပ်လုံးပါဝင်သော ပြည်သူ့စစ်မဟာဗျူဟာကျင့်သုံးရမည်ပင်ဖြစ်သည်။

မိမိတို့နိုင်ငံသည် ပထဝီနိုင်ငံရေးအနေအထားနှင့်အခြေအနေများအရ အချက်အချာကျ၊ အရေးပါသောအခြေအနေရှိနေပါသည်။ ထို့ကြောင့် မိမိနိုင်ငံကို ကာကွယ်နိုင်ရန်မှာ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အတိုင်း ရှိသေခန့်ညားလောက်သော ကာကွယ်ရေးစွမ်းအား၊ ကာကွယ်ရေးအင်အားများ တည်ဆောက်ထားရမည်ပင်ဖြစ်ပါသည်။ မိမိနိုင်ငံ ကမ္ဘာနှင့်အညီ ခေတ်မီဖွံ့ဖြိုးရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးပါဝင်သည့် ကာကွယ်ရေးစနစ်တစ်ခုတည်ဆောက်ရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာအသက်ဝင်အောင် စတင်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအာဏာတည်သွားသော်လည်း လက်တွေ့ဆောင်ရွက်ကျင့်သုံးနိုင်ရန်အတွက် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းစသော လုပ်ငန်းစဉ်များစွာကျန်ရှိနေသေးသည်။ ထိုလုပ်ငန်းစဉ်များအနက် ယခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၄ ဖြင့် စတင်ဖွဲ့စည်းဆောင်ရွက်အကောင်အထည်ဖော်ခဲ့သည်။

ယနေ့ခေတ်၌ နိုင်ငံသူနိုင်ငံသားများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေး နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီပေါ်ပေါက်လာမည့် ခိုင်မာအားကောင်းသည့် နိုင်ငံစွမ်းအားစု ကာကွယ်ရေးတပ်ဖွဲ့ကြီးတစ်ရပ်လိုအပ်လာပြီဖြစ်ပါသည်။ ထို့ကြောင့် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အတိုင်း ရှိသေခန့်ညားလေးစားလောက်သော ကာကွယ်ရေးစွမ်းရည်စွမ်းအားတို့ဖြင့် မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ နိုင်ငံသားအားလုံးပါဝင်ဆောင်ရွက်နိုင်ပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# ရေဝတီမြစ်ရေလမ်းကြောင်း စိန်ပန်းကုန်းကျေးရွာအနီးတွင် ရေကြောင်းကျပ်တည်းမှုဖြစ်ပေါ်နေ၍ ရေယာဉ်များသတိပြုသွားလာရန်လိုဟုဆို



**မန္တလေး ဖေဖော်ဝါရီ ၁၅**

ဧရာဝတီမြစ်ရေလမ်းကြောင်း စိန်ပန်းကုန်းကျေးရွာအနီးတွင် ရေကြောင်းကျပ်တည်းမှုဖြစ်ပေါ်နေ၍ ရေယာဉ်များ သတိပြုသွားလာရန် လိုအပ်ကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ- ၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သောကြောင့် ရေလမ်းကြောင်းပြောင်းလဲမှုများဖြစ်ပေါ်နေသည့်အပြင် သောင်ထွန်းမှုများလည်းဖြစ်ပေါ်လျက်ရှိကြောင်း၊ လတ်တလော ဧရာဝတီမြစ်အတွင်း မတ္တရာမြို့နယ် စိန်ပန်းကုန်းကျေးရွာအနီးတွင် ရေလမ်းကြောင်းပြောင်းလဲမှုစတင်ဖြစ်ပေါ်က ရေကြောင်းကျပ်တည်းမှုဖြစ်ပေါ်လျက်ရှိသောကြောင့် ရေယာဉ်များ အန္တရာယ်မဖြစ်စေရေး သတိပြုသွားလာရန်လိုအပ်ကြောင်း သိရသည်။

“အခုလက်ရှိ စိန်ပန်းကုန်းကျေးရွာအနီးတစ်ဝိုက်မှာ ရေလမ်းကြောင်းကျပ်တည်းမှုတွေဖြစ်ပေါ်နေပါတယ်။ ဒါကြောင့် မန္တလေးဆိပ်ကမ်းကနေ မတ္တရာမြို့နယ် စိန်ပန်းကုန်းရေလမ်းကြောင်းအတိုင်းသွားကြမဲ့ ခရီးသည်တင်ရေယာဉ်တွေနဲ့ ကုန်တင်ရေယာဉ်တွေ ရေလမ်းကြောင်းများပြီးတော့ သောင်တင်မှုမဖြစ်ပေါ်စေဖို့ အထူးသတိပြုသွားလာကြဖို့ လိုအပ်ပါတယ်”ဟု ဦးရဲထွန်းလင်းအောင်ကပြောပြသည်။

ထို့ပြင် မန္တလေးဆိပ်ကမ်းမှ စိန်ပန်းကုန်း ရေလမ်းကြောင်းတစ်လျှောက် သွားလာကြမည့် ခရီးသည်တင် ရေယာဉ်နှင့်ကုန်တင်ရေယာဉ်များအနေဖြင့် ရေလမ်းညွှန်ဌာနက စိုက်ထူပြသပေးထားသည့် ရေပေါ်ပြ ရေလမ်းညွှန်အမှတ်အသားများနှင့် ကမ်းပေါ်ပြ ရေလမ်းညွှန် အမှတ်အသားများကို အထူးဂရုပြုသွားလာကြရန်လည်း လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်အတွင်း ပန်ဆိုင်း(ကြူကုတ်)ဘက်မှထွက်ရှိသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၁၅**

မန္တလေးဈေးကွက်အတွင်း ပန်ဆိုင်း(ကြူကုတ်)ဘက်မှထွက်ရှိသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း ဖေဖော်ဝါရီလ ဒုတိယပတ်မှစ၍ ပန်ဆိုင်း(ကြူကုတ်)ဘက်မှထွက်ရှိသည့် ကြက်သွန်ဖြူများကို ဝယ်ယူမှုများပြားလာသည့်အပြင် ပြည်ပကလည်း အဝယ်များလာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

“အခု မန္တလေးဈေးကွက်ထဲမှာ ပန်ဆိုင်း(ကြူကုတ်)ဘက်ကထွက်ရှိတဲ့ ကြက်သွန်ဖြူတွေကို ကုန်သည်တွေအနေနဲ့ အဝယ်တော်တော်များလာတယ်။ ကြက်သွန်ဖြူအဝယ်လိုက်လာတာကြောင့် မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းလာပါတယ်”ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

ပြည်တွင်း၊ ပြည်ပကဝယ်ယူမှုများပြားနေခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ပန်ဆိုင်း(ကြူကုတ်)ဘက်မှထွက်ရှိသည့် ကြက်သွန်ဖြူ ဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိ ပေါက်ဈေးရှိပြီး အရောင်းအဝယ်ကောင်းလာကြောင်း သိရသည်။

“အခုတစ်လော မန္တလေးဈေးကွက်ကနေ ကြက်သွန်ဖြူတွေကို ရန်ကုန်နဲ့ အခြားမြို့ကြီးတွေကိုလဲ ပြန်ပြီးတင်ပို့နေရပါတယ်။ လတ်တလော ကြက်သွန်ဖြူအသစ်တွေလဲ လက်ကျန်ရှားနေတော့ ဈေးကွက်ထဲ အရောင်းအဝယ်ပြန်ကောင်းလာတယ်”ဟု ဒေါ်မေသဲဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး ဖေဖော်ဝါရီ ၁၅**

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများကိုသာ အရောင်းအဝယ်ပြုလုပ်နေရဆဲဖြစ်ကြောင်း ဆိုင်ကယ်ဈေးကွက်အတွင်းမှ သိရသည်။

လက်ရှိတွင် ဆိုင်ကယ်အသစ်ဘီးများ ဝင်ရောက်မှုမရှိသောကြောင့် ဈေးကွက်အတွင်း ဝင်ရောက်ပြီးသား ဆိုင်ကယ်အသစ်များကိုသာ အရောင်းအဝယ်ပြုလုပ်နေရဆဲဖြစ်ကြောင်း သိရသည်။

လျှပ်စစ်သုံး ဆိုင်ကယ်များမှာ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အများဆုံး ဝင်ရောက်ပြီး အနည်းဆုံး ငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၆၃သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၂၅ သိန်းမှ ၃၇ သိန်းခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် သိန်း ၂၀ မှ ၃၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ ၁၇ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/ CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၁၈ သိန်း ၅ သောင်းခန့်ထိရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ် လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

မန္တလေး ကားဈေးကွက်အတွင်း နယ်ဝယ်လက် အဆင်းနည်းလာမှုကြောင့် အရောင်းအဝယ်အေးသွားသော်လည်း နံပါတ်ထွက်ပြီးသား ဂျပန်တစ်ပတ်ရစ် ညာမောင်းကားများ အရောင်းအဝယ်ရှိနေဆဲဖြစ်ကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

အရောင်းအဝယ်ဖြစ်မှု နည်းနေဆဲဖြစ်သော်လည်း ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီပစ်ကပ်ကားလေးများအနက် ငွေကျပ်သိန်း ၂၅၀ မှ သိန်း ၃၅၀ ကြား ကားလေးများ အရောင်းအဝယ် ရှိနေကြောင်း သိရသည်။

၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက် Auto ငွေကျပ်သိန်း ၁၇၀ ခန့်၊ Manual ငွေကျပ်သိန်း ၁၅၀ ခန့်ဈေးပေါက်နေပြီး အခြားသောခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၂၀၊ Auto ငွေကျပ်သိန်း ၁၅၀ ခန့်ဖြင့် အရောင်းအဝယ် ရှိနေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးမောင်ထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၆၃၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပေါင်မြို့နယ် အဝပြဲကွင်းပိုင်းကျေးရွာ၌ ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပေါင် ဖေဖော်ဝါရီ ၁၅**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အဝပြဲကွင်းပိုင်းကျေးရွာ၌ ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံ၊ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ အဝပြဲကွင်းပိုင်းကျေးရွာ၌ ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံက လိုအပ်သည်များမှာကြားသည်။

အဝပြဲကွင်းပိုင်းကျေးရွာ၌ ကုန်ထုတ်လမ်း အရှည်ပေ ၅၂၈၀၊ အကျယ် ၁၂ ပေ၊ ကျောက်ရောမြေ အမြင့်တစ်ပေခင်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၆၃ ဒသမ ၇၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် ဆုရတနာထွန်းကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၃ ခုနှစ် ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာမှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်ထံမှ သိရသည်။

**သုတ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ကြိုးတန်း (၁)လမ်းနေ ဒေါ်ကြည်သိန်းမိသားစုက မိဘနစ်ပါးနှင့် အဒေါ်တို့အား ရည်စူး၍ ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ တာဝန်ကျဆရာဝန် ဒေါက်တာ ညွန့်သန်းနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# မော်လမြိုင်ကျွန်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧက ၂၅၂၁၂၀ ရိတ်သိမ်းပြီးစီး



**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧက ၂၅၂၁၂၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါးဧက ၂၅၂၁၂၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော စပါးခင်းများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါးခင်းများအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစပါးများကို စနစ်တကျစိုက်ပျိုးနိုင်ရန်၊ ရိတ်သိမ်းနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးနှင့်ဆက်စပ်သည့် ဌာနအဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်အနေနဲ့ မိုးစပါးဧက ၂၅၂၁၂၀ ထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာတော့ စပါးတွေအားလုံးရိတ်သိမ်းပြီးပါပြီ။ ရိတ်သိမ်းပြီးဖြစ်တဲ့ စပါးတွေ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့မြေပြုပြင်တဲ့လုပ်ငန်းတွေနဲ့ အခြားလုပ်ငန်းတွေကို စပါးတွေစတင်မစိုက်မီ အချိန်ကတည်းက ဆောင်ရွက်ပေးခဲ့တယ်။ မိုးစပါးတွေကို အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ စပါးစိုက်ပျိုးရေးနည်းပညာတွေနဲ့အခြား လိုအပ်တာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် စိုက်ပျိုးမဲ့စပါးတွေ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းဖို့ နည်းပညာပေးလုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးခဲ့တယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် မိုးစပါးကို GW-1၊ ဧရာမင်း၊ ရွှေသွယ်ရင်၊ GW-3၊ ထိုင်းဘေးကျား၊ GW-11၊ ပေါ်ဆန်းမွှေး စသည့် စပါးမျိုးများကို စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါရိတ်သိမ်းခဲ့သော မိုးစပါး တစ်ဧကလျှင် ပျမ်းမျှ ၈၉ တင်းထိ ထွက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြို့သစ်မြို့နယ် လယ်ပြင်စုကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မြို့သစ် ဖေဖော်ဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် လယ်ပြင်စုကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ လယ်ပြင်စုကျေးရွာတွင်းလမ်း အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များကို လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မြို့သစ်မြို့နယ် လယ်ပြင်စုကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၈ ဒသမ ၆ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၄ သန်းစုစုပေါင်း ငွေကျပ် ၁၄ သန်းအသုံးပြု၍ ဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇန်နဝါရီလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်ထံမှ သိရသည်။

**အိပိုးပိုး**

# ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၇၀၅၉ ဧက စိုက်ပျိုးပြီးစီး

**ကလေး ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၇၀၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၆၉၉၇ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၀၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ ပဲကြီးဧက ၆၀၀၀ ကျော်လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အခုလက်ရှိ ပဲကြီးစိုက်ပျိုးမှုအနေနဲ့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့တယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် မြို့နယ်အလိုက်ပဲကြီး စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၃၅၁ ဧက၊ ကလေးဝမြို့နယ်တွင် ၅၄၁ ဧက၊ မင်းကင်းမြို့နယ်တွင် ၆၁၆၇ ဧက စုစုပေါင်း ၇၀၅၉ ဧကဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ပဲကြီးစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၃၃၆ ဧက၊ ကလေးဝမြို့နယ်တွင် ဧက ၅၃၀၊ မင်းကင်းမြို့နယ်တွင် ၆၁၃၁ ဧက စုစုပေါင်း ၆၉၉၇ ဧကဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ပဲကြီးစိုက်ပျိုးတောင်သူများကို ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP စနစ်ဖြင့်စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)



# ကရုဏာတွဲလက်များ ခိုင်မြဲပြန့်ပွား တိုးတက်ပါစေ

## မောင်ဖြိုးသူ(ကြို့ပင်ကောက်)

နေ့စဉ်ထုတ်သတင်းစာများ၊ Facebook နှင့် အင်တာနက်များထဲတွင် ပရဟိတအသင်းပေါင်းစုံ၏ ကောင်းသတင်းမျိုးစုံကို နေ့စဉ်မြင်တွေ့နေကြရသည်။

အများအကျိုးကို စေတနာသန့်သန့်ဖြင့် သယ်ပိုးထမ်းရွက်နေကြသော ပရဟိတအသင်းအများစုကို နတ်လူသာဓုခေါ်နေကြကာ ကောင်းချီးဩဘာပေးနေကြသည်။ မုဒိတာပွားကာ ဂုဏ်ပြုမှတ်တမ်းတင်နေကြသည်။ ပရဟိတအသင်းမျိုးစုံထဲတွင် သာမှုနာမှုအစုစုအတွက် စွမ်းဆောင်သယ်ပိုးနိုင်ကြသည့် အမျိုးအစားအလိုက် နာမည်အမျိုးမျိုးတပ်ကာလှုပ်ရှားနေကြသည်။

အထူးသဖြင့် ယဉ်ကျေးသိမ်မွေ့မှုရှိကြသည့် ဓလေ့ထုံးတမ်းစဉ်လာများအရ မြန်မာတိုင်းရင်းသားလူမျိုးများသည် ဝါရိတ္တသီလ၊ စာရိတ္တသီလ၊ ပြည်သူ့နီတိကျင့်ဝတ်များနှင့်အညီ ပရဟိတလုပ်ငန်းများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထမ်းရွက်ခဲ့ကြသည်မှာ ရှည်ကြာခဲ့ကြလေပြီ။

ဤသည်မှာ ကမ္ဘာ့အလယ်တွင် မြန်မာလူမျိုးများ၏ ထူးခြားလှသည့် ဝိသေသဂုဏ်ထူးပင်ဖြစ်သည်။ ပရဟိတအသင်းအမျိုးအစားအလိုက် သယ်ပိုးထမ်းရွက်နေကြရာတွင် သဘာဝဘေးအန္တရာယ်များနှင့် လတ်တလောကြုံတွေ့နေကြရသော သာမှုနာမှုအစုစုအတွက် ထမ်းရွက်နေကြသောပရဟိတအသင်းများက အခက်အခဲမျိုးစုံကြားက တိုးပွားလာကြရာ အားပေးကူညီမှုနှင့်အတူ ဂုဏ်ပြုအမွှမ်းတင်နေသင့်ကြသည်။

သွေးအရေးပေါ် လိုအပ်သော ရောဂါဝေဒနာရှင်များနှင့် သွေးလွန်တုပ်ကွေးရာသီမျိုးတွင် သွေးလှူရှင်အသင်းများ၏ ပံ့ပိုးကူညီမှုသည် အလွန်ထိရောက်လှပေသည်။ လေဘေး၊ ရေဘေးနှင့် မီးဘေးသင့်သူများကို ပံ့ပိုးကူညီလှူဒါန်းနေကြသော ပရဟိတအသင်းများကိုလည်း ကျေးဇူးတင်နေကြရသည်။

အထူးသဖြင့် ရာသီမရွေး၊ နေ့ညမရွေး၊ နေရာမရွေး အကူအညီပေးနေကြသောအသင်းများမှာ "**နာရေးကူညီမှုအသင်းများ**"ပင် ဖြစ်ကြသည်။ နာရေးကူညီမှုအသင်းများသည် ဝမ်းနည်းကြေကွဲသူများကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီနေကြရင်းက အပူမီး၊ သောကမီးကို လျော့နည်းစေအောင် စွမ်းဆောင်ပေးနေကြသော စွမ်းဆောင်ရှင်များဖြစ်ကြသည်။

နာရေးကူညီမှုအသင်းများ၏ အကျိုးကျေးဇူးအထူးထူးကို မုဒိတာပွားနေရင်းက အိန္ဒိယနိုင်ငံမှ နာရေးဒုက္ခသည်များ၏ ရင်နင့်စရာဖြစ်ရပ်ကိုပြန်လည်သတိရသွားခဲ့သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်က ထုတ်ဝေခဲ့သော "**မချိုမနေ့စဉ်သတင်းစာ**" နိုင်ငံတကာသတင်းကဏ္ဍမှာဖော်ပြထားသည့်သတင်းဖြစ်သည်။ ထိုသတင်းထဲတွင် "အိန္ဒိယနိုင်ငံဂင်္ဂါမြစ်ရဲ့ မြစ်လက်တက်တစ်ခုမှာ ဇန်နဝါရီ ၁၄ ရက်က ရုပ်အလောင်း ၈၀ ခန့်မျောပါလာတာကိုတွေ့ရှိခဲ့တာကြောင့် နိုင်ငံမှာ သန်းပေါင်းများစွာသောဟိန္ဒူတို့ သေဆုံးသူတွေကိုမီးသင်္ဂြိုဟ်မှုတွေလုပ်ဆောင်နေကြသည့်ဒေသရှိ အသက်သွေးကြောမြစ်ရဲ့ သန့်ရှင်းမှုအပေါ် စိုးရိမ်ပူပန်မှုမြင့်တက်လာကြောင်း၊ အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ်ရှိ မီးသင်္ဂြိုဟ်သောဇရိယာအနီး ဂင်္ဂါမြစ်၏ မြစ်လက်တက်တစ်ခုအတွင်းမှာ ထိုအလောင်း ၈၀ ကို တွေ့ခဲ့ကြကြောင်း၊ နိုင်ငံအတွင်းမှာ မီးသင်္ဂြိုဟ်စရိတ်မတတ်နိုင်တဲ့ ဆင်းရဲနွမ်းပါးသူတွေက မြစ်အတွင်းကို အလောင်းတွေကို မျှောချခဲ့တာဖြစ်နိုင်ကြောင်း၊ ရုပ်သံပြကွက်တွေထဲမှာ ရေစီးအတိုင်းမျောပါလာတဲ့ ပုပ်ပွနေတဲ့အလောင်းတွေကို ခွေးတွေ၊ ငှက်တွေက စားသောက်နေကြပုံကို တွေ့မြင်နေကြရကြောင်း၊ လက်ရှိမြင်တွေ့နေကြရတာက ရုပ်အလောင်း ၈၀ ခန့်သာဖြစ်ပေမယ့် ဒီထက်မက များပြားနိုင်ကြောင်း၊ အခုအချိန်က ရေကျချိန်မို့ အလောင်းတွေပေါ်လာကြောင်း၊ အလောင်း ၁၀၀ ဝန်းကျင်အထိ ရှိလာနိုင်ကြောင်း"ဖော်ပြခဲ့သည်။

ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၏ လူဦးရေမှာ သန်း ၁၁၀ ကျော်ရှိရာ မြန်မာနိုင်ငံ၏ လူဦးရေထက်နှစ်ဆ

❖ နယ်မြို့တစ်မြို့နယ်မှာ နာရေးကူညီမှုအသင်းရုံး ဆောက်လုပ်ပြီး နိဗ္ဗာန်ယာဉ်ထားရန် မြို့အဝင် ရပ်ကွက်တစ်ခုဘေး လမ်းဘေးကို နေရာရွေးချယ်ခဲ့ကြသည်။ ပန္နက်ရိုက်၊ အုတ်မြစ်ချနေစဉ်တွင် ရပ်ကွက်သူ၊ ရပ်ကွက်သားများက ကန့်ကွက်စာတင်ကြသည်။ ပစ်စာဟုလည်း ပြောကြသည်။ မြို့ခံဆရာတော်ကြီးများနှင့် မြို့မိမြို့ဖများ၊ နာရေးကူညီမှုအသင်း အမှုဆောင်၊ လူကြီး၊ လူငယ်များက ထိုရပ်ကွက်က တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းခဲ့ကြသည်။ နားလည်မှုလွဲပြီး မပြေမလည်ဖြစ်လာခဲ့ကြသည်။ နာရေးကူညီမှုအသင်းမှ အမှုဆောင်များက စိတ်ဓာတ်ကျကုန်ကြပြီး ဆက်မလုပ်ကြတော့ဘူး။ ❖

ခန့်များပြားနေသည်။ အိန္ဒိယနိုင်ငံ၏ ဆင်းရဲမှုအများဆုံးပြည်နယ်လည်းဖြစ်သည်။ မြတ်ဗုဒ္ဓတန်ခိုးကြောင့် ဂယာလေဆိပ်ဖြစ်ပေါ်လာပြီး ဗုဒ္ဓဘာသာဝင်များရှိသောနိုင်ငံတိုင်းက လာရောက်ဖူးမြော်လေ့လာနေကြခြင်းကြောင့်သာ ဂယာသည် စည်ကားနေခြင်းဖြစ်သည်။ လူနေမှုစရိုက်နှင့်ဆင်းရဲမှုကိုစာဖွဲ့လျှင်ကုန်နိုင်ဖွယ်မရှိပေ။ ကျေးရွာများတွင် အိမ်သာမရှိကြသဖြင့် ဘုရားဖူးအဖွဲ့များသည် လမ်းမှာကားရပ်ပြီး အပေါ့အပါးသွားချင်လျှင် ချီး(ချေးပုံ)များကို မြေသိုင်းလိုသိုင်းကွက်နင်း ရှောင်ကွင်းခဲ့ကြရသည်။ ကျေးရွာများတွင် အိမ်သာမရှိကြတော့ နီးစပ်ရာချုံပုတ်များကို အကာအကွယ်ယူပြီး ကျင်ကြီး၊ ကျင်ငယ်စွန့်ရန်သွားလာကြရင်းက မိန်းကလေးတချို့ အမွှကျင့်သတ်ဖြတ်ခံခဲ့ကြရသည်။ ယခုမှ အိမ်တိုင်းအိမ်သာဆောက်ကြရန် လှုံ့ဆော်နေကြသည်။ လူနေမှုဆင်းရဲကျပ်တည်းနေကြသလို ကျန်းမာရေးအသိပညာလည်း အားနည်းနေကြသေးသည်။

အိန္ဒိယနိုင်ငံရှိ နယူးဒေလီ၊ ဘုံဘေ၊ ကိုးလ်ကတ္တား၊ မွန်ဘိုင်းမြို့တို့သည် မြန်မာနိုင်ငံထက် များစွာသာလွန်သည်။ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်နေပြီး ကွန်ပျူတာပညာရပ်များကိုတောင် အခြားနိုင်ငံများက လာရောက်လေ့လာသင်ကြားနေကြရသည်။ ယခုလူနေမှုခေတ်နောက်ကျနေသည်က ဥတ္တရာပရာဒေ့ရှ်ပြည်နယ်ပါ။ ထိုပြည်နယ်မှာ အိမ်တိုင်းအိမ်သာဆောက်လုပ်ထားရှိကြရန် လှုံ့ဆော်နေကြရသည်။ မြန်မာနိုင်ငံက အိမ်သာရှိုးရှိုးမဟုတ်ဘဲ ရေလောင်းအိမ်သာထားရှိကြရန် လှုံ့ဆော်ပညာပေးနေကြသည်။ မြန်မာနိုင်ငံထက် ပိုမိုတိုးတက်နေသော ထိုင်းနိုင်ငံတွင် ရေလောင်းအိမ်သာအဆင့်ထက် ကျော်သွားပါပြီ။ "**ခေတ်မီသူတိုင်း ဘိုထိုင်အိမ်သာဆောက်လုပ်ကြဖို့**" လှုံ့ဆော်ပညာပေးနေကြသည်။ အသက် ၄၀ ပြည့်ပြီးသူ အမျိုးသား၊ အမျိုးသမီးများသည် အသက်အရွယ်နှင့် ခန္ဓာကိုယ်အနေအထားအရ ဒူးဆစ်များနာကျင်မှုဒုက္ခ၊ ဒူးဝေဒနာကင်းဝေးစေရေးအတွက် "**ဘိုထိုင်အိမ်သာ**"များထားရှိကြရမည်ဟု ကျန်းမာရေးရှုထောင့်အမြင်နှင့် ခေတ်မီအောင်လုပ်ဆောင်နေကြပါပြီ။

အိန္ဒိယနိုင်ငံ၏ ဆင်းရဲလှသော ဥတ္တရာပရာဒေ့ရှ်ပြည်နယ်သည် ဆင်းရဲကျပ်တည်းပြီး အသိပညာနည်းသဖြင့် အိမ်သာများမရှိကြသလို လူသေအလောင်းများကို ရေထဲမျှောခြင်းက တော်တော်ဆိုးရွားချို့တဲ့လွန်းသောအခြေအနေရောက်နေကြ၍သာ ထိုသို့ဖြစ်ရသည်ဟု ယူဆရတော့မည်။ မြန်မာနိုင်ငံတွင် "**နာရေးကူညီမှုအသင်းများနှင့်လူမှုရေးပရဟိတအသင်းများ**"များပြားလာသည်ကို ဂုဏ်ပြုချီးကျူးကြသင့်သည်။ အလေးထားအားပေးအသိအမှတ်ပြုကြရပေလိမ့်မည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုသော ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထားနေကြသော ဗုဒ္ဓဘာသာဝင်အများဆုံးရှိသည့် မြန်မာနိုင်ငံတွင်ဖြစ်၍ ယခုကဲ့သို့ "**နာရေးကူညီမှုအသင်းများနှင့် လူမှုရေးပရဟိတအသင်းများ**"ပေါ်ပေါက်လာခြင်းဖြစ်သည်။

တချို့ရွာများတွင်လည်း နာရေးကူညီမှုအသင်းများကို တစ်နိုင်တစ်မဖွဲ့စည်းထားကြသည်။ ရွာသချိုင်းများထဲတွင်ပဲ နိဗ္ဗာန်ယာဉ်များ၊ မီးသင်္ဂြိုဟ်စက်များထားရှိနေကြပါပြီ။ တကယ်တွေးကြည့်လျှင် နာရေးရှင်တိုင်းသည် အပူသည်များဖြစ်ကြသည်။ ချမ်းသာသူလည်း ပူဆွေးငိုကြွေးကြရသည်။ ဆင်းရဲသူလည်းပူဆွေးငိုကြွေးကြရသည်။ ပုထုဇဉ်လူသားများဖြစ်၍ တရားမရကြသေးတော့ သွေးသားထဲကဆုံးပါးသွားကြလျှင် "**ကိသာဂေါတမီနှင့်ပဋာစာရီ**"တို့လောက် ရူးသွပ်မတတ်ငိုကြွေးတမ်းတမှုမရှိကြသော်လည်း အတိုင်းအတာတစ်ရပ်အနေနှင့် ပူဆွေးငိုကြွေးကြရစမြဲပါ။ ပိုဆိုးသည်က တချို့ဆင်းရဲကျပ်တည်းကြသူများသည် လူကသော၊ အကြွေးက ပတ်လည်ဝိုင်း အသုဘမြေချဖို့ကလည်း မရှိကြတော့ တစ်ပူပေါ် နှစ်ပူဆင့် အပူများဝိုင်းနေကြသည်။ အရပ်ကောင်းမှ အလောင်းလှရသည့်ဘဝများပါ။ ထိုအပူသည်များ၏မျက်ရည်ကို ကရုဏာနှင့် ဆေးကြောဖယ်ရှား၊ စွန့်လွှတ်စွန့်စားနေကြသူများမှာ "**နာရေးကူညီမှုအသင်းက အမှုဆောင်များ**"ပင် ဖြစ်ကြသည်။

နာရေးကူညီမှုအသင်းတစ်သင်း၏ ဂုဏ်သတင်းကို ဖတ်ရှုမှတ်သားခဲ့ရသည်။ ရပ်ကွက်တစ်ရပ်ကွက်ထဲတွင် အဘိုးကြီး၊ အဘွားကြီးဇနီးမောင်နှံနှစ်ဦးရှိသည့်အထဲက အဘိုးကြီးသေဆုံးသွားတော့ အဘွားကြီးက မည်သူ့ကိုမျှ အသိမပေးခဲ့ပေ။ ကျိတ်ပြီး ငိုရှိုက်နေခဲ့သည်။ သားသမီးကလည်း တစ်ယောက်မျှမရှိ။ ဆွေမျိုးသားချင်းလည်း ရှိကြပုံမပေါ်ပေ။ ဘာသိဘာသာနေထိုင်နေကြရင်းက အပုပ်နံ့ထွက်လာတော့မှ ဘေးအိမ်များက ရိပ်စားမိပြီး တစ်ရပ်ကွက်လုံးသိသွားခဲ့ကြသည်။ ထိုအခါမှရပ်မိရပ်ဖများက ရပ်ကွက်ထဲတွင် သဒ္ဓါကြေးစုဆောင်းပြီး အသုဘကို ချပေးခဲ့ကြသည့်အပြင် ရက်လည်ဆွမ်းကိုလည်း ဆက်ကပ်လှူဒါန်းပေးခဲ့ကြသည်။ ခိုကိုးရာမဲ့အဘွားကြီးကို လူမှုဝန်ထမ်းဌာနနှင့်ဆက်သွယ်ပြီး ဘိုးဘွားရိပ်သာကို ပို့ပေးခဲ့ကြသည်။ ထိုဖြစ်ရပ်သင်ခန်းစာကိုအခြေခံပြီး ရပ်ကွက်နာရေးကူညီမှုအသင်းဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ယခုတိုးတက်နေပြီဖြစ်ကြောင်း သိရသည်။

သို့သော် အချို့နေရာဒေသများတွင် ရှေးအယူသီး၊ အစွဲကြီး၊ အစွန်းရောက်လွန်းသူများက ရှိနေကြဆဲပါ။ လွန်ခဲ့သောခြောက်နှစ်ခန့်က ရန်ကုန်မြို့တွင် စီးပွားရေးလုပ်ငန်းအဆင်ပြေနေကြသော ဇနီးမောင်နှံသည် သူတို့ဇာတိကျေးရွာကို ကျေးဇူးဆပ်ချင်ကြသည့် စေတနာ၊ မေတ္တာနှင့် အမှတ်တရအလှူဒါနပြုလုပ်ချင်ကြောင်း၊ ရပ်မိရပ်ဖများနှင့် ရွာဦးဘုန်းတော်ကြီးဆရာတော်ကို လျှောက်ထားပြောကြားခဲ့ရာ ခေတ်မီသောရွာဦးဆရာတော်က ကျေးရွာအဆင့်ဂုဏ်တင့်အောင် နာရေးရှင်များအတွက် သတ္တုခေါင်းတစ်ခုအပြင် အသုဘလှည်းအသစ်တစ်စီးကိုလည်း လှူဒါန်းရန်ပြောကြားချက်အရ ငွေကျပ်ကိုးသိန်းခန့် အကုန်အကျခံပြီး လှူဒါန်းခဲ့သည်။ မကြာမီတွင် ရွာထဲက အဘွားကြီးတစ်ဦး လူအိုနာရောဂါဝေဒနာကြောင့် ကွယ်လွန်အနိစ္စရောက်သွားခဲ့သည်။ ဘုန်းတော်ကြီးကျောင်းတွင်ရှိသော သတ္တုခေါင်းအသစ်၊ အသုဘလှည်းအသစ်နှင့် အသုဘချပေးခဲ့ကြသည်။ ထိုသို့ကူညီသည်ကို တချို့က အခေါင်းသစ်၊ အသုဘလှည်းသစ်ကြောင့် ရွာကိုခိုက်ကြောင်း၊ ထို့ကြောင့်ထိုအခေါင်းသစ်၊ လှည်းသစ်ကို ရွာဦးဘုန်းတော်ကြီးကျောင်းထဲတွင်မထားဘဲ သင်္ချိုင်းကုန်းထဲရွှေ့ထားပါဟု တောင်းဆိုခဲ့ကြသည်။ ရွာဦးဆရာတော်က တရားပြနားချသော်လည်း မရပေ။ ရွာသူရွာသားများ၏အားကို ရွာဦးဆရာတော်ကလည်း မလွန်ဆန်နိုင်တော့ဘဲ သတ္တုခေါင်းနှင့် အသုဘလှည်းကို ရွာပြင်သင်္ချိုင်းထဲ ရွှေ့ထားခဲ့ရသည်။ အလှူရှင်က နာရေးဇရပ်ဆောက်ပေးချင်သော်လည်း နောက်တွန့်သွားခဲ့ရသည်။ စေတနာသည် ဝေဒနာဖြစ်သွားရသည်။

နောက်ထပ် နယ်မြို့တစ်မြို့နယ်မှာ နာရေးကူညီမှုအသင်းရုံးဆောက်လုပ်ပြီး နိဗ္ဗာန်ယာဉ်ထားရန် မြို့အဝင် ရပ်ကွက်တစ်ခုဘေး လမ်းဘေးကို နေရာရွေးချယ်ခဲ့ကြသည်။ ပန္နက်ရိုက်၊ အုတ်မြစ်ချနေစဉ်တွင် ရပ်ကွက်သူ၊ ရပ်ကွက်သားများက ကန့်ကွက်စာတင်ကြသည်။ ပစ်စာဟုလည်း ပြောကြသည်။ မြို့ခံဆရာတော်ကြီးများနှင့် မြို့မိမြို့ဖများ၊ နာရေးကူညီမှုအသင်းအမှုဆောင်၊ လူကြီး၊ လူငယ်များက ထိုရပ်ကွက်က တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းခဲ့ကြသည်။ နားလည်မှုလွဲပြီး မပြေမလည်ဖြစ်လာခဲ့ကြသည်။ နာရေးကူညီမှုအသင်းမှ အမှုဆောင်များက စိတ်ဓာတ်ကျကုန်ကြပြီး ဆက်မလုပ်ကြတော့ဘူး။ နာရေးကူညီမှုအသင်းကိုလည်း ဖျက်သိမ်းသည်ဟု ကြေညာလိုက်ကြသည်။ ထိုအချိန်တွင် ရပ်ကွက်တစ်ကွက်က နာရေးပေါ်လာခဲ့သည်။ နာရေးကူညီမှုအသင်း ဖျက်သိမ်းလိုက်ပြီဖြစ်၍ မြို့နယ်ထဲက နာရေးကူညီမှုအသင်းဝင် အမျိုးသမီးများက အသုဘကို ထမ်းချမည်လုပ်ကြသဖြင့် ဆရာတော်ကြီးများက ဝင်ပြီးတားဆီးမေတ္တာရပ်ခံခဲ့ရသည်။ ယခုတော့ အားလုံးအဆင်ပြေသွားကြပြီဟု ကြားသိရသည်။

အချို့က နာရေးကူညီမှုအသင်းရုံးကို မြို့ထဲတစ်နေရာရာတွင်ဖွင့်ထားပြီး နိဗ္ဗာန်ယာဉ်ကို သုသာန်ထဲမှာပဲထားလျှင်မဖြစ်ဘူးလားဟု မေးကြည့်တော့မဖြစ်ဘူးတဲ့။ ညဘက်တွင် နာရေးပေါ်လျှင်၊ ယာဉ်တိုက်မှုဖြစ်ပွားလျှင် နာရေးကူညီမှုအသင်းကို အကူအညီတောင်းခံကြသည်တဲ့။ ကားကို သုသာန်ထဲတွင်ထားလျှင် ညဘက်၌ ကားသွားယူရန်ခက်ခဲသည်တဲ့။ နိဗ္ဗာန်ယာဉ်ကို လူတိုင်းမမောင်းချင်ကြဘူးတဲ့။ နိဗ္ဗာန်ယာဉ်မောင်းသူဆိုလျှင် ကားအုံနာ၊ ကားပိုင်ရှင်များက သူတို့ကားများကို ပေးမမောင်းချင်ကြတော့ဘူးတဲ့။ ကားမောင်းရမှ ထမင်းစားနေကြရသည့် ရိုးရိုးသားသားယာဉ်မောင်းများသည် စေတနာ၊ ကရုဏာအရ နိဗ္ဗာန်ယာဉ်ကို ကူညီပြီးမောင်းပေးချင်ကြသော်လည်း ကားပိုင်ရှင်များက အလုပ်မပေးလျှင် ထမင်းငတ်မည်ကြောက်ပြီး မိသားစုစားဝတ်နေရေး ထိခိုက်မည်စိုး၍ ဝေးဝေးကရှောင်နေကြပြီတဲ့။ ထို့ကြောင့် တချို့ကလည်း "**နာရေးကူညီမှုအသင်း**"ဟု နာမည်မတပ်ကြတော့ဘဲ "**မေတ္တာရှင်၊ ကရုဏာရှင် လူမှုရေးအသင်း**"ဟု နာမည်ပြောင်းလာကြသည်။

နိဗ္ဗာန်ယာဉ်မောင်းကိုပါ သုဘရာဇာစာရင်းသွင်းပြီး လူရာမဝင်အောင် ပိတ်ဆို့တားဆီးချင်ကြသူများရှိနေသည်။ "**မသာတစ်ခေါက်၊ ကျောင်းဆယ်ခေါက်**" ဆိုသည့် "**မရဏာနုဿတိကမ္မဋ္ဌာန်းစီးဖြန်းမှု**"ကို မသိကြ၍သာ အယူသီးနေကြခြင်းဖြစ်သည်။

"**တစ်နေ့ကွယ်သေနယ်သို့တစ်ခါကူး၊ မေ့လျော့ကာ၊ မသေဘူးရယ်လို့၊ မထင်လိုက်ပါနဲ့၊ နေကွယ်တာအကြိမ်များရင်၊ သေနယ်ကို၊ တစ်ခါသွားရမယ်၊**

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံ့သွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# နိုင်ငံသားအလုပြကြစို့

- ကမ္ဘာတွင်တို့လူမျိုး
ဂုဏ်သိမ်မည်းတင့်တယ်စေ၊
ပြည်သာယာတိုးတက်မှုလည်း
ရှေးရှုကာလေ၊
"ပြည်သူ့စစ်မှုထမ်းဥပဒေ"
ဖော်ဆောင်ပြီတည့်၊
လေ့လာစဉ်းစား၍ သုံးသပ်တော့
သင့်မြတ်လှ၏။

- တိုင်းပြည်၏လက်ရုံးအလား
တင်စားဖွယ်တပ်မတော်မှာ၊
ပြည်သူတွေပါဝင်မှုဖြင့်
အားပြုသောခါ၊
ယခင်ထက်ပိုမိုကာ
ပြည်သာယာဖွံ့ဖြိုးရေး၊
ဆတက်ထမ်းပိုးဖော်ဆောင်အား
ဖွံ့ထွားမည်လေး။

- နိုင်ငံတော်ကာကွယ်ရေးအတွက်
အားဖြည့်ပေးခြင်းလည်းမည်ပေ၊
စစ်မှုထမ်းဆောင်ခြင်း
ဆောင်ကြဉ်းကာလေ၊
နိုင်ငံ၏ဘေးဘယာတွေ
ကင်းစင်ပပျောက်စေဖို့၊
မောင်ငယ် ညီမငယ်တို့ရေ
တို့တစ်တွေနိုင်ငံသားအလှ
ပြကြပါစို့။ ။

**အင်ကြင်းသူ(နေပြည်တော်)**

# ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၁၈၃ ဧက စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၁၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။



ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၁၇၉ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၁၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးပြီးသော စားဖိုဆောင်သီးနှံ ၄၁၈၃ ဧကတွင် ငရုတ် ၁၂၈၅ ဧက၊ ကြက်သွန်နီ ၁၁၂၅ ဧက၊ ကြက်သွန်ဖြူ ၂၈ ဧက၊ ဟင်းသီးဟင်းရွက် ၁၇၄၅ ဧက စုစုပေါင်း ၄၁၈၃ ဧကဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံ ၄၁၇၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ စားဖိုဆောင်သီးနှံ ၄၁၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံတွေစိုက်ပျိုးရာမှာ ဒေသခံတောင်သူတွေက ဈေးကွက်ရှိပြီး ဈေးကောင်းရရှိတဲ့ စားဖိုဆောင်သီးနှံတွေကို ရွေးချယ်စိုက်ပျိုးကြပါတယ်။ သီးနှံတွေစိုက်ပျိုးရာမှာ ဒေသခံတောင်သူတွေ အခက်အခဲမဖြစ်စေဖို့ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းတွေက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးဖို့၊ သီးနှံတွေမှာ အစားအစာဘေးကင်းလုံခြုံစေဖို့အတွက် GAP နည်းစနစ်တွေနဲ့အညီ စိုက်ပျိုးနိုင်ဖို့၊ သဘာဝပိုးသတ်ဆေးနဲ့ သဘာဝမြေဩဇာတွေကို စနစ်တကျအသုံးပြုတတ်စေဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့အတွက် စိုက်ပျိုးရေးနည်းပညာတွေကို ကူညီဆောင်ရွက်ပေးထားပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

➤ စာမျက်နှာ ၄ မှအဆက်

**တားမရဘူး**"ဆိုသော အသုဘရှုမွှသံဝေဂလင်္ကာကလေးကို ထိုလူများကို ပေးပြီး နေ့စဉ်ရွတ်ဆိုစေချင်သည်။ မရဏာနုဿတိ၊ အသိသတိရှိကြစေရန်အတွက် **"လောကခေတ်နံ၊ ဤလူ့ဘုံ၌၊ မျိုးနံကကြ၊ မာန်မာနနှင့်၊ ငါကရာဇာ၊ ငါကသူဌေး၊ ငါပဂေးဟု၊ ငါသွေးတက်ကြွ၊ ယစ်မူးကြကာ၊ တဏှာဘီလူး၊ အမှောင့်ပူးသော်၊ ကျူးကျူးကျော်ကျော်၊ ဂုဏ်ကိုဖော်၍၊ မော်မော်မောက်မောက်၊ ငါတစ်ယောက်သာ၊ မိုးအောက်တစ်လွှား၊ ရှေ့ကိုယ်လားဟု၊ ထင်မှားမက်လွဲ၊ သို့စဉ်ခွဲလည်း၊ ခေတ်ပွဲပြီးက၊ ပြည်ဖုံးချသော်၊ သုဘရာဇာ၊ မြေအောက်မှာပင်၊ ဘာသာလူမျိုး၊ ရိုန်မထိုးဘဲ၊ ပုပ်သိုးစေ့ွာ၊ မြုပ်ရရှာသည်၊ ဘယ်မှာငါဟု၊ ရှိအုံ့နည်း**"ဆိုသော မမွှသံဝေဂကဗျာကိုလည်း လက်ကမ်းဝေပေးချင်ပါသည်။

**"မသွားဘဲ နီးနီးလာတာက သုသာန်၊ သွားပါလျက်နဲ့ ဝေးနေသေးတာက နိဗ္ဗာန်"**

**"ငါသည်မုချသေရမည်၊ အချိန်ပိုင်းသာလိုတော့သည်"**

**"မသေခင်ဟုတ်၊ သေလျှင်ပုပ်၊ အနှစ်မပါ၊ ငါ့ခန္ဓာ"**

**"ဘဝသံသရာ၊ ဤကွန်ရှာဝယ်၊ ဆုံလာစဏ၊ ကြုံတွေ့ရလည်း၊ မသွေတစ်နေ့၊ တရွေ့ရွေ့လျှင်၊ မုန်းမေ့ကြေကွဲ၊ မျက်ရည်ဝဲနှင့်၊ ခွဲရမည်မှာ၊ ဓမ္မတာတည်း"**

**"ဟိုတစ်နေ့ကသေ၍ လူပြည်သို့ဧည့်သွားရောက်၊ စိတ်နေမမောက်ကြနှင့် စိတ်နေမောက်က အရင်းပျောက်လိမ့်မည်"**

**"သက်တမ်းစပ်တိုတိုလေးမှာ၊ စပ်ခိုခိုလုပ်နေမယ်ဆိုရင်၊ အသေဆောသွားရင်၊ ကိုယ်ကျိုးနည်းသွားလိမ့်မယ်"**

**"အို၊ နာ၊ သေ၊ ကွဲ၊ တွေ့ကြုံမြဲ၊ မလွဲငါ့ကံ၊ ငါ့စိမ်"**

**"ဟို အဘိုးကြီး(အဘွားကြီး) ပြက်တီးပြက်ချော်၊ အသက်ကြီးမှ မြေးတွေနဲ့ပျော်။ ပျော်ရင်းပျော်ရင်း၊ သေမင်းကခေါ်၊ သူ့အတွက်၊ ဘဝနှာသနော်၊ တရားအလုပ် အားထုတ်နိုင်မှတော်"**

**"မီးခွဲလောင်မှ၊ ရေကိုတသော်၊ မရဖြစ်အင်၊ ပုံနှိုင်းယှဉ်၍၊ မဂ္ဂင်သနွေ၊ တည်မြဲနေအောင်၊ မသေခင်က၊ ပြင်ဆင်တောက်လျှောက်၊ မေ့မပျောက်နှင့်၊ ရွှေပေါက်ယိုစီး၊ သေခါနီးဝယ်၊ အပြီးမုချ၊ မင်္ဂကိုရလိမ့်"**စသည့် အသုဘရှုသံဝေဂတရားလင်္ကာကလေးများကို မျှဝေပြီး အများသူငါ၊ တရားရကြစေချင်သည်။ ယခုတော့ လူအချို့သည် မာန်မာနများခက်ထန်၊ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို မခွဲခြားတတ်ကြပေ။ ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်ပဲအလှပြင်ပြင်၊ အိမ်သာတက်တော့ ဇာတိရုပ်ပေါ်လာကြသည်။

"ခန္ဓာကိုယ်ဟာ အနာစိမ်းနဲ့တူတယ်။ အနာစိမ်းဟာ ပြည်တွေ၊ တစိမ့်စိမ့်ယိုထွက်နေသလို ကျင်ကြီးကျင်ငယ်၊ မျက်ချေး၊ နှပ်၊ တံတွေးတွေကလဲ ခန္ဓာကိုယ်ထဲကနေ နေ့စဉ်ထွက်နေတာပဲ။ ခန္ဓာကိုယ်ကို အလှပြင်နေကြတာဟာ အနာကိုမမြင်အောင် ဖုံးကွယ်ထားတာနဲ့ အတူတူပဲ။ ပုထုဇဉ်တွေဟာ အနာသက်သာဖို့ထက် အနာလှပဖို့ပဲ ဦးစားပေးနေကြတာကြောင့် ပတ်တီးဖိုးရှာရင်း၊ အနာအလှပြင်ရင်း အချိန်တွေကုန်နေကြတယ်။ အနာကို အလှပြင်နေကြသလို တရားဆေးလဲထည့်ပေးဖို့ မမေ့ကြပါနဲ့။ ရုပ်လှပြီး စိတ်မလှရင် မသာကို အလှပြင်ထားကြသလိုပါပဲ။ အရေးကြီးတာက အသေလှအောင် ကျင့်ကြံနေထိုင်ကြဖို့ဆိုတဲ့ တရားသံဝေဂတွေရနေကြမယ်ဆိုရင် အပုပ်ကောင် ရုပ်ဆောင်နေကြသူအချင်းချင်းကို မနိမ့်ချကြပါနဲ့။ မပုတ်ခတ်ကြပါနဲ့"ဟူသော သံဝေဂလင်္ကာ၊ ဆိုဆုံးမဩဝါဒများကို မျှဝေပေးချင်သည်။

မည်သို့ပင်ဆိုဆို **"နာရေးကူညီမှုအသင်းများ"** တစ်နည်းအားဖြင့် **"မေတ္တာရှင်၊ ကရုဏာရှင် လူမှုရေးအသင်းများ"** ခိုင်မြဲပြန့်ပွားတိုးတက်ကြစေချင်ပါသည်။

# ပုသိမ်မြို့နယ် ထန်းကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ပုသိမ် ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ထန်းကုန်းကျေးရွာအုပ်စု ထန်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါနှင့် တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ထန်းကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိ ဒေါ်ဝါဝါက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထန်းကုန်းကျေးရွာ၌ အရှည် ၆၇၅ ပေ၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်းငွေကျပ်သိန်း ၁၃၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း၏ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးအရာရှိထံမှ သိရသည်။

# နိုင်ငံတကာ သတင်းများ

## ဂါဇာဒေသ၌ အပစ်အခတ်ရပ်စဲပေးရန် ကနေဒါ၊ ဩစတြေးလျနှင့် နယူးဇီလန်တို့တောင်းဆို

**အော့တာဝါ ဖေဖော်ဝါရီ ၁၅**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြောင်းရင်းများအရ ဂါဇာဒေသအပစ်အခတ် ချက်ချင်းရပ်စဲပေးရန် ကနေဒါ၊ ဩစတြေးလျနှင့် နယူးဇီလန်ခေါင်းဆောင်များက ယနေ့တွင် တောင်းဆိုခဲ့ကြကြောင်း သိရသည်။

အစ္စရေးစစ်ဘက်က ဂါဇာတောင်ပိုင်း ရာဖာမြို့ကို ထိုးစစ်ဆင်ရန်ပြင်ဆင်နေကြောင်း သတင်းများ ပေါ်ထွက်လာပြီးနောက် ကနေဒါ၊ ဩစတြေးလျနှင့် နယူးဇီလန်ခေါင်းဆောင်များက ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေးကိုတောင်းဆိုခဲ့ကြခြင်းဖြစ်သည်။

ရာဖာမြို့ကို မြေပြင်ထိုးစစ်ဆင်ရန် အစ္စရေးစစ်ဘက်စီစဉ်နေသည်ဆိုသောသတင်းများကြောင့် မိမိတို့စိတ်ပူနေကြောင်း ကနေဒါ၊ ဩစတြေးလျနှင့်နယူးဇီလန်ခေါင်းဆောင်များ၏ ပူးတွဲကြေညာချက်၌ ဖော်ပြထားသည်။

သို့သော် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြောင်းရင်းများအရ ဂါဇာဒေသ၌ အပစ်အခတ် ချက်ချင်းရပ်ပေးရန် ကနေဒါ၊ ဩစတြေးလျနှင့် နယူးဇီလန်ဝန်ကြီးချုပ်များက တောင်းဆိုထားသည်။

ရာဖာမြို့သည် စစ်ဘေးရှောင်ပါလက်စတိုင်း ဒုက္ခသည်များ နောက်ဆုံးခိုလှုံနိုင်ရာ ဂါဇာမြို့ဖြစ်သည်။

အရပ်သားများကို ထွက်ခွာခွင့်ပေးပြီးနောက် ရာဖာမြို့ကို ထိုးစစ်ဆင် တိုက်ခိုက်မည်ဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ဂျိုးဘိုင်ဒင် ထပ်မံအနိုင်ရရှိရေးကို ပိုလိုလားကြောင်း ရုရှားသမ္မတပူတင် ပြောကြား



**မော်စကို ဖေဖော်ဝါရီ ၁၅**

အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ရီပတ်ဘလီကန်သမ္မတဟောင်း ဒေါ်နယ်ထရန့် ထပ်မံအနိုင်ရရေးထက် လက်ရှိဒီမိုကရက်တစ်သမ္မတဂျိုးဘိုင်ဒင် ထပ်မံအနိုင်ရရှိရေးကို မိမိလိုလားကြောင်း ရုရှားသမ္မတပူတင်က ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံပိုင် ရုပ်သံဌာနတစ်ခုနှင့်ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းခန်းတွင် သမ္မတပူတင်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒီမိုကရက်တစ်သမ္မတ ဂျိုးဘိုင်ဒင်သည် အတွေ့အကြုံကြီးမားသူ၊ ခန့်မှန်းရလွယ်သူ အမေရိကန်နိုင်ငံခေါင်းဆောင်ဖြစ်ရာ အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ဒေါ်နယ်ထရန့်ထက် ဂျိုးဘိုင်ဒင်အနိုင်ရရေးကို မိမိပိုလိုလားသည်ဟု ရုရှားသမ္မတက ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါသုံးသပ်ချက်သည် ယခုနှစ် နိုဝင်ဘာလတွင်ကျင်းပမည့် အမေရိကန်သမ္မတ ရွေးကောက်ပွဲနှင့်ပတ်သက်၍ သမ္မတပူတင်က ပထမဆုံးအကြိမ် ပြောကြားခဲ့သည့် သုံးသပ်ချက်ဖြစ်သည်။

လက်ရှိအချိန်တွင် ရုရှားနှင့် အမေရိကန်နိုင်ငံတို့ကြား နှစ်နိုင်ငံဆက်ဆံရေး အခြေအနေသည် ယူကရိန်းပြဿနာကို အကြောင်းပြု၍ နှစ်ပေါင်း ၄၀ ကျော်အတွင်း အဆိုးဆုံးအခြေအနေသို့ ရောက်ရှိနေသည်။

ယခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် သမ္မတ ဂျိုးဘိုင်ဒင်နှင့်ရီပတ်ဘလီကန်သမ္မတဟောင်း ဒေါ်နယ်ထရန့်တို့ ထပ်မံရင်ဆိုင်ကြရဖွယ်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ကမ္ဘာ့စီးပွားရေးအင်အား တတိယအကြီးဆုံးနိုင်ငံအဖြစ်မှ ဂျပန်ကျဆင်း



**တိုကျို ဖေဖော်ဝါရီ ၁၅**

၂၀၂၃ ခုနှစ် နောက်ဆုံးသုံးလအတွင်း စီးပွားရေးတန်ဖိုးကျုံ့ဝင်ခဲ့ရသည့် ဂျပန်နိုင်ငံသည် စတုတ္ထမြောက် ကမ္ဘာ့စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံအဆင့်သို့ကျရောက်ခဲ့ရပြီး ဂျာမနီနိုင်ငံက ကမ္ဘာ့စီးပွားရေးအင်အား တတိယအကြီးဆုံးနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလနှင့် ဒီဇင်ဘာလကြား သုံးလတာကာလအတွင်း ဂျပန်စီးပွားရေးတန်ဖိုးမှာသုည ဒသမ လေးရာခိုင်နှုန်းကျုံ့ဝင်ခဲ့ရကြောင်း ဂျပန်အစိုးရကထုတ်ပြန်သော စာရင်းဇယားများအရ သိရသည်။

သို့သော် ၂၀၂၃ ခုနှစ် နောက်ဆုံးသုံးလတာ ကာလအတွင်း စီးပွားရေးတန်ဖိုး ကျုံ့ဝင်မှုနှင့် ရင်ဆိုင်ခဲ့ရသည့် ဂျပန်နိုင်ငံသည် ကမ္ဘာ့စီးပွားရေးအင်အား တတိယအကြီးဆုံးနိုင်ငံဘွဲ့ကို စွန့်လွှတ်ခဲ့ရပြီး ဥရောပ၏စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်သည့် ဂျာမနီနိုင်ငံက ယင်းဘွဲ့ကို လက်လွှဲရယူခဲ့သည်။

ဂျပန်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်ထိတိုင် အမေရိကန်နိုင်ငံပြီးလျှင် ကမ္ဘာ့စီးပွားရေးအင်အား ဒုတိယအကြီးဆုံးနိုင်ငံအဖြစ် ရပ်တည်ခဲ့သော်လည်း ယင်းနှစ်မှာပင် တရုတ်နိုင်ငံက ကမ္ဘာ့စီးပွားအင်အား ဒုတိယအကြီးဆုံးနိုင်ငံအဖြစ် ဂျပန်နိုင်ငံကို ကျော်တက်ခဲ့သည်။

၂၀၂၃ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၏ စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)မှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ထရီလီယံရှိခဲ့သည်။

ဂျာမနီနိုင်ငံ၏ ၂၀၂၃ ခုနှစ် ဂျီဒီပီတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ထရီလီယံသို့မဟုတ် ၄ ဒသမ ၅ ထရီလီယံထိ ရှိနိုင်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## မူးယစ်စိုက်ခင်း ဆေးဖျန်းလေယာဉ်များကို မီးသတ်လေယာဉ်များအဖြစ် ကိုလံဘီယာပြောင်းလဲ

**ဘိုဂိုတာ ဖေဖော်ဝါရီ ၁၅**

မူးယစ်ဆေးဝါးစိုက်ခင်းများကို ပိုးသတ်ဆေးဖျန်းရာတွင်အသုံးပြုခဲ့သည့်လေယာဉ်များကို ကိုလံဘီယာနိုင်ငံက မီးသတ်လေယာဉ်များအဖြစ် ပြောင်းလဲသုံးစွဲနေကြောင်း ဖေဖော်ဝါရီ ၁၄ ရက် သတင်းများအရ သိရသည်။

အယ်လ်နီညို ရာသီဥတုဒဏ်ကြောင့် တောမီးများလောင်ကျွမ်းနိုင်မည့်အရေးနှင့်ရင်ဆိုင်နေရစဉ် မူးယစ်ဂိုဏ်းများ၏ ဆေးဖျန်းလေယာဉ်များကို မီးသတ်လေယာဉ်များအဖြစ် ကိုလံဘီယာနိုင်ငံက ပြောင်းလဲသုံးစွဲနေခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၁၄ ရက်တွင် မီးသတ် လေယာဉ်များအဖြစ် ပြန်လည်ပြုပြင်ထားသော အေတီ-၈၀၂ လေယာဉ် လေးစင်းနှင့် ဘလက်ခ်ဟော့ခ်ရဟတ်ယာဉ် လေးစင်းတို့ကို တိုလီမာပြည်နယ်၌ပြသခဲ့ရာ ကိုလံဘီယာသမ္မတဂူစတာဗိုပက်ထရို ကိုယ်တိုင်တက်ရောက်ခဲ့သည်။

အေတီ-၈၀၂ လေယာဉ်လေးစင်းသည် တစ်ချိန်က မူးယစ်စိုက်ခင်းဆေးဖျန်းလေယာဉ်များအဖြစ် ကိုလံဘီယာ မူးယစ်ဂိုဏ်းများက အသုံးပြုခဲ့သော လေယာဉ်များဖြစ်ကြသည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့်အတူ ပေါ်ပေါက်နေသည့် တောမီးလောင်ကျွမ်းမှုများကြောင့် သမ္မတပက်ထရိုသည် ယခုနှစ် ဇန်နဝါရီလအတွင်း သဘာဝကပ်ဘေးအရေးပေါ်အခြေအနေတစ်ရပ် ကြေညာထားသည်။

အဆိုပါ လေယာဉ်များသည် ကိုကင်းမူးယစ်ဆေး ထုတ်လုပ်ရေးအတွက် ကိုကာစိုက်ခင်းများကို ၂၀၁၅ ခုနှစ်ထိ ပိုးသတ်ဆေးများဖျန်းပေးခဲ့သည့် လေယာဉ်များဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



## ဝန်ကြီးချုပ်ဟောင်းအီမရန်ခန်း၏ ပီတီအိုင်ပါတီအထွေထွေအတွင်းရေးမှူးကို ဝန်ကြီးချုပ်အဖြစ်အမည်စာရင်းတင်သွင်း

**အစ္စလာမ်မာဘတ် ဖေဖော်ဝါရီ ၁၅**

ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းဦးဆောင်သည့် ပါကစ္စတန်တီရစ်ခ်အင်းဆက်ဖ်ပါတီ (ပီတီအိုင်)သည် ပါတီကိုယ်စားပြုဝန်ကြီးချုပ်လောင်းအဖြစ် ပါတီအထွေထွေအတွင်းရေးမှူး အိုမာအေယွတ်ကို အမည်စာရင်း တင်သွင်းထားကြောင်း ယနေ့သတင်းများ၌ ရေးသားတင်ပြထားသည်။

ဖေဖော်ဝါရီ ၈ ရက် ပါကစ္စတန်အထွေထွေ ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကို ထောက်ခံသည့် တစ်သီးပုဂ္ဂလအမတ်လောင်းများက အမတ်နေရာ ၉၂ နေရာထိရရှိခဲ့ရာ အကြီးမားဆုံးအင်အားစု ဖြစ်လာခဲ့ကြောင်း သိရသည်။

သို့သော် အီမရန်ခန်းကို ထောက်ခံသူ အမတ်လောင်းများသည် ပါတီကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ခွင့်မရှိခဲ့ဘဲ တစ်သီးပုဂ္ဂလအမတ်လောင်းများ အဖြစ်သာ ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ကြောင်း သိရသည်။

သို့သော် အီမရန်ခန်းကို ထောက်ခံသည့် အနိုင်ရအမတ်လောင်းများအနေဖြင့် အစိုးရအဖွဲ့သစ်ကို ၎င်းတို့ဘာသာဖွဲ့စည်းနိုင်မှု မရှိခဲ့ကြောင်း သိရသည်။

ပီတီအိုင်ပါတီ၏ အဓိကပြိုင်ဘက် ပါကစ္စတန်မွတ်စလင်အဖွဲ့ချုပ်ပါတီကလည်း ဝန်ကြီးချုပ်နေရာအတွက် ဝန်ကြီးချုပ်ဟောင်း ရှာဘက်ရှရစ်ဖ်ကို အမည်စာရင်း တင်သွင်းထားကြောင်း သိရသည်။

ရွေးကောက်ပွဲ ရလဒ်များအရ ပေါ်ထွက်လာမည့် ပါကစ္စတန်အစိုးရအဖွဲ့သည် စီးပွားရေးပြဿနာများကို ရင်ဆိုင်ဖြေရှင်းပေးရလိမ့်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ပရိုဂရက်စ်-၈၇ အာကာသကုန်တင်ယာဉ်ကို ဖေဖော်ဝါရီ ၁၄ ရက်တွင် နိုင်ငံတကာအာကာသစခန်းသို့ ရုရှားအာကာသအေဂျင်စီ လွှတ်တင်ခဲ့



**မော်စကို ဖေဖော်ဝါရီ ၁၅**

ရုရှား အာကာသအေဂျင်စီသည် ဖေဖော်ဝါရီ ၁၄ ရက်တွင် ပရိုဂရက်စ်-၈၇ အာကာသကုန်တင်ယာဉ်ကို နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ခဲ့ကြောင်း သိရသည်။

ရုရှား အာကာသအေဂျင်စီသည် ပရိုဂရက်စ်-၈၇ အာကာသကုန်တင်ယာဉ်ကို ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနောအာကာသစခန်းမှတစ်ဆင့် ဆိုယုဇ်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ပရိုဂရက်စ်-၈၇ အာကာသကုန်တင်ယာဉ်သည် ဖေဖော်ဝါရီ ၁၇ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်မည်ဖြစ်သည်။

ပရိုဂရက်စ်-၈၇ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းအတွက် စားနပ်ရိက္ခာ၊ လောင်စာနှင့် အခြားပစ္စည်းစုစုပေါင်း သုံးတန်ခန့် သယ်ဆောင်သွားကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်းသို့ ရောက်ရှိချိန်တွင် ပရိုဂရက်စ်-၈၇ အာကာသ ကုန်တင်ယာဉ်သည် ရုရှား၏ ဇဗ်ဇဒါပင်မကိုယ်ထည်၌ ဆိုက်ကပ်မည်ဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ပရိုဂရက်စ်အာကာသကုန်တင်ယာဉ်များသည် နိုင်ငံတကာ အာကာသစခန်းအတွက် ထောက်ပို့တာဝန်ယူထားသော အာကာသကုန်တင်ယာဉ်သုံးမျိုးထဲတွင် ပါဝင်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## အရွယ်အစားသေးငယ်သောဂြိုဟ်သိမ်တစ်စင်းက ကမ္ဘာမြေနှင့်ဂြိုဟ်ရံလတို့ကြား လမ်းကြောင်းမှတစ်ဆင့် ကမ္ဘာကိုအနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၅**

အရွယ်အစားသေးငယ်သော ဂြိုဟ်သိမ်တစ်စင်းသည် ယခုသီတင်းပတ်အတွင်း ကမ္ဘာမြေနှင့် ဂြိုဟ်ရံလတို့ကြား လမ်းကြောင်းမှတစ်ဆင့် ကမ္ဘာကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း ဖေဖော်ဝါရီ ၁၄ ရက် သတင်းများအရ သိရသည်။

2024CY1 အမည်ရှိ ဂြိုဟ်သိမ်သည် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကမ္ဘာကို မိုင်ပေါင်း ၇၅၂၇၈ မိုင်အကွာမှ ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါဂြိုဟ်သိမ်နှင့် ကမ္ဘာမြေကြား အထက်ပါအကွာအဝေးသည် လနှင့်ကမ္ဘာကြား အကွာအဝေး၏ ၃၁ ရာခိုင်နှုန်းနှင့် ညီမျှကြောင်း သိရသည်။



2024CY1 ဂြိုဟ်သိမ်ကို အမေရိကန် သိပ္ပံပညာရှင်များက ဟာဝိုင်ရီကျွန်းအခြေစိုက် ပင်စတားစ် ရေဒီယိုတယ်လီစကုပ်ဖြင့် ဖေဖော်ဝါရီ ၉ ရက်က ရှာဖွေတွေ့ရှိထားခြင်းဖြစ်သည်။

အဆိုပါဂြိုဟ်သိမ်သည် ရှာဖွေတွေ့ရှိခဲ့ပြီး သုံးရက်အကြာမှာပင် ကမ္ဘာမြေနှင့် ဂြိုဟ်ရံလများကြားမှ တစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အရွယ်အစားအားဖြင့် အချင်း ၁၂ ဒသမ ၅ ပေခန့်သာရှိသည့် 2024CY1 ဂြိုဟ်သိမ်သည် ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာနှင့်ဂြိုဟ်ရံလကြား ဖြတ်ကျော်ပျံသန်းခဲ့သော ၁၀ စင်းမြောက် ဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## Space-X အာကာသနည်းပညာကုမ္ပဏီက အိုဒက်ဆပ်စ်ပုဂ္ဂလိကလဆင်းယာဉ်ကို လွှတ်တင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၅**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် အိုဒက်ဆပ်စ် အမည်ရှိ ပုဂ္ဂလိကလဆင်းယာဉ်ကို ယနေ့တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အိုဒက်ဆပ်စ် လဆင်းယာဉ်ကို သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၄၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် အိုဒက်ဆပ်စ် လဆင်းယာဉ်ကို ပဏာမပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

အိုဒက်ဆပ်စ် လဆင်းယာဉ်သည် ဖေဖော်ဝါရီ ၂၂ ရက်တွင် လကမ္ဘာတောင်ဝင်ရိုးစွန်း နယ်မြေပေါ်သို့ ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

လမျက်နှာပြင်ပေါ် ဆင်းသက်မှုအောင်မြင်ခဲ့ပါက အိုဒက်ဆပ်စ် လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်နိုင်သည့် ပထမဆုံး ပုဂ္ဂလိက လဆင်းယာဉ်အဖြစ် မှတ်တမ်းဝင်မည်ဖြစ်ကြောင်း သိရသည်။

အိုဒက်ဆပ်စ် လဆင်းယာဉ်ကို အမေရိကန်နိုင်ငံ ဘော်စတွန်အခြေစိုက် Intuitive Machines ကုမ္ပဏီက တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

အိုဒက်ဆပ်စ် လဆင်းယာဉ်သည် မာလာပါ့သ်-အေ အမည်ရှိ ဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## သွေးလေးဖက်နာလူနာများ၌ လေဖြတ်နိုင်ခြေကို တရုတ်ရိုးရာအပ်စိုက်ကုထုံးက လျှော့ချပေးနိုင်

**တိုင်ပေ ဖေဖော်ဝါရီ ၁၅**

တရုတ်ရိုးရာ အပ်စိုက်ကုထုံးသည် သွေးလေးဖက်နာ (Rheumatoid Arthritis) လူနာများ၌ လေဖြတ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ဖေဖော်ဝါရီ ၁၄ ရက် သတင်းများအရ သိရသည်။

သွေးလေးဖက်နာရှိနေသူများတွင် လေဖြတ်နိုင်ခြေလည်း မြင့်တက်နေတတ်ကြောင်း ယခင်ပေါ်ထွက်ခဲ့သည့် လေ့လာချက်များ၌ ဆေးပညာရှင်များက တင်ပြခဲ့ကြပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် တရုတ်(တိုင်ပေ) တရုတ် ဆေးပညာတက္ကသိုလ်မှ သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ တရုတ်ရိုးရာ အပ်စိုက်ကုထုံးသည် သွေးလေးဖက်နာရောဂါ လူနာများ၏ လေဖြတ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

အပ်စိုက်ကုထုံးသည် လေဖြတ်ခြင်းကဲ့သို့ နှလုံးသွေးကြောဆိုင်ရာ ရောဂါများနှင့် ဆက်စပ်နေသည့် ဆိုက်တိုကိန်း (Cytokines) ခေါ် ရောင်ရမ်းမှုကို စေ့ဆော်ပေးသည့် ပရိုတင်းများ ထွက်ပေါ်မှုအဆင့်ကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

တရုတ်(တိုင်ပေ) သုတေသနပညာရှင်များသည် ၁၉၉၇ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်ကြား ကာလများအတွင်း သွေးလေးဖက်နာရောဂါ ခံစားနေကြရသူ ၄၇၈၀၉ ဦးတို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

သွေးလေးဖက်နာရောဂါများ ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းတရားမှာ လေဖြတ်ခြင်းနှင့် နှလုံးဖောက်ခြင်းကဲ့သို့သော နှလုံးသွေးကြောရောဂါများဖြစ်ကြကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## သုက်ရည်ဂလင်းအိတ်ကင်ဆာလူနာများအတွက် အပင်အခြေခံအစားအစာ စားသုံးခြင်းက အကျိုးရှိ

**နယူးယောက် ဖေဖော်ဝါရီ ၁၅**

အပင်အခြေခံအစားအစာများ စားသုံးခြင်းသည် သုက်ရည်ဂလင်းအိတ်ကင်ဆာ လူနာများအတွက် ကျန်းမာရေးအရ အကျိုးရှိကြောင်း ဖေဖော်ဝါရီ ၁၄ ရက် သတင်းများအရ သိရသည်။

သုက်ရည်ဂလင်းအိတ်ကင်ဆာလူနာ အမျိုးသားများအနေဖြင့် အသားနှင့်နို့ထွက်ပစ္စည်း စားသုံးမှုကိုလျှော့ချ၍ အပင်အခြေခံအစားအစာများကို များများစားသုံးပါက ပန်းသေပန်းညှိုးပြဿနာပေါ်လာနိုင်ခြေ၊ ဆီးမထိန်းနိုင်ခြေနှင့် ကုထုံးများနှင့်ဆက်စပ်နေသည့် အခြားဘေးထွက်ဆိုးကျိုးများ ခံစားရနိုင်ခြေ နည်းပါးသွားကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် သုက်ရည်ဂလင်းအိတ်ကင်ဆာလူနာ ၃၅၀၀ ကျော်တို့၏ ဆေးမှတ်တမ်းရလဒ်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အသီးအရွက်အများဆုံး စားသုံးသူများသည် အနည်းဆုံးစားသုံးသူများထက် ဆီးလမ်းကြောင်း ကျန်းမာရေး ၁၄ ရာခိုင်နှုန်းပိုကောင်းသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အပင်ထွက်အစားအစာများကို အဝစားသုံးမှုသည် အမျိုးသားများ၌ သုက်ရည်ဂလင်းအိတ် ကင်ဆာရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## ခံစစ်ကစားသမားခွန်ဒီကို ရောင်းချမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်း ထုတ်ဖော်ပြောကြား

**ဘာစီလိုနာ ဖေဖော်ဝါရီ ၁၅**

ဘာစီလိုနာ အသင်းသည် လတ်တလော ကြုံတွေ့နေရသည့် ဘဏ္ဍာရေးအခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် ခံစစ်ကစားသမား ခွန်ဒီကို ပြန်လည်ရောင်းချသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဗဟိုခံစစ်ကစားသမားတစ်ဦးဖြစ်သည့် ပြင်သစ်နိုင်ငံသား ခွန်ဒီသည် ၂၀၂၂ ခုနှစ်က ဆီဗီလာအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၅၅ သန်းဖြင့် ရောက်ရှိခဲ့ပြီးနောက် ညာတောင်ပံခံစစ်ပိုင်းပါဝင်ကစားခဲ့ရပြီး အသင်းတာဝန်ရှိသူများက ဗဟိုခံစစ်ပိုင်းတွင် အာရှူဂျို၊ အင်နီဂိုမာတီနက်ဇ်၊ ခရစ်စတန်ဆန်နှင့် လူငယ်ကစားသမား ကူဘာစီတို့ရှိနေသောကြောင့် ခွန်ဒီကို ရောင်းချကာ ဘဏ္ဍာရေးအခက်အခဲကို ဖြေရှင်းရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလက ဗဟိုခံစစ်ကစားသမား အာရှူဂျိုကို ဘိုင်ယန်မြူးနစ်အသင်းသို့ရောင်းချရန်စီစဉ်ခဲ့သော်လည်း ကစားသမားအနေဖြင့် ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ၎င်းကို ရောင်းချမည်မဟုတ်ဘဲ လာမည့်နွေရာသီတွင် သက်တမ်းတိုးနိုင်ရန်ကြိုးပမ်းနေကာ ခွန်ဒီကိုသာ ဦးစားပေးရောင်းချရန်ဆုံးဖြတ်ခဲ့သည်။

ခွန်ဒီသည် ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၈ ပွဲပါဝင်ကစားခဲ့ရာ သွင်းဂိုး နှစ်ဂိုးနှင့် ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး ဗဟိုခံစစ်ပိုင်းတွင်သာမက ညာတောင်ပံခံစစ်ပိုင်းတွင်လည်း ပါဝင်ကစားနိုင်သည့် ကစားသမားတစ်ဦးဖြစ်သောကြောင့် ဥရောပထိပ်သီးကလပ်အသင်းများက စိတ်ဝင်စားနေသဖြင့် ဘာစီလိုနာအသင်းက ၎င်းကိုရောင်းချ၍ ဘဏ္ဍာရေးအခက်အခဲကို ဖြေရှင်းသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : ML

## ကိုကင်းရောင်းဝယ်မှုတွင်ပါဝင်ပတ်သက်ခဲ့သည့် နယ်သာလန်ကစားသမားပရိုမက်စ်ကို နယ်သာလန်တရားရုံးက ထောင်ဒဏ် ခြောက်နှစ်ချမှတ်



**အမ်စတာဒမ် ဖေဖော်ဝါရီ ၁၅**

ရုရှားကလပ် စပါးတပ်မော်စကိုအသင်းတွင် ကစားနေသည့် နယ်သာလန် ကစားသမားဟောင်း ပရိုမက်စ်ကို ကိုကင်းရောင်းဝယ်မှုတွင် ပါဝင်ပတ်သက်ခဲ့သောကြောင့် နယ်သာလန်တရားရုံးက ထောင်ဒဏ်ခြောက်နှစ် ချမှတ်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၄ ရက်က ထုတ်ပြန်ခဲ့သည်။

အသက် ၃၂ နှစ်ရှိ တောင်ပံကစားသမားပရိုမက်စ်သည် ၂၀၂၀ ပြည့်နှစ်က ကိုကင်းကီလိုဂရမ် ၁၃၇၀ ကို ရောင်းဝယ်ဖောက်ကားမှုပြုလုပ်ရာတွင် ပါဝင်ပတ်သက်ခဲ့သဖြင့် နယ်သာလန်တရားရုံးက ထောင်ဒဏ်ခြောက်နှစ် ချမှတ်ခဲ့ပြီး ပရိုမက်စ်၏ရှေ့နေက သက်သေခိုင်လုံမှုမရှိသောကြောင့် ငြင်းဆိုပိုင်ခွင့်ရှိကြောင်း ပြောကြားခဲ့သော်လည်း အစိုးရရှေ့နေများက ပရိုမက်စ်ကို ထောင်ဒဏ်ကိုးနှစ်ထိ ချမှတ်ပေးရန် တရားသူကြီးထံ တောင်းဆိုခဲ့ကြောင်း သိရသည်။

နယ်သာလန် တရားရုံးက တရားခံအနေဖြင့် ထိပ်တန်းအဆင့်ဘောလုံးသမား တစ်ဦးဖြစ်သဖြင့် ပရိသတ်အားပေးထောက်ခံမှုများကြောင်း၊ လူမှုကွန်ရက်တွင်လည်း ထောက်ခံ အားပေးမှုများသည့် ကစားသမား တစ်ဦးဖြစ်ကြောင်း၊ သို့သော် နိုင်ငံတကာမူးယစ်ဆေးဝါးကုန်သွယ်မှုတွင် ပါဝင်ခဲ့သောကြောင့် ပြစ်ဒဏ်ချမှတ်ခဲ့ရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ပရိုမက်စ်သည် ၂၀၂၁ ခုနှစ်က စပါးတပ်မော်စကိုအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲ ၁၀၀ တွင် သွင်းဂိုး ၄၈ ဂိုး သွင်းယူနိုင်ခဲ့သည့်အပြင် ယခုနှစ်ဘောလုံးရာသီတွင် အမှတ်ပေးပွဲ ၁၇ ပွဲတွင် သွင်းဂိုးခြောက်ဂိုးနှင့်ဂိုးဖန်တီးမှု ခြောက်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သကဲ့သို့ နယ်သာလန်လက်ရွေးစင်အသင်းတွင်လည်း နိုင်ငံတကာ ပွဲပေါင်း ၅၀ ပါဝင်ကစားခဲ့ကာ သွင်းဂိုး ခုနစ်ဂိုးထိသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : ML

## ဘရန့်ဖို့ဒ်အသင်းက ဘရုဂျက်တိုက်စစ်မှူး အီဂေါ်သီယာဂိုကို ခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်

**လန်ဒန် ဖေဖော်ဝါရီ ၁၅**

ဘရန့်ဖို့ဒ်အသင်းသည် အသင်းမှထွက်ခွာရန် ပြင်ဆင်နေသည့် တိုက်စစ်မှူးတိုနေ၏ နေရာတွင် အစားထိုးရန်အတွက် ဘရာဇီးနိုင်ငံသား ဘရုဂျက်အသင်းတိုက်စစ်မှူးအီဂေါ်သီယာဂိုကို ငါးနှစ်စာချုပ်ဖြင့်ခေါ်ယူခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

အီဂေါ်သီယာဂိုနှင့် ဘရန့်ဖို့ဒ်အသင်းတို့ချုပ်ဆိုခဲ့သည့် ငါးနှစ်စာချုပ်တွင် စာချုပ်ကုန်ဆုံးပါက တစ်နှစ် သက်တမ်းတိုးနိုင်မည့်သဘောတူညီချက် ပါဝင်ခဲ့ပြီး လက်ရှိတွင် ကစားသမားအနေဖြင့် ဘရုဂျက်အသင်းတွင် ဆက်လက်ကစား၍ လာမည့်ဂျူလိုင်လမှသာ ဘရန့်ဖို့ဒ်အသင်းနှင့် ပူးပေါင်းရမည်ဖြစ်ကြောင်း သိရသည်။

ဘရန့်ဖို့ဒ်အသင်းက ကစားသမားနှင့်ပတ်သက်သည့် ပြောင်းရွှေ့ကြေးကို ထုတ်ပြန်ခဲ့ခြင်းမရှိသော်လည်း ဗြိတိန်မီဒီယာများက စတာလင်ပေါင် သန်း ၃၀ ဝန်းကျင်ဖြင့်ခေါ်ယူခဲ့ပြီး အပိုဆုကြေးလည်း ပါဝင်ကြောင်း ဖော်ပြခဲ့ကြသည်။

လက်ရှိတွင် တိုက်စစ်မှူးတိုနေသည် ဘရန့်ဖို့ဒ်အသင်းတိုက်စစ်ကို ဦးဆောင်နေသော်လည်း ၎င်းအနေဖြင့် လာမည့်နွေရာသီတွင် အသင်းမှထွက်ခွာရန် သေချာနေသောကြောင့် တိုက်စစ်မှူးအီဂေါ်သီယာဂိုကို ခေါ်ယူခဲ့ကြောင်း နည်းပြသောမတ်ဖရန့်ကပြောကြားခဲ့သည်။

အသက် ၂၂ နှစ်ရှိတိုက်စစ်မှူးသည် ၂၀၂၃ ခုနှစ်တွင် လူဒိုဂိုရက်စ်အသင်းမှ ဘယ်လ်ဂျီယံကလပ် ဘရုဂျက်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ပြိုင်ပွဲစုံ ပွဲ ၄၀ တွင် သွင်းဂိုး ၂၆ ဂိုးနှင့် ဂိုးဖန်တီးမှု လေးကြိမ်ထိ ပြုလုပ်ခြေစွမ်းပြသနိုင်ခဲ့ကာ အသင်းကိုအမှတ်ပေးဇယား အဆင့်(၃)သို့ရောက်ရှိအောင် ကူညီပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Sputnik
Trs : ML




## ပရီးမီးယားလိဂ် ပွဲစဉ် (၂၅) ပွဲကြိုသုံးသပ်ချက်

ML

**နယူးကာဆယ် Vs ဘုန်းမောက်**

**ကစားမည့်ရက်/အချိန် ၁၇-၂-၂၀၂၄ (ည ၀၉:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘုန်းမောက် ၂ - ၀ နယူးကာဆယ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | – | ဝေး(နိုင်) | အိမ်(သရေ) | ဝေး(နိုင်) |
| ဘုန်းမောက် | – | ဝေး(သရေ) | အိမ်(သရေ) | ဝေး(ရှုံး) |

ဥရောပဝင်ခွင့်ရဖို့ကြိုးစားနေတဲ့ နယူးကာဆယ်ဟာ နောက်ဆုံးငါးပွဲမှာ တိုက်စစ်ပိုင်းက ၁၄ ဂိုးထိ သွင်းယူနိုင်ခဲ့တာကြောင့် အခုပွဲစဉ်မှာလဲ တိုက်စစ်မြင့်ပြီး နိုင်ပွဲရှာမှာပါ။ ဘုန်းမောက်ကတော့ ဒဏ်ရာရကစားသမားများနေတာကြောင့် ခြေစွမ်းပိုင်းကျဆင်းနေပါတယ်။ ဒါကြောင့် အိမ်ကွင်းတိုက်စစ်ထက်မြက်နေတဲ့ နယူးကာဆယ်ကိုရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – နယူးကာဆယ် ၂ – ၁ ဘုန်းမောက်**

## အားကစားသတင်း အတိုအထွာများ

- လာမည့် ဖေဖော်ဝါရီ ၂၀ ရက်မတိုင်မီ မေဂျာလိဂ်ပြိုင်ပွဲ၏ ဘဏ္ဍာရေးစည်းမျဉ်းနှင့်ကိုက်ညီစေရန်အတွက် အင်တာမီယာမီအသင်းအနေဖြင့် ကစားသမားအများအပြားရောင်းချ၍ ငွေကြေးအခက်အခဲများဖြေရှင်းရမည်ဖြစ်ကြောင်း သိရသည်။
- ပွဲကစားချိန်လျော့နည်းလာသောကြောင့် လာမည့်နွေရာသီတွင် ရီးရဲလ်မက်ဒရစ်မှ ထွက်ခွာမည်ဖြစ်ကြောင်း ကွင်းလယ်ကစားသမားမိုဒရစ်က ထုတ်ဖော်ပြောကြားခဲ့သည်။
- ချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက်အဆင့် ပထမအကျော့တွင် လာဇီယိုအသင်းက ဘိုင်ယန်မြူးနစ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး ပီအက်စ်ဂျီအသင်းက အမ်ဘက်ပီ၊ဘာကိုလာတို့၏သွင်းဂိုးများဖြင့် ဆိုစီဒက်အသင်းကို နှစ်ဂိုးပြတ်ဖြင့်အနိုင်ရခဲ့ကြောင်း သိရသည်။

ML

## Qatar Open တင်းနစ်ပြိုင်ပွဲမှနုတ်ထွက်ကြောင်း ရာဖေးလ်နာဒယ် ထုတ်ပြန်ကြေညာ



**ဒိုဟာ ဖေဖော်ဝါရီ ၁၅**

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပမည့် Qatar Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်နေသည့် စပိန်တင်းနစ်ကစားသမားရာဖေးလ်နာဒယ်သည် ဒဏ်ရာရာနှုန်းပြည့်ကောင်းမွန်ခြင်းမရှိသေးသည့် အတွက်ကြောင့် Qatar Open တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ရန် ဆုံးဖြတ်လိုက်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကြွက်သားအခြေအနေမှာ ပြည့်ဝသေးသည့် အတွက် အနားယူသွားမည်ဖြစ်ပြီး ကြွက်သားမှ ရာနှုန်းပြည့်ကောင်းမွန်လာမှသာ ပြိုင်ပွဲပြန်ဝင်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

အသက် ၃၇ နှစ်အရွယ် ရာဖေးလ်နာဒယ်သည် ဩစတြေးလျနိုင်ငံတွင်ကျင်းပခဲ့သည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ကာ ပေါင်ဒဏ်ရာအားဆေးကုသမှုပြုလုပ်ခဲ့ပြီး ယင်းဒဏ်ရာကြောင့်ပင် Brisbane International တင်းနစ်ပြိုင်ပွဲတွင်လည်း ကွာတားဖိုင်နယ်အဆင့်အထိသာ ကစားနိုင်ခဲ့ပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည်။

ရာဖေးလ်နာဒယ်သည် ဒိုဟာမြို့တွင် ပြိုင်ပွဲဝင်ရန်ပြင်ဆင်မှုများ ပြုလုပ်ထားသော်လည်း ကြွက်သားမှ အခြေအနေမှာ ပြိုင်ပွဲဝင်နိုင်သည့် အနေအထားတွင် ရှိမနေသောကြောင့် ပြိုင်ပွဲမှနုတ်ထွက်ခဲ့ရခြင်းဖြစ်ကြောင်း ပရိသတ်များကို တရားဝင် ထုတ်ပြန်ပြောကြားခဲ့သည်။

ရာဖေးလ်နာဒယ်က "ဒိုဟာမြို့မှာ ပြိုင်ပွဲဝင်ရတာကို ကျွန်တော် သဘောကျတယ်။ ကာတာပရိသတ်တွေရဲ့အားပေးမှုကလဲ အားရကျေနပ်စရာ ကောင်းတယ်။ ဒါကြောင့်လဲ Qatar Open တင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားဖို့ ကျွန်တော်ပြင်ဆင်ခဲ့တာပါ။ ကျွန်တော် အရမ်းဝင်ပြိုင်ချင်တဲ့ ပြိုင်ပွဲမှာပါဝင်ယှဉ်ပြိုင်ခွင့်မရခဲ့တဲ့ အတွက်ကြောင့်လဲ စိတ်မကောင်းဖြစ်မိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# MNL League Cup 2024 ပြိုင်ပွဲအတွက် ပွဲစဉ်မဲခွဲပွဲနှင့် သတင်းစာရှင်းလင်းပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

၂၀၂၄-၂၀၂၅ မြန်မာနေရှင်နယ်လိဂ်ရာသီသစ်မတိုင်မီ မြန်မာနေရှင်နယ်လိဂ်-၁ နှင့် မြန်မာနေရှင်နယ်လိဂ်-၂ ကလပ်အသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည့် MNL League Cup 2024 ပြိုင်ပွဲအတွက် ပွဲစဉ်ဇယား မဲခွဲရေးဆွဲခြင်းနှင့် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။




အဆိုပါအခမ်းအနားသို့ မြန်မာနေရှင်နယ်လိဂ်ကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်းသိန်း၊ ရခိုင်ယူနိုက်တက်အသင်းပိုင်ရှင် ဦးလှကျော်ဝင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ မြန်မာနေရှင်နယ်လိဂ်အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်မှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့သည်။

ဦးစွာ အုပ်စုမဲခွဲခြင်းများ မစတင်မီ မြန်မာနေရှင်နယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းသိန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီးနောက် မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က MNL League Cup 2024 ဘောလုံးပြိုင်ပွဲ မဲနှိုက်မည့် အစီအစဉ်အသေးစိတ်ကို ရှင်းလင်းပြောကြားကာ အုပ်စုပွဲစဉ်များအား မဲခွဲပေးခြင်းကို ဆက်လက်ပြုလုပ်ခဲ့သည်။

အဆိုပါပြိုင်ပွဲကို ငါးသင်းပါအုပ်စု လေးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုခွဲဝေမှုအရ အုပ်စု(A)တွင် ရန်ကုန်ယူနိုက်တက်၊ ယူနီဗာစတီ၊ မဟာယူနိုက်တက်၊ဂျီအက်ဖ်အေနှင့် ရွှေပြည်သာယူနိုက်တက်တို့ပါဝင်ပြီး အုပ်စု(B)တွင် ရှမ်းယူနိုက်တက်၊ Glory Goal၊ ရခိုင်ယူနိုက်တက်၊ ကချင်ယူနိုက်တက်နှင့် Rainbow FC အသင်း၊ အုပ်စု(C)တွင် ဟံသာဝတီယူနိုက်တက်၊ Dagon Port၊ ဒဂုံစတားယူနိုက်တက်၊ ရေဝတီယူနိုက်တက်နှင့် ငွေကြယ်ပွင့်လေးများအသင်း၊ အုပ်စု(D)တွင် အားကစားနှင့် ကာယပညာသိပ္ပံ၊ သစ္စာအားမာန်၊ မြဝတီ၊ ရတနာပုံနှင့် ရက္ခပူရယူနိုက်တက်အသင်းတို့ကျရောက်ခဲ့သည်။

အဆိုပါပြိုင်ပွဲကို မတ် ၁ ရက်မှ ဇွန် ၁၉ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး အုပ်စုအဆင့်ပွဲစဉ်များကို နှစ်ကျော့စနစ်ဖြင့် ယှဉ်ပြိုင်ကစားစေမည်ဖြစ်ကြောင်း သိရသည်။ STA

# ဘာစီလိုနာအသင်းက ဒီဂျောင်းအတွက် ပြောင်းရွှေ့ကြေးကို ယူရို သန်း ၁၀၀ အနည်းဆုံးအလိုရှိနေ

**မက်ဒရစ် ဖေဖော်ဝါရီ ၁၅**

ဘာစီလိုနာအသင်းက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန်ပြင်ဆင်နေသည့် ကွင်းလယ်ကစားသမား ဒီဂျောင်းအတွက် ပြောင်းရွှေ့ကြေးကို အနည်းဆုံး ယူရို သန်း ၁၀၀ ခန့်ထိအလိုရှိနေကြောင်း သိရသည်။

အသက် ၂၆ နှစ်ရှိ ဒီဂျောင်းသည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က အေဂျက်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းတွင်ခြေစွမ်းပြကစားနိုင်သည့်အတွက် ဘာစီလိုနာအသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုနေသော်လည်း လုပ်ခလစာညှိနှိုင်းမှုအဆင်မပြေသည့်အတွက် ဘာစီလိုနာအသင်းက ရာသီအကုန်တွင် ရောင်းချရန် ပြင်ဆင်နေခြင်းဖြစ်သည်။

လက်ရှိတွင် ဒီဂျောင်းသည် ဘာစီလိုနာအသင်းတွင် တစ်နှစ်လုပ်ခယူရို ၁၅ သန်း ရရှိနေသော်လည်း ဘာစီလိုနာအသင်းက အသင်းဘဏ္ဍာရေးအကျပ်အတည်းကြောင့် လုပ်ခလစာလျှော့ချ၍ တစ်နှစ်လုပ်ခယူရို ၁၅ သန်းသာပေးချေ စာချုပ်ချုပ်ဆို လိုနေသည့်အတွက် ဒီဂျောင်းက သက်တမ်းတိုးစာချုပ်ကို ငြင်းဆိုထားခြင်းဖြစ်သည်။


လက်ရှိဒီဂျောင်းနှင့် ဘာစီလိုနာအသင်းတို့ စာချုပ်သက်တမ်းမှာ တစ်နှစ်သာ ကျန်ရှိတော့သည့်အတွက် ဘာစီလိုနာအသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်မလွှတ်လိုသောကြောင့် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ပြင်ဆင်နေခြင်းဖြစ်သည်။

ဒီဂျောင်းကို လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းနှင့် ချဲလ်ဆီးအသင်းတို့ကခေါ်ယူရန် ပစ်မှတ်ထားနေပြီး စပါးအသင်းကလည်း ပြီးခဲ့သည့်ရက်ပိုင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၆၀ ဖြင့် ကမ်းလှမ်းခဲ့ရာ ဘာစီလိုနာအသင်းက အနည်းဆုံးယူရို သန်း ၁၀၀ ခန့်ထိ အလိုရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

Ref : RT

Trs : STA

# လက်ဝှေ့လောကသို့ဝင်ရောက်ရန် အင်္ဂလန်ဘောလုံးသမားဟောင်း ရွန်းနီ Misfits Boxing ကုမ္ပဏီနှင့်ဆွေးနွေးမှုပြုလုပ်



**လန်ဒန် ဖေဖော်ဝါရီ ၁၅**

ဘောလုံးလောကမှ အနားယူထားသည့် အင်္ဂလန်နှင့် မန်ယူအသင်းတို့၏ ကစားသမားဟောင်း ရွန်းနီသည် နည်းပြလောကတွင် ကျင်လည်နေသော်လည်း ပြီးခဲ့သော ဇန်နဝါရီလက ဘာမင်ဂမ်အသင်းကိုတာဝန်ယူနေရာမှ ရလဒ်များဆိုးရွားမှုကြောင့် နည်းပြအဖြစ်မှ ထုတ်ပယ်ခံခဲ့ရသည်။

ရွန်းနီသည် နည်းပြလောကတွင် ဆက်လက်ကျင်လည်သွားရန် ဆန္ဒရှိနေသော်လည်း လက်ဝှေ့အားကစားကို နှစ်သက်သူဖြစ်သည့်အတွက် လက်ဝှေ့လောကသို့ဝင်ရောက်ရန်ပြင်ဆင်နေပြီး Misfits Boxing ကုမ္ပဏီနှင့်ဆွေးနွေးမှုပြုလုပ်နေကြောင်း Misfits Boxing ကုမ္ပဏီက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ရွန်းနီသည် ပရော်ဖက်ရှင်နယ် ဘောလုံးသမားအနေဖြင့် ကျင်လည်နေစဉ်လက်ဝှေ့အားကစားနည်းကိုလည်း လေ့ကျင့်ခဲ့သူဖြစ်သလို ဆယ်ကျော်သက်အရွယ်ကလည်း လက်ဝှေ့ကြိုးဝိုင်းအတွင်း စိန်ခေါ်ပွဲ ထိုးသတ်ခဲ့ဖူးသူလည်းဖြစ်သည်။

ရွန်းနီသည် ပရော်ဖက်ရှင်နယ်ဘောလုံးသမားဘဝတွင် လက်ဝှေ့စိန်ခေါ်ပွဲများကိုလည်းသွားရောက်ကြည့်ရှုသူဖြစ်သလို အင်တာဗျူးများတွင်လည်း လက်ဝှေ့သမားတစ်ဦးဖြစ်လိုကြောင်း ပြောကြားခဲ့ဖူးသည်။

ထို့ပြင်ရွန်းနီသည် လီဗာပူးမြို့တွင်ဖွဲ့စည်းထားသည့် အပျော်တမ်း လက်ဝှေ့အဖွဲ့တွင်လည်း အဖွဲ့ဝင်တစ်ဦးအနေဖြင့် မှတ်ပုံတင်ထားသူဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# စပိန်လာလီဂါ ပွဲစဉ် (၂၅) ပွဲကြိုသုံးသပ်ချက်

S T A

**အေတီကို** Vs လက်စ်ပါးမက်

**ကစားမည့်ရက်/အချိန် ၁၇-၂-၂၀၂၄ (ည ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လက်စ်ပါးမက် ၂ – ၁ အေတီကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အေတီကို | – | ဝေး(သရေ) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| လက်စ်ပါးမက် | – | အိမ်(ရှုံး) | ဝေး(သရေ) | အိမ်(နိုင်) |

သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ အေတီကိုအသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိအောင်ကြိုးစားလာမှာပါ။ လက်စ်ပါးမက်အသင်းကလဲ ပထမအကျော့က နိုင်ပွဲရရှိထားတယ်ဆိုပေမဲ့ လက်ရှိခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် နိုင်ပွဲရှာဖွေလာမဲ့ အေတီကိုအသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – အေတီကို ၃ – ၁ လက်စ်ပါးမက်**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၂) ပွဲကြိုသုံးသပ်ချက်များ

S T A

ဒမ်စတက် Vs **စတုဂတ်**

**ကစားမည့်ရက်/အချိန် ၁၇-၂-၂၀၂၄ (ည ၀၉:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စတုဂတ် ၃ – ၁ ဒမ်စတက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဒမ်စတက် | – | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(သရေ) |
| စတုဂတ် | – | ဝေး(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |

နောက်ဆုံးငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့ ဒမ်စတက်အသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာလဲ ရုန်းကန်ရပါလိမ့်မယ်။ စတုဂတ်အသင်းတိုက်စစ်ပိုင်းကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ ထက်မြက်မှုရှိနေလို့ ဒမ်စတက်အသင်းကို အကောင်းဆုံးဖိအားပေးနိုင်မှာပါ။ ဒါကြောင့် အဝေးကွင်းဆိုပေမဲ့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ စတုဂတ်အသင်းပဲ အနိုင်ရသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ဒမ်စတက် ၀ – ၂ စတုဂတ်**

ဝုဖ်ဘတ် Vs **ဒေါ့မွန်**

**ကစားမည့်ရက်/အချိန် ၁၇-၂-၂၀၂၄ (ည ၀၉:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဒေါ့မွန် ၁ – ၀ ဝုဖ်ဘတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဝုဖ်ဘတ် | – | အိမ်(သရေ) | အိမ်(သရေ) | ဝေး(ရှုံး) |
| ဒေါ့မွန် | – | အိမ်(နိုင်) | ဝေး(သရေ) | အိမ်(နိုင်) |

နောက်ဆုံးငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ ဝုဖ်ဘတ်အသင်းဟာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရသလို ဒေါ့မွန်အသင်းနဲ့တွေ့ဆုံတိုင်း ရုန်းကန်ရလေ့ရှိပါတယ်။ ဒေါ့မွန်အသင်းကတော့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်လိုအပ်နေလို့ အမှားခံမှာမဟုတ်ပါဘူး။ ဒါကြောင့် ဒေါ့မွန်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ဝုဖ်ဘတ် ၁ – ၃ ဒေါ့မွန်**

# ပြင်သစ်လီဂူး ပွဲစဉ် (၂၂) ပွဲကြိုသုံးသပ်ချက်

S T A

**လိုင်လီ** Vs လီဟာဗေး

**ကစားမည့်ရက်/အချိန် ၁၇-၂-၂၀၂၄ (ည ၁၀:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လီဟာဗေး ၀ – ၂ လိုင်လီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လိုင်လီ | – | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| လီဟာဗေး | – | ဝေး(သရေ) | ဝေး(ရှုံး) | အိမ်(ရှုံး) |

နှစ်ပွဲဆက်ရှုံးပွဲကြုံထားတဲ့ လိုင်လီအသင်းဟာ ဥရောပဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်ရှိနေလို့ အိမ်ကွင်းမှာ နိုင်ပွဲရရှိအောင် ပြင်ဆင်လာမှာပါ။ လီဟာဗေးအသင်းက နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေပြီး ရုန်းကန်နေရပါတယ်။ ဒါကြောင့် အိမ်ကွင်းအားသာချက်ရှိတဲ့ လိုင်လီအသင်းနဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း – လိုင်လီ ၂ – ၁ လီဟာဗေး**

# ချစ်သောနိုင်ငံကိုလေ ကာကွယ်ကြစို့မသွေ

ဇန်ညို

လူတစ်ဦးတွင် သူ၏မိသားစုရှိပေသည်။ ထိုမိသားစုတွင် သူ့ကို ကျွေးမွေးပြုစုယုယပေးသော မိခင်၊ ဖခင်များရှိပြီး တစ်အူထုံ့ဆင်း မောင်နှမသားချင်းများလည်းရှိသကဲ့သို့ ဆွေမျိုးသားချင်းဝမ်းကွဲညီအစ်ကိုမောင်နှမများလည်း ရှိကြပေသည်။ မိဘမောင်ဖွားများနှင့် အတူနေထိုင်ရာ သီရိဂေဟာအသိုက်အမြုံကလေးလည်း ရှိပေသည်။ ဆွေမျိုးသားချင်းတို့ဖြစ်သော မောင်နှမဝမ်းကွဲများသည်လည်း မိမိတို့ခြံအတွင်း သီးခြားကွန်းခိုရာများဖြင့် နေထိုင်ကြပေသည်။ ငယ်စဉ်တောင်ကျေး ကလေးဘဝမှကြီးပြင်းလာသည်ထိ နေစရာနေရာ၊ အိပ်စက်နားခိုရာ နေရာလည်းဖြစ်ပေသည်။ သို့ဆိုလျှင် ဤနေစရာဘုံလေးသည် ကျေးဇူးတင်စရာနေရာ သို့မဟုတ် ကျေးဇူးကြွေးရှိနေသော နေရာလေးလည်း ဖြစ်နေပေသည်။

**သီရိဂေဟာ**

ကျေးဇူးရှင်ကို ကျေးဇူးကြွေးပြန်ဆပ်သင့်သည်မှာ လောကဓမ္မတာဟုဆိုရပေမည်။ အကယ်၍ ကျေးဇူးမဆပ်ချင်ရင်လည်း ကျေးဇူးတော့ မကန်းသင့်သည်ကတော့ အမှန်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မိမိဘဝကို အထောက်အကူပြုခဲ့သည့်၊ မိမိဘဝကို လုံခြုံမှုပေးခဲ့သည့်နေရာကိုတော့ ဖျက်လိုဖျက်ဆီးမလုပ်သင့်ကြပေ။ အရိပ်နေနေ၊ အခက်ချိုးချိုးမလုပ်သင့်ကြပေ။ ယခုတော့ အခြားအိမ်များ၏ အရိပ်ကိုမျှော်ကိုး၍ မိမိအိမ်ဝင်း၏ ရှိရင်းစွဲအရိပ်ကို ချိုးဖဲ့ကြသည့် လုပ်ရပ်မှာ အတော်ပင်အကျည်းတန်လှသည်။ သီရိဂေဟာ၏ဂုဏ်သတင်းကို ညှိုးနွမ်းစေသည်သာမက အိမ်ဝင်းအတွင်းနေ ဆွေမျိုးသားချင်းများ၏ အမျိုးဂုဏ်သိက္ခာကိုပါ ပွန်းပဲ့စေသည်။

**အမျိုးဂုဏ်သိက္ခာ**

အမျိုးဂုဏ်သိက္ခာကိုကာကွယ်ရန် အားလုံးတွင် တာဝန်ရှိနေသည်။ ရှေးခေတ်အခါကစ၍ မြန်မာတို့ ဇာတိမာန်ဇာတိသွေးတို့ သွေးနီးစွေးခဲ့ကြသည်။ လက်ဝဲသုန္ဒရအမတ်ကြီးက သူ၏ နန္ဒီသေနပျို့တွင် "သူ့တပ်တို့တပ်၊ စစ်မြေရပ်ဝယ်၊ ကျပ်ကျပ်တည်းတည်း၊ စည်းစည်းရုံးရုံး၊ နှလုံးမတွန့်၊ စိတ်လိုလွန့်လျက်၊ သက်စွန့်များသူ၊ နိုင်မြဲယူလော့၊ လူတို့မှတ်ရိုး၊ စစ်မက်ထိုးသော်၊ အားကြိုးတင်းတင်း၊ လူချင်းချင်းကို၊ ဘယ်မင်းဖက်ပြိုင်၊ ဘယ်တပ်ဆိုင်အံ့၊ သူ့နိုင်ငံသား၊ သံမှုန့်စားမှ၊ တို့ဓားတုံးမည်၊ မှတ်တော်တည်လော့"ဟု ထည့်သွင်းစပ်ဆိုခဲ့သည်ကို မှတ်သားမိသည်။ စစ်မက်ထိုးရာတွင် သူ့နိုင်ငံသား၊ သံမှုန့်စားမှ၊ တို့ဓားတုံးနိုင်မည်ဟူသောစိတ်ဓာတ်၊ ကြိုးကုတ်လုံ့လဖြင့် နောက်မတွန့်ဘဲ တိုက်ခိုက်သင့်ကြောင်းစပ်ဆို၍ မြန်မာစစ်သည်တို့၏ တိုက်စွမ်းရည်နှင့် ဂုဏ်သိက္ခာကို ဖော်ကျူးခဲ့လေသည်။

**တစစ်တမက် ကိုယ်နှင့်သက်ကို**

ထိုပျို့တွင်ပင် မြန်မာစစ်သည်တို့ အသက်နှင့်ခန္ဓာကို စစ်ပွဲတွင်နှင်းဆက်လျက် အားကြိုးမာန်တက်တိုက်ခိုက်မည်ကိုလည်းကောင်း၊ သားစဉ်မြေးမြစ်ပြောထုံးဖြစ်အောင် မာန်ဟုန်ပြင်းပြင်းဖြင့် မဆုတ်မနစ် တိုက်ခိုက်ပါမည်ဟုလည်းကောင်း ဤသို့တွေ့ရသည်။ "မြိုင်ဝေတောကြီး၊ ဤခရီးဝယ်၊ ချည်းနှီးသက်သက်၊ သေသော့ထက်ကား၊ ဆက်လက်တညီ၊ တစီတလျဉ်၊ သားစဉ်မြေးမြစ်၊ ပြောထုံးဖြစ်အောင်၊ တစစ်တမက်၊ ကိုယ်နှင့်သက်ကို၊ နှင်းဆက်တိုက်မည်၊ အားသံရည်၍၊ ဦးလည်မသုန်၊ ထမ်းပါကုန်လော့၊ ဂဠုန်မင်းအား၊ မရှောင်ရှားပဲ၊ နဂါးရန်တွေ့၊ ခြသေ့်နှင့်ယှဉ်၊ ပြိုင်သော့ဂုဏ်သို့၊ မာန်ဟုန်ပြင်းချိန်၊ ကလိင်ရာဇ်၊ ပေါ့သောစစ်ကို၊ မနစ်မဆုတ်၊ အားထုတ်ဝမ်းရွှင်၊ ထမ်းစေချင်ဟု၊ ပဲ့ပြင်နားပါး သွင်းသွင်းတည်း"။

**ရှေးမြန်မာစစ်သည်တို့၏ စိတ်ဓာတ်**

တွင်းသင်းတိုက်ဝန်ရေးသားသည့် မဟာဇနကပျို့တွင် မြန်မာတို့၏ မူလကပင်စစ်စိတ်ဓာတ်မျိုးစေ့ရှိပုံ၊ စစ်တိုက်ခိုက်ရာ၌လည်း စစ်စိတ်ဓာတ်ခိုင်ကျည်ရဲရင့်ပုံနှင့် မဆုတ်မနစ် ဆင်ကိုဆင်ချင်း မြင်းကိုမြင်းချင်း ယှဉ်ပြိုင်တိုက်ခိုက်ရာ ရန်သူ့တပ်ပျက်သည်ထိ စိတ်အားထက်ထက်ဖြင့် တိုက်ခိုက်ပုံတို့ကို မျက်မြင်ကိုယ်တွေ့ကဲ့သို့ ရေးဖွဲ့ခဲ့သည်ကို ဤသို့တွေ့ရသည်။ "သစ်ငုတ်ကျားဆီး၊ မှုကြီးရေးခွင်၊ ရှေ့ဖျားတင်၍၊ ဆင်လျှင်ဆင်ချင်း၊ မြင်းလျှင်မြင်းလိုက်၊ တိုက်တိုက်သရွေ့၊ တွေ့တွေ့သမျှ၊ ကာလမရွေး၊ တို့တဝေးကား၊ အရေးမရှု၊ ဗိုလ်ထုပျက်ချည်း၊ ယှဉ်တိုင်းလည်းစိမ့်၊ မသရည်းချင်၊ ချဉ်သီးမြင်သော်၊ ပါးပြင်စက်စို၊ လျှာရည်ယိုသို့၊ တကိုယ်ရည်ဖက်၊ ရှင်မှုထွက်က၊ သက်မမှတ်ချင်၊ ဝင်၍ဖြုတ်ဖြုတ်၊ အူသည်းနုတ်အံ့၊ သုတ်သုတ်မြန်သက်၊ စိတ်ထက်ထက်နှင့်၊ ရှင့်လက်ရွေးဆန်၊ တို့တသွန်ကား၊ တံခွန်စိုက်ချည်း၊ အသည်းထပ်မျှ၊ တူတန်ကြသည်၊ သူရရဲဘော်ရန်ခွင်းတည်း"။

❖ မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားဖြစ်သည့်အတွက် အမျိုးကိုချစ်သည့်စိတ်၊ နိုင်ငံကိုချစ်သည့်စိတ်များဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ သတ်မှတ်အသက်အပိုင်းအခြားရှိသူများ စစ်မှုထမ်းကြရန်ဖြစ်သည်။ ပြည်ဖျက်များအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများ နိုင်ငံတော်ကာကွယ်ရေးပညာ တတ်မြောက်သွားမည်ကိုလည်းကောင်း၊ နိုင်ငံကာကွယ်ရေးတာဝန်ထမ်းဆောင်ရင်းဖြင့် စည်းလုံးညီညွတ်သွားမည်ကိုလည်းကောင်း၊ အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်လာမည်ကိုလည်းကောင်း စိုးရိမ်နေကြခြင်းဖြစ်သည်။ ❖

**တစ်ဝမ်းတည်းဖွား လူအလား**

တစ်နယ်တစ်ကျေး စစ်မြေဝေးသို့ ဦးဆွေးဆံမြည့် ထမ်းဆောင်ရန်သွားကြသည့် ရဲဘော်ရဲဘက် အချင်းချင်း ရိုင်းပင်းကူညီမှု၊ ချစ်ခင်ကြင်နာမှု၊ စည်းလုံးညီညွတ်မှုရှိရန် အထူးလိုအပ်ပုံ၊ တစ်ဝမ်းတည်းဖွားလူအလားသို့ ညာတာထောက်ထားကြပုံ၊ စစ်ချီစစ်ဆင်စစ်ထိုးရာတွင် အစစအရာရာ တစ်စုတစ်စည်းတည်းရှိကြပုံတို့ကို နန္ဒီသေနပျို့တွင် "တိုက်လည်းဖြိုးဖြိုး၊ ထိုးလည်းရွတ်ရွတ်၊ ဆုတ်လည်းညီညီ၊ ချီလည်းကြွကြွ၊ ရပ်လည်းမှန်မှန်၊ ပြန်လည်းစိုက်စိုက်၊ စစ်တိုက်ပီပီ၊ စစ်ချီစစ်သွား၊ ဖြစ်သောအားကြောင့်၊ ထူးပြားမစိုး၊ မညှိုးမနွမ်း၊ တဝမ်းတည်းဖွား၊ လူအလားသို့၊ တပါးမရွယ်၊ ဥပါယ်မခို၊ မယိုမဖိတ်၊ တစိတ်တည်းကျုံး၊ တချာရုံး၍၊ နှလုံးမကွဲကြစေနှင့်"ဟု ဖွဲ့ဆိုခဲ့သည်။

**ရှေးမြန်မာတပ်မတော်**

ရှေးမြန်မာတပ်မတော်သည် ပုဂံခေတ်မှစ၍ ဆယ်ပြမြို့၊ ရာပြမြို့၊ ထောင်ပြမြို့စနစ်ဖြင့် စုဆောင်းကြောင်းကို ဦးကုလားရာဇဝင် ပထမအုပ်၌ တွေ့ရသည်။ မယဒေဝလင်္ကာအရလည်း ပတ္တိတပ်၊သေနာမုခတပ်၊ ဂုမ္မတပ်၊ ဂဏတပ်၊ ဝါဟိနီတပ်၊ ပုတနာတပ်၊ စမူတပ်၊ အဏီကိနီတပ်၊ ခေါဘဏီတပ်ဟု ဖွဲ့စည်းထားကြောင်း သိရသည်။ "တပ်ဖွဲ့ခေါဘဏီ၊ တလီမှတ်ထုံး၊ ပေါင်းစုရုံးသား၊ ဝါးလုံးခြောက်ဆယ်၊ စည်းခြောက်ဆယ်ကို၊ မြို့နှယ်မုန့်၍၊ အမှုန့်ဖြစ်စေ၊ နင်းကြေချေသည်၊ ဗိုလ်ခြေစစ်သည်၊ ခေါဘဏီတည့်"ဟုလည်း ဖွဲ့ဆိုထားသည်ကိုကြည့်က စစ်အင်္ဂါလေးပါးပါသော စစ်တပ်ကြီးချီတက်ရာလမ်းတွင် ဝါးအလုံးခြောက်ဆယ် စည်းမျိုး အစည်းပေါင်း ၆၀ ကို ဖုန်မြူမှုန်ဖြစ်အောင် နင်းခြေသွားသောတပ်ဟုဆိုသည်။ ပင်းယတစ်စီးရှင်သီဟသူလက်ထက်တွင်လည်း မြင်းသင်း၊ ဒိုင်း၊ ကာ၊ လေး စသည့်အစုအသင်းများ တိုးချဲ့ဖွဲ့စည်းကြောင်းကို ထိုခေတ်ရေးဖွဲ့ကြသော ကာချင်းကဗျာများ၌ တွေ့ရသည်။

ဆင်ဖြူရှင်လက်ထက် သက္ကရာဇ် ၁၁၂၈ ခုနှစ်၌ လက်ဝဲသုန္ဒရအမတ်ကြီး ရေးသားစပ်ဆိုသည့် နန္ဒီသေနပျို့တွင် "မြို့ရွာကျေးလက်၊ စုရုံးထွက်၍၊ ရဲမက်ပေါင်းမြောက်၊ တကျိပ်ယောက်မူ၊ အကြပ်တသီး၊ တင်တုံပြီးမှ၊ အကြီးရွေးယူ၊ တကျိပ်လူတွင်၊ အုပ်သူအမတ်၊ တယောက်မှတ်၍၊ အမတ်ဆယ်ဦး၊ တတပ်မှူးတည့်၊ တပ်မှူးဆယ်ကို၊ ဗိုလ်တဗိုလ်တည့်၊ ဆယ်ဗိုလ်တွင်ချုပ်၊ နတ်ရှင်အုပ်မှ၊ မလှုပ်မရှား၊ သို့ခန့်ထား၍၊ ချီသွားလုပ်ကြံချင်သတည်း"ဟု ဆိုသည်။ ထိုသို့ လူ ၁၀ ဦးကို အကြပ်တစ်ဦးက လည်းကောင်း၊ အကြပ် ၁၀ ဦးကို တပ်မှူးတစ်ဦးကလည်းကောင်း၊ တပ်မှူး ၁၀ ဦးကို စစ်ကဲတစ်ဦးကလည်းကောင်း၊ စစ်ကဲ ၁၀ ဦးကို တပ်မင်းတစ်ဦးကလည်းကောင်း ဘုရင့်နောင်လက်ထက်က တပ်မင်းတစ်ဦးအုပ်ချုပ်သော စစ်သည် ၁၀၀၀၀ ပါဝင်သောတပ်ဖွဲ့စည်းမှုဖြစ်သည်။ အင်းဝခေတ်တွင် အစဖွဲ့စည်းပုံများတူပြီး အမတ် ၁၁ ဦးကို တပ်မှူးတစ်ဦး၊ တပ်မှူး ၁၀ ဦးကို ဗိုလ်တစ်ဦး၊ ဗိုလ် ၁၀ ဦးကို ဘုရင်ကအုပ်ချုပ်သော စစ်သည်တစ်သိန်းပါဝင်သည့် ဖွဲ့စည်းပုံဖြစ်သွားသည်။

ဘကြီးတော်လက်ထက် သက္ကရာဇ် ၁၁၈၉ ခုနှစ်၌ မုံရွေးဆရာတော်ရေးဖွဲ့သည့် ကုသပျို့သစ်တွင် စစ်သည် ၁၀၀၀ တပ်ဖွဲ့စည်းပုံကို "ခြေသည်များတွင်၊ ငယ်သားပေါင်းမြောက်၊ ဆယ်ယောက်တကြပ်၊ ဆယ်ကြပ်ရှိလျှင်၊ သွေးသောက်တင်မှ၊ အင်အားတောင်လောက်၊ ဆယ်သွေးသောက်ကို၊ တယောက်တပ်မှူး၊ ရာထူးသီးသန့်၊ တဗိုလ်ခန့်၍၊ သက်စွန့်စွန့်ရဲ၊ စစ်ကဲဘယ်ညာ၊ ဝဲယာနာခံ၊ စီမံစုဝေး၊ တပ်ရေးနှစ်ယောက်၊ ခန့်မြောက်မလပ်၊ ဗိုလ်တပ်တပ်ရံ၊ တစ်တနည်း၊ ဖွဲ့စုစည်း၍၊ ကြည်းတပ်အများ၊ မနားမဖင့်၊ ချီစေလင့်သည်၊ မိုးနှင့်မြေရေတုန်သတည်း"ဟု စပ်ဆိုခဲ့သည်။ တပ်ဖွဲ့စည်းပုံ၌ ပိုမိုထူးခြားလာသည်မှာ သွေးသောက်၊ တပ်ရေး၊ နာခံစသည့် အမှုထမ်းများကို ဖော်ပြလာခြင်းဖြစ်သည်။ သွေးသောက်သည် တပ်သားဦးရေ ၁၀၀ ကို အုပ်ချုပ်ရကြောင်း ဤပျို့တွင် ရှေးဦးတွေ့ရှိရသည်။ မည်သို့ပင်ဆိုစေကာမူ ရှေးတပ်မတော်သည် ဤသို့ ဖွဲ့စည်းမှုများဖြင့် စုဖွဲ့ခဲ့ကြောင်း တွေ့ရှိရသည်။

**ခေတ်အဆက်ဆက်တပ်မတော်**

မြန်မာနိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက်တွင် တိုင်းနိုင်ငံကိုကာကွယ်ရန်အတွက် တပ်မတော်ဖွဲ့စည်း၍ တိုက်ခိုက်ကာကွယ်ခဲ့ကြသည်ကို တွေ့ရှိရသည်။ ခေတ်အဆက်ဆက်တွင်လည်း ပြည်ဖျက်မည့်အန္တရာယ်များကို တွေ့ကြုံဖြေရှင်းကျော်လွှားခဲ့ကြသည်။ သို့ဖြစ်၍ အမိနိုင်ငံကိုကာကွယ်ရန်သည် ဖွဲ့စည်းတည်ဆောက်ထားသည့် တပ်မတော်အပြင် ပြည်သူများဖြင့်ပါ ပူးပေါင်းပါဝင်ရင်ဆိုင်ခဲ့ကြသည်။ အနီးစပ်ဆုံး စီစီဝမ်-တာပန်တိုက်ပွဲစဉ်တွင် ပြည်သူအများက ထမင်းထုပ်နှင့်မုန့်များပို့ခြင်း၊ ထိုအထုပ်များထဲတွင် တရားသောစစ်အောင်နိုင်စေကြောင်း အားပေးစာများပင် ပါရှိခဲ့ကြသည့်အပြင် လူနာစစ်သည်ကောက်ခြင်း၊ ဆေးရုံသို့ပို့ဆောင်ခြင်းများကို တိုက်ပွဲဇရိယာအနီးသို့ပင် ချဉ်းကပ်ဆောင်ရွက်ခဲ့သည်ကို သိခဲ့ရသည်။ တပ်နှင့်ပြည်သူလက်တွဲကူ၍ မြန်မာနိုင်ငံတော်ကြီးကိုကာကွယ်စောင့်ရှောက်ခဲ့သည့် သာဓကများအနက်မှ တစ်ခုပင်ဖြစ်သည်။ တပ်မတော်နှင့်ပြည်သူ ဆက်စပ်ဆောင်ရွက်မှုကြောင့် သောင်းကျန်းသူရန်ကို ဟန့်တားတိုက်ဖျက် ကာကွယ်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။

**ပြည်အင်အားက ပြည်တွင်းမှာ**

ယခုတစ်ဖန်တွင်လည်း အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံဆိုသည့် သီရိဂေဟာရိပ်မြုံလေးကို ဖျက်လိုဖျက်ဆီးလုပ်မည့်သူများ ပေါ်လာနိုင်ကာ ထိုအန္တရာယ်ကို ကျော်ဖြတ်လွှားရမည့် အခြေအနေတွင် ပြည်သူအများပူးပေါင်းပါဝင်၍ နိုင်ငံတော်ကာကွယ်ရေးပညာကို တတ်မြောက်ထားရန်လိုအပ်လာသည်။ သို့ပါ၍ မိမိနယ်မြေ၊ မိမိဒေသကိုကာကွယ်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အရန်တပ်ဖွဲ့ဥပဒေတို့ကို သတ်မှတ်လိုက်ပြီဖြစ်သည်။ ထိုဥပဒေများတွင် အရန်တပ်ဖွဲ့ဥပဒေသည် စစ်မှုထမ်းဆောင်ခြင်းမှ အငြိမ်းစားယူထားသည့် ငါးနှစ်အတွင်း တပ်မတော်သားဟောင်းများနှင့်သာ သက်ဆိုင်ပါသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သက်ဆိုင်သည်များကို တာဝန်ရှိသူများ ရှင်းလင်းနေကြသည်ကို ကြားသိရသည့်ရည်ရွယ်ချက်မှာ ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးပင် ဖြစ်ကြောင်း တွေ့ရသည်။

**We are Myanmar**

သို့ပါ၍ မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားဖြစ်သည့်အတွက် အမျိုးကိုချစ်သည့်စိတ်၊ နိုင်ငံကိုချစ်သည့်စိတ်များဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ သတ်မှတ်အသက်အပိုင်းအခြားရှိသူများ စစ်မှုထမ်းကြရန်ဖြစ်သည်။ ပြည်ဖျက်များအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများ နိုင်ငံတော်ကာကွယ်ရေးပညာ တတ်မြောက်သွားမည်ကို လည်းကောင်း၊ နိုင်ငံကာကွယ်ရေးတာဝန်ထမ်းဆောင်ရင်းဖြင့် စည်းလုံးညီညွတ်သွားမည်ကိုလည်းကောင်း၊ အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်လာမည်ကိုလည်းကောင်း စိုးရိမ်နေကြခြင်းဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ပြည်သူလူထုအကျိုးကိုရှေးရှုကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒီနေ့ပဲ သင်တန်းတက်၊ သင်တန်းဆင်း၊ ရှေ့တန်းထွက်ပုံစံမျိုးမဟုတ်ကြောင်း၊ မိမိကျွမ်းကျင်သည့် ကဏ္ဍအလိုက် တာဝန်ထမ်းဆောင်ရန်ဖြစ်ကြောင်း၊ ခေတ်သစ်စစ်ပွဲများတွင် လက်နက်ချင်းယှဉ်ပြိုင်တိုက်ခိုက်ခြင်းထက် များစွာကျယ်ပြန့်လာပြီး ကွန်ပျူတာအိုင်တီကျွမ်းကျင်သူက ဆိုင်ဘာတိုက်ခိုက်မှုမှကာကွယ်ရန်၊ စီးပွားရေးကျွမ်းကျင်သူက စီးပွားရေးအရတို့ဖြစ်ကြောင်း၊ အခြေခံစစ်ပညာသင်ကြားပြီးနောက် သက်ဆိုင်ရာကျွမ်းကျင်သည့်ပညာအလိုက် နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရန်ဖြစ်ကြောင်းသိရှိရသည်။ မည်သို့ဆိုစေကာမူ We are Myanmar စိတ်ဖြင့် ချစ်သောနိုင်ငံကို ကာကွယ်စောင့်ရှောက်ကြရမည်မှာ နိုင်ငံသားတိုင်း၏တာဝန်ပင်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။


**ကိုးကား**

၁။ နတ်မောက်ဘုန်းကျော်၏ မြန်မာ့တပ်မတော်မှတ်စုများ

၂။ မေမြို့မိုးကြည်၏ မြန်မာ့စစ်ပညာ

၃။ ၁၁-၂-၂၀၂၄ ရက်ထုတ် ရတနာပုံသတင်းစာ

# သထုံမြို့နယ်ရှိ ဆံတော်ရှင်မြသပိတ်စေတီတော်မြတ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပသွားမည်ဖြစ်



**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

မွန်ပြည်နယ် သထုံမြို့နယ်ရှိ ဆံတော်ရှင်မြသပိတ်စေတီတော်မြတ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဆံတော်ရှင်မြသပိတ်စေတီတော်မြတ် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်က ပြောပြ၍ သိရသည်။

ဆံတော်ရှင် မြသပိတ်စေတီတော်မြတ် ဗုဒ္ဓပူဇနီယပွဲတော်တွင် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများ ပြုလုပ်ခြင်း၊ မြို့လုံးကျွတ်ဆွမ်းကြီးလောင်းလှူပွဲနှင့် ဆီမီးပူဇော်ခြင်း၊ ဘုရားပွဲဈေးဆိုင်တန်းများ ဖွင့်လှစ်ခြင်းတို့ဖြင့် အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"အရင်နှစ်တွေလိုပဲ အစဉ်အလာမပျက်၊ တောင်ပေါ်ဘုရားရင်ပြင်မှာပဲ ဓမ္မပူဇာအနေနဲ့ပဋ္ဌာန်းပွဲလုပ်မယ်။ သံဃပူဇာအနေနဲ့ ပင့်သံဃာတွေကို ဆွမ်းဆန်စိမ်းလောင်းလှူပါမယ်။ တပို့တွဲလပြည့်နေ့ ကနေပြီးတော့ တပို့တွဲလပြည့်ကျော် ၃ ရက်ထိ ကျင်းပသွားမှာပါ"ဟု ဆံတော်ရှင် မြသပိတ်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်က ပြောပြသည်။

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်တွင် မြသပိတ်စေတီတော်မြတ်ရင်ပြင်တော်၌ ဗုဒ္ဓဒေသနာတော်များကို အသံမစဲရွတ်ဆိုပူဇော်ခြင်း၊ လပြည့်နေ့ နံနက် ၅ နာရီတွင် တောင်ထိပ်ရှိ ဆံတော်ရှင်စေတီတော်မြတ်အား သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ကာ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများနှင့် ဆွမ်းပွဲ ၁၀၀၀ ဖြင့် ကပ်လှူပူဇော်ခြင်း၊ နံနက် ၇ နာရီမှစတင်ကာ သထုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၁၇၄ ကျောင်းမှ သံဃာတော်အပါး ၆၈၀ ကျော်နှင့် သီလရှင်ကျောင်းတိုက် ၃၆ တိုက်မှ သီလရှင်အပါး ၇၀ ကျော်တို့အား အလှူရှင်အသီးသီးတို့က ထမနဲ၊ ဆွမ်းဆန်နှင့် လှူဖွယ်ဝတ္ထုအသီးသီးတို့ကို စုပေါင်းလောင်းလှူခြင်း၊ ညနေ ၄ နာရီမှစတင်ကာ မြို့တွင်းရှိ စေတနာရှင်များက နိဗ္ဗာန်ဈေးဖြင့် တည်ခင်းကျွေးမွေးခြင်းနှင့် စေတီတော်တောင်တက်လမ်းတစ်လျှောက် ဆီမီး ၉၀၀၀ ဖြင့် ထွန်းညှိပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Love Child ဟာသဇာတ်ကားသစ်တွင် အဲလစ်ဇဘတ်အော်ဆန်နှင့် ချားမဲတန်တို့ ပါဝင်လာ

**နယူးယောက် ဖေဖော်ဝါရီ ၁၅**

Love Child အမည်ရှိ လူ့စရိုက်သရုပ်ဖော် ဟာသဇာတ်ကားသစ်တွင် မင်းသမီး အဲလစ်ဇဘတ်အော်ဆန်နှင့် မင်းသား ချားမဲတန်တို့ ပါဝင်လာကြောင်း ဖေဖော်ဝါရီ ၁၄ ရက်သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားတွင် အဲလစ်ဇဘတ်အော်ဆန်သည် လက်ရှိအိမ်ထောင်ရေးကို စိတ်ကုန်နေသော အိမ်ထောင်သည် အမျိုးသမီးတစ်ဦးအဖြစ် သရုပ်ဆောင်မည်ဖြစ်ပြီး မင်းသား ချားမဲတန်က ဆွဲဆောင်မှုရှိသည့် သူစိမ်းအမျိုးသားတစ်ဦးအဖြစ် သရုပ်ဆောင်ထားကြောင်း သိရသည်။

Love Child ဇာတ်ကားတွင် အဲလစ်ဇဘတ်အော်ဆန်နှင့် ချားမဲတန်တို့အပြင် မင်းသမီး ရာချယ်ဝိုက်နှင့် မင်းသား ကောလင်းဖာရဲလ်တို့လည်း ပါဝင်ထားကြောင်း သိရသည်။

Love Child ဇာတ်ကားကို ဒါရိုက်တာ တော့ဆိုလွန်ဒက်က တာဝန်ယူရိုက်ကူးပေးထားသည်။

လက်ရှိတွင် Love Child ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# ပိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ထမနဲပွဲတော်နှင့်ထမနဲထိုးပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ပိုလ်တထောင်မြို့နယ်ရှိ ပိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်တွင် ထမနဲပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်မှ ဖေဖော်ဝါရီ ၂၄ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးကျော်နိုင်ထွန်းက ပြောပြ၍ သိရသည်။

ယခုနှစ်တွင် ကျင်းပမည့် ထမနဲပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲများအပြင် ထမနဲဆွမ်းကပ်လှူခြင်းနှင့် ထမနဲစတုဒိသာကျွေးမွေးလှူဒါန်းခြင်းများလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ထမနဲပွဲတော်နှင့် ထမနဲပြိုင်ပွဲတွင် ပိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ဂေါပကအဖွဲ့ရုံးရှိ ဌာနကြီး ခုနစ်ခုမှ ဝန်ထမ်းများက ထမနဲထိုး ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော် တစ်ခုဖြစ်တဲ့ ထမနဲပွဲတော်မှာတော့ ထမနဲဒယ်ပေါင်း ၂၁၆ ဒယ်ကို သုံးရက်ခွဲပြီးတော့ ထိုးသွားမှာဖြစ်ပါတယ်။ တပို့တွဲလပြည့်နေ့မှာ လာရောက်ဖူးမြော်ကြတဲ့ ဘုရားဖူးပြည်သူတွေကို တည်ခင်းဧည့်ခံသွားမှာဖြစ်ပါတယ်။ အဲဒီအလှူမှာ ပါဝင်လှူဒါန်းလိုသူတွေကိုလဲ အလှူခံမဏ္ဍပ်ထားရှိပြီး အလှူခံလျက်ရှိပါတယ်။ အလှူရှင်တွေအနေနဲ့ တစ်ဒယ်လှူရင် ဒယ်ဝက်ပြန်ပြီးတော့ပေးတဲ့စနစ်နဲ့ အလှူခံနေပါတယ်။ နှစ်ဒယ်လှူရင် တစ်ဒယ်ပြန်လှူပေးတဲ့စနစ်နဲ့ ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ဦးကျော်နိုင်ထွန်းက ပြောပြသည်။



ယခင်နှစ်က ထမနဲထိုးပြိုင်ပွဲကို တွေ့ရစဉ်။

ပိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်အား ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၅ နာရီ မိနစ် ၃၀ တွင် ထမနဲဆွမ်းတော်ကပ်လှူမည်ဖြစ်ပြီး နံနက် ၆ နာရီ မိနစ် ၃၀ မှစတင်ကာ စေတီတော်ရင်ပြင်တွင် ဘုရားဖူးပြည်သူများအား ထမနဲလှူဒါန်းခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Eden လျှို့ဝှက်သည်းဖိုဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများ ပြီးဆုံးခဲ့ပြီဖြစ်

**နယူးယောက် ဖေဖော်ဝါရီ ၁၅**

Imagine Entertainment ရုပ်ရှင်ကုမ္ပဏီ၏ Eden အမည်ရှိ လျှို့ဝှက်သည်းဖို ရုပ်ရှင်ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်း ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၄ ရက်သတင်းများအရ သိရသည်။

Eden ဇာတ်ကားကို ကမ္ဘာကျော်အော်စကာဆုရ ဒါရိုက်တာ ရွန်ဟိုးဝပ်က တာဝန်ယူရိုက်ကူးပေးထားခြင်းဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် မင်းသမီး အန်နာဒီအားမက်၊ အလီရှာဗီကန်ဒါနှင့် မင်းသား ဂျပ်လောတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Eden ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ နိုအာပင့်က တာဝန်ယူရေးသားပေးထားသည်။

Eden ဇာတ်ကားသည် အီကွေဒေါနိုင်ငံ ဂါလာပါဂို့ကျွန်းစုဒေသကို နောက်ခံထား၍ လူတစ်စု၏ အသက်ရှင်ရေးအတွက် ရုန်းကန်ရပုံကို ရိုက်ကူးထားသည့်ဇာတ်ကားဖြစ်သည်။

Eden ဇာတ်ကားကို ယခုနှစ် နှစ်ကုန်ပိုင်းတွင် ရုံတင်ပြသရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# နတ်မောက်မြို့နယ် ဇလုပ်ကြီးကျေးရွာအဝင်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**နတ်မောက် ဖေဖော်ဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက နတ်မောက်-ပျော်ဘွယ် ကားလမ်းမကြီးမှ ဇလုပ်ကြီးကျေးရွာအဝင်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-၃ (မြို့ပြ) ဒေါ်ရွှေစင်ဝင်းသူနှင့် တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နတ်မောက်-ပျော်ဘွယ် ကားလမ်းမကြီးမှ ဇလုပ်ကြီးကျေးရွာအဝင်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး အငယ်တန်းအင်ဂျင်နီယာ-၃ (မြို့ပြ) ဒေါ်ရွှေစင်ဝင်းသူက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

နတ်မောက်-ပျော်ဘွယ် ကားလမ်းမကြီးမှ ဇလုပ်ကြီးကျေးရွာ အဝင်လမ်း အရှည်သုံးမိုင်တစ်ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မ ကျောက်ရောမြေခင်းခြင်း လုပ်ငန်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၀၅ ဒသမ ၂၂ သန်းဖြင့် Mag-way S Three ကုမ္ပဏီမှ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၄၃ အိမ်၊ လူဦးရေ ၇၄၃ ဦးတို့အတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေးအဆင်ပြေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဦး**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends 78th anniversary of MRTV, Ministry of Information



Senior General Min Aung Hlaing addresses the 78th anniversary of MRTV.

**Nay Pyi Taw February 15**

Myanmar Radio and TV of the Ministry of Information, the first media centre of Myanmar, observed the 78th anniversary at its headquarters in Tatkon, Nay Pyi Taw this afternoon, attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present at the ceremony together with the Senior General were Joint SAC Secretary Lt-Gen Ye Win Oo, SAC members, union ministers, union level officials, senior military officers from Office of Commander-in-Chief, deputy ministers, in-service and retired MRTV staff, media persons, artistes and invited guests. Staff of Yangon branch and retransmission stations attended the ceremony online.

First, the Senior General and party were warmly welcomed by Union Minister for Information U Maung Maung Ohn and team, MRTV officials, nationalities of national races channels of MRTV.

The anniversary day was held at the MRTV Auditorium with an LED Animation show. MRTV staff staged a dance performance with the song, "Everyone loves MRTV". Of the MRTV retransmission stations broadcasting with Analogue system and Digital system, the Analogue Switch Off (ASO) of Nay Pyi Taw (Pyinmana) and Yangon (Pyay Road) and Mandalay retransmission stations was announced.

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing launched the 11 high-quality channels by commissioning nine new channels of the two-channel HD Quality program of MRTV and 19 channels of two HD Quality programs of MRTV by commissioning 12 new channels. A video clip honouring MRTV was then screened.

In his address, the Senior General said MRTV started by the name Rangoon Radio. The designation of the anniversary day was based on 15 February 1946 on which its name was changed.

MRTV is a media centre which has the longest history in Myanmar and fine historical traditions. It has been dutiful towards the State and people throughout the successive periods and is developing in alignment with advancing technology and techniques. Hence, it has proudly observed the 78th anniversary as a historical landmark.

Analogue Switch Off-ASO would be declared in three retransmission stations in Nay Pyi Taw, Yangon and Mandalay which are under the pilot project of ASEAN Analogue Switch Off-ASO agreement. Of the 18 channels of Digital Video Broadcasting – Second Generation Terrestrial (DVB-T2) system, High Definition (HD) Quality system would broadcast 11 channels from just two channels and Direct To Home (DTH) would broadcast 19 channels from seven channels.


Senior General Min Aung Hlaing presents cash award for MRTV.

Apart from TV and radio programs, MRTV's broadcast media involves the online media or the new media, as it is popularly known and used, as it is also presenting a lot of posts on its Social Media Platform including MRTV Application.

Now, MRTV is a young, dynamic and smart channel, which is the reformation of the Ministry of Information. It must be said that efforts are being made to implement the new state-of-the-art media model. The three original objectives—to provide information, to share knowledge and to entertain— are being realized on television in various ways. So, it is a great pleasure to see that all the staff are actively participating in all aspects of big occasions and events.

In addition, it has been seen that

*See Page 13*



Senior General Min Aung Hlaing poses for a group photo at the anniversary.


Senior General Min Aung Hlaing inspects equipment in the MRTV compound.




Senior General Min Aung Hlaing views a TV broadcasting programme.

*From Page 12*

public relations activities are being extensively carried out such as going to the frontline battlefields for Tatmadaw members who are serving their national defense and security duties to entertain and improve their morale, providing entertainment for the civil servants attending the Civil Service University and going to recreation centers to make the outstanding students on whom the State can rely for its future will happy and relaxed.

Regarding ethnicities, MRTV can broadcast in a total of 20 languages, including 18 ethnic languages. It is also unique in the international arena and it is proud to be a broadcasting media organization that is providing services to all indigenous people born in the Union.

The State Administration Council is assuming responsibilities for the sake of the country and the people according to the Constitution (2008) following the 2020 electoral fraud. In accordance with the will of the people, the two national goals prosperity and food security and the two political goals the strengthening of a true and disciplined multi-party democratic system and the establishment of a union based on democracy and federalism are being implemented. To achieve these goals, future plans and objectives are also being established. In doing so, the most important requirement is to ensure peace and stability and see no disturbances.

It is known to all that today, the country is seeing internal and external instigations. There is no peace and stability and people getting into trouble in some areas due to some depraved media outlets that lacks ethics and is pushing the country into the abyss, some organizations that do not have knowledge and consideration of the situation and actual events, and the ethnic armed groups. Because these subversive actions are very dangerous for the country, all the people should know and understand, and respond to fake news, broadcasting and presenting true news. In this way, awareness can be raised.

In working on the benefit of the country and the people, just as the former employees of MRTV have fulfilled their responsibilities in their successive times, the new generation employees must also continue to fulfill their historic responsibilities faithfully for the perpetuality of the Union of Myanmar.

Along with the history of the country, MRTV, which has fulfilled its responsibility to the country and the people throughout the ages, has adopted a new vision of public service activities in accordance with the changing technologies. It needs to make efforts to create new forms of productions and present them more innovatively. At the same time, efforts should be made to make it look like a big flower garden with all kinds of flowers blooming, where good artists and professionals are produced and to become the fourth estate of Myanmar, serving the nation and the country that the people rely on. For all the ethnic people living in the Union of Myanmar as well as the people of Myanmar who are in foreign countries, efforts need to be made to disseminate Knowledge. It is also necessary to make a lasting impression in the hearts of both national and global citizens.

From its 78th anniversary, the Senior General said he wished MRTV a greater success, a long-term existence and a good reputation for many centuries.

After that, the Senior General presented the MRTV staff with an honorary award and cash rewards for their perfect participation in the state-level events. The Union Minister for Information received them.

Later, the Union Minister presented the Senior General with a commemorative badge and souvenir.

Then, the Senior General and party enjoyed the entertainment program performed by artists from the Fine Arts Department of the Ministry of Religious Affairs and Culture, staff of Myanmar Radio and Television, the Myawady Band of the Directorate of Public Relations and Psychological Warfare and freelance artists in combination with the State Orchestra, State Saing Orchestra and modern band of the MRTV.

Afterwards, the Senior General present an honorary flower basket to the artists and musicians.

Then, the Senior General and party inspected the information and broadcasting operations in the MRTV and gave necessary instructions over reports of the union minister for information and officials from respective sectors.

Afterward, the Senior General and party enjoyed the tea party commemorating the 78th Anniversary of the MRTV together with MRTV staff cordially before posing for documentary photographs with attendees.

The MRTV is the first broadcasting enterprise in Myanmar and broadcasting programs in accordance with the objective to inform, educate and entertain.

On 15 February, 1946 its first name Rangoon Radio was changed to Burma Broadcasting Services-BBS and it started broadcasting regular colour TV programs on 1 November, 1980. It has now added many channels including MRTV HD, MRTV News, MRTV NRC, MRTV Farmers, MRTV Parliament, MRTV Sports and related English Language Channel MITV and MRTV Radio, Thapyay Radio, English Language Myanma Radio, programs broadcast in 17 languages of national races in the radio section.

The MRTV has established 258 analogue relay stations, 85 FM radio relay stations, 155 DVBT2 transmission stations, across the country to enable the public to enjoy sound and images of good quality through the analogue and digital systems. At present, under CE 06 agreement of the ITU to end Analogue TV transmission (ASO) in Asia-Pacific Region and there are 18 digital TV channels in Myanmar while state-owned DTH platform has broadcast digital TV channels, the MRTV has launched the first phase of the ASO to end broadcasting through the Analogue system in three stations as of day including Nay Pyi Taw (Pyinmana), Yangon(Pyay Road) and Mandalay Relay station which broadcast through the Analogue and Digital system. Plans are underway to end the use of the system phase by phase. Under the DVB T2 system currently used by the MRTV, the MRTV-HD and MRTV-News are being broadcast and plans are underway to air another nine MRTV-owned and related channels in HD quality, totaling 11 channels. Instead of broadcasting 7 TV channels at the MRTV DTH Platform, plans are underway to add 12 private channels, totaling 18 channels.

Nowadays, the MRTV which was established in 1946 with the objective to inform, educate and entertain celebrated its 78 anniversary and has been a state-owned media giant.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားက NATOထုတ် စစ်လက်နက်ပစ္စည်းများကို ထောက်လှမ်းနိုင်သည့် ဒရုန်းအာရုံခံစနစ်ကွန်ရက်တစ်ခု တည်ဆောက်နိုင်ခဲ့



ရုရှားကုမ္ပဏီ Hardberry-Rusfactor သည် NATO ထုတ် စစ်လက်နက်ပစ္စည်းများကိုထောက်လှမ်းနိုင်သည့် ဒရုန်းအမျိုးအစားအားလုံးအတွက် ဘက်စုံသုံး အာရုံခံစနစ်ကွန်ရက် (Multi Purpose Neural Network) တစ်ခုကို ဖန်တီးတည်ဆောက်နိုင်ခဲ့ကြောင်း ကုမ္ပဏီအထွေထွေညွှန်ကြားရေးမှူး Alexey German က ဖေဖော်ဝါရီ ၁၂ ရက်တွင် Sputnik သတင်းဌာနသို့ ပြောကြားခဲ့သည်။

ကျွန်ုပ်တို့သည် NAKA ဟုခေါ်သော ဆော့ဖ်ဝဲတစ်ခုကို ဖန်တီးထားခြင်းဖြစ်ပြီး ၎င်းသည် ရန်သူစစ်လက်နက်ပစ္စည်း၊ ကိရိယာများအပါအဝင် အချို့အရာဝတ္ထုများကို မှတ်သားထားနိုင်သော အာရုံခံစနစ်ကွန်ရက်တစ်ခုဖြစ်သည်ဟု Alexey German က ပြောကြားခဲ့သည်။

အာရုံခံစနစ်ကွန်ရက်သည် အထူးသဖြင့် အနောက်နိုင်ငံထုတ် Leopard တင့်ကားများနှင့် Bradley ခြေလျင်တိုက်ခိုက်ရေးယာဉ်များကဲ့သို့သော ယူကရိန်းစစ်ဘက်ကို အနောက်အုပ်စုကပံ့ပိုးပေးသော စစ်လက်နက် စက်ပစ္စည်းကိရိယာများကို တိကျစွာထောက်လှမ်း၊ သိရှိနိုင်သည်ဟု ၎င်းကရှင်းပြခဲ့သည်။

Alexey German ၏ ပြောကြားချက်အရ အထူးကင်မရာများတပ်ဆင်ထားသော ရုရှားနိုင်ငံထုတ် ဒရုန်းများတွင် ရိုက်ကူးထားသည့် ဗီဒီယိုဖိုင်ကိုလက်ခံရရှိသည့်အပိုင်း၌ အာရုံခံစနစ်ကွန်ရက်ဆော့ဖ်ဝဲကို တစ်ပါတည်း Install ပြုလုပ်ပေးထားကြောင်း သိရသည်။

ထို့ပြင် အဆိုပါဆော့ဖ်ဝဲ၏ အားသာချက်မှာ အထက်ဖော်ပြပါ ရန်သူပစ်မှတ်တိုက်ယာဉ်များ၏ တည်နေရာကိုပါ အတိအကျ ဆုံးဖြတ်ပေးနိုင်သည်ဟုလည်း ဖြည့်စွက်ပြောကြားခဲ့သည်။

ရုရှားစစ်ဘက်တွင် လက်ရှိဖြန့်ကြက်အသုံးပြုလျက်ရှိသော ဒရုန်းအမျိုးအစားအမျိုးမျိုးကို ထောက်လှမ်းရေးနှင့်တိကျစွာတိုက်ခိုက်မှုများအပါအဝင် ရည်ရွယ်ချက်များစွာအတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ရုရှားတပ်မတော်ရှိ ကင်းထောက်နှင့် ဒရုန်းများသည် NATO အဖွဲ့ဝင်နိုင်ငံများကထုတ်လုပ်ထားသော စစ်လက်နက်ပစ္စည်းများကို အလိုအလျောက် ခွဲခြားသတ်မှတ်နိုင်စေရန် မြင်နိုင်သောအကွာအဝေးနှင့် အနီအောက်ရောင်ခြည်ပုံစံတို့ဖြင့် Optical Images အပါအဝင် ဒစ်ဂျစ်တယ်ကတ်တလောက်ကို လက်ခံရရှိမည်ဖြစ်သည်။ နမူနာပုံစံ တစ်စိတ်တစ်ပိုင်းသာ ဒရုန်း၏မြင်ကွင်းထဲသို့ ဝင်ရောက်လာခြင်းမျိုးတွင် အခြေအနေအမျိုးမျိုးရှိ စစ်လက်နက်ပစ္စည်းများကို တိကျစွာစိစစ်ခွဲခြားသတ်မှတ်နိုင်စေမည့် အာရုံခံစနစ်ကွန်ရက် Learning Algorithms များကြောင့် ဤကတ်တလောက်ကို ဖွဲ့စည်းတည်ဆောက်ပေးထားခြင်းဖြစ်သည်။

ရုရှား၏ ယူကရိန်းအထူးစစ်ဆင်ရေးဇုန်တွင် ဒရုန်းများကို ဟောင်ဝစ်ဇာအမြောက်များ၊ တင့်၊ သံချပ်ကာယာဉ်များ၊ အတွဲလိုက်ဒုံးကျည်စနစ်များအပြင် ကွပ်ကဲမှုဌာနများနှင့် စောင့်ကြည့်ရေး ရေဒါစခန်းများအပါအဝင် ယူကရိန်းစစ်ရေး စွမ်းအားစုများကို တိုက်ခိုက်ချေမှုန်းဖျက်ဆီးရာတွင် အသုံးပြုလျက်ရှိသည်။

တိုက်ခိုက်ရေးဒရုန်းများတွင် ဉာဏ်ရည်တု(AI)နည်းပညာများ ထည့်သွင်း၍ တိုက်ခိုက်ချေမှုန်းရမည့်ပစ်မှတ်များကို စိစစ်ဖော်ထုတ်ခြင်းတို့တွင် အသုံးပြုလျက်ရှိကြောင်း ရုရှားဖက်ဒရယ် ချူကလီးယားစင်တာ၏ သိပ္ပံပညာဆိုင်ရာအကြီးအကဲက အတည်ပြုပြောကြားခဲ့သည်။

ယူကရိန်းစစ်ဘက်ကလည်း ပိုမိုကောင်းမွန်သော ပစ်မှတ်စိစစ်ခွဲခြား၊ ဖော်ထုတ်ခြင်းများ လုပ်ဆောင်နိုင်ရန်အတွက် ဒရုန်းများတွင် အလိုအလျောက်မှတ်သားမှုစနစ်များ ထည့်သွင်းအသုံးပြုခြင်း အပါအဝင် တိုက်ခိုက်ရေးဒရုန်းများ၏ စွမ်းဆောင်ရည်ကို အဆင့်မြှင့်တင်ရန်ရည်ရွယ်၍ ဒရုန်းနည်းပညာတွင် အများအပြားရင်းနှီးမြှုပ်နှံ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**Russia Unveils Drone Neural Network to Detect NATO Equipment in Special Op Zone ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်နိုင်ငံ NORINCO ကုမ္ပဏီက ကမ္ဘာ့ကာကွယ်ရေးပြပွဲတွင် BZK-005E ဒရုန်းကို ထုတ်ဖော်ပြသ

ဆော်ဒီအာရေဗျနိုင်ငံတွင် ပြုလုပ်ကျင်းပခဲ့သော ကမ္ဘာ့ကာကွယ်ရေးပြပွဲ World Defense Show (WDS) 2024 တွင် တရုတ်နိုင်ငံ NORINCO (China North Industries Corporation) က BZK-005E ဒရုန်းကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက ဖေဖော်ဝါရီ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

BZK-005E သည် တရုတ်ရေတပ်အတွက် ထောက်လှမ်းပလက်ဖောင်းတစ်ခုအဖြစ် ပေကျင်းမြို့ လေကြောင်းနှင့် အာကာသယာဉ်သိပ္ပံတက္ကသိုလ်၊ Harbin လေယာဉ်စက်မှုလုပ်ငန်းစုတို့မှ မူလက ဒီဇိုင်းထုတ်ထားခဲ့ခြင်းဖြစ်သည်။ ထို့နောက် ကနဦးဗားရှင်း BZK-005 ဒရုန်းကို စဉ်ဆက်မပြတ် အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ယခုအခါ BZK-005E ဖွံ့ဖြိုးတိုးတက်မှုကို တရုတ်နိုင်ငံ၏ နယ်နိမိတ်ကျော်လွန်၍ ကမ္ဘာလုံးဆိုင်ရာဈေးကွက်ကို ပစ်မှတ်ထားထုတ်ဖော်ပြသရာတွင် Beihang Unmanned Aircraft System Technology Co., Ltd ကုမ္ပဏီက ဦးဆောင်ခဲ့သည်။ ဤဒရုန်းသည် ကုန်းပြင်မြင့်များကဲ့သို့သော စိန်ခေါ်မှုမြင့်မားသည့် အခြေအနေများတွင် ရည်မှန်းချက်တာဝန်များ ထမ်းဆောင်နိုင်ရန် အလိုအလျောက် ပျံသန်းမှုထိန်းကျောင်းရေးစနစ်ဖြင့် လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ဆားမောက်၊ အစိုဓာတ်နှင့် မြူခိုးများဒဏ်ကို ခံနိုင်ရည်ရှိစေရန် ဒီဇိုင်းထုတ်ထားပြီး ကုန်းပြင်မြင့်မှ သမုဒ္ဒရာများ၊ သဲကန္တာရများထိ မြေမျက်နှာသွင်ပြင်ပတ်ဝန်းကျင်များအတွက် သင့်လျော်ပြီး ရာသီဥတုမရွေး ဖြန့်ကြက်အသုံးပြုနိုင်မည်ဖြစ်သည်။

အဆင့်မြင့် ပေါင်းစည်းမှုအနေဖြင့် BZK-005E ဒရုန်းကို Synthetic Aperture Radar (SAR)၊ Electro-Optical (EO) အာရုံခံကိရိယာများ၊ ကင်းထောက်ခြင်းနှင့် ဆက်သွယ်ရေး ထပ်ဆင့်ပို့လွှင့်စနစ်များကဲ့သို့သော စက်ပစ္စည်းအမျိုးမျိုးကို သယ်ဆောင်ပျံသန်းနိုင်စေမည်ဖြစ်သည်။ နာရီ ၄၀ ကျော် လေထဲတွင် ပျံသန်းနေနိုင်စွမ်းရှိသော အမြင့်မီတာ ၈၀၀၀၊ အများဆုံးသယ်ဆောင်ပျံတက်နိုင်သည့်အလေးချိန် ကီလိုဂရမ် ၁၅၀၀ နှင့် Payload အလေးချိန် ကီလိုဂရမ် ၃၇၀ တင်ဆောင်နိုင်သော BZK-005E ဒရုန်းသည် ကင်းထောက်နှင့်အီလက်ထရွန်နစ်စစ်ဆင်ရေး (ELINT) လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရန် အသုံးပြုနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ဒရုန်း၏ပထမဆုံးမော်ဒယ်ကို Zhejiang ပြည်နယ် Taizhou မြို့တွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၃ ရက်က ထုတ်လုပ်နိုင်ခဲ့ပြီး စမ်းသပ်ပျံသန်းမှုအားလုံးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ပေကျင်းအခြေစိုက် Beihang UAS Technology ကုမ္ပဏီသည် ယခုအခါတွင် BZK-005E အတွက် ၂၀၂၃ ခုနှစ် စက်တင်ဘာလက တင်ပို့ရောင်းချခွင့်လိုင်စင်ကို အောင်မြင်စွာရယူပြီးနောက် ပထမဆုံး နိုင်ငံတကာ ဖောက်သည်ကိုရှာဖွေနိုင်ရန် ကြိုးပမ်းလာခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

ဤသမိုင်းမှတ်တိုင်သည် ကမ္ဘာတစ်ဝန်းရှိ စစ်ဘက်နှင့် ထောက်လှမ်းရေးဝန်ဆောင်မှုအဖွဲ့များ၏ လိုအပ်ချက်များနှင့်အညီ ခေတ်မီပြီးစွမ်းဆောင်ရည်မြင့် ဖြေရှင်းချက်များကို တင်ပို့ရောင်းချခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ ဒရုန်းဈေးကွက်တွင် အဓိကအရေးပါသော နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန် တရုတ်နိုင်ငံ၏ရည်မှန်းချက်ကို အလေးပေးဖော်ပြနေသည်။

BZK-005E ဒရုန်းဖြင့် တရုတ်နိုင်ငံသည် စစ်ဘက်လေကြောင်းစွမ်းအား ကဏ္ဍတွင် ဆန်းသစ်တီထွင်နိုင်စွမ်းရှိရုံသာမက နိုင်ငံတကာ ကာကွယ်ရေးဈေးကွက်တွင် ပြိုင်ဆိုင်လွှမ်းမိုးမှုနှင့် ရပ်တည်မှုကိုပြသလိုခြင်းလည်းဖြစ်သည်။



**NORINCO showcases BZK-005E drone at World Defense Show 2024 ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# အာဂျင်တီးနားနိုင်ငံရှိ လော့အလာဆက် အမျိုးသားဥယျာဉ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် ဧက ၂၀၀၀၀ ကျော်ပျက်စီးခဲ့



**ဗျူနို့စ်အေရိစ် ဖေဖော်ဝါရီ ၁၅**

အာဂျင်တီးနားနိုင်ငံ ကျူးဘတ်ပြည်နယ်၌ ရက်ပေါင်း ၂၀ကျော်ကြာ တောမီးလောင်ကျွမ်းမှုများကြောင့် ပြည်နယ်အတွင်းရှိ လော့အလာဆက် အမျိုးသားဥယျာဉ်ကို တောမီးကူးစက်လောင်ကျွမ်းခဲ့ရာ ဖေဖော်ဝါရီ ၁၃ ရက်ထိ ဧက ၂၀၀၀၀ ကျော် ထိခိုက်ပျက်စီးခဲ့ကြောင်း အာဂျင်တီးနားအစိုးရက ထုတ်ပြန်ခဲ့သည်ဟု ဖေဖော်ဝါရီ ၁၄ ရက် သတင်းများအရ သိရသည်။

ကျူးဘတ်ပြည်နယ်အတွင်း တောမီးလောင်ကျွမ်းမှုသည် ဇန်နဝါရီ ၂၅ ရက်တွင် စတင်ဖြစ်ပွားခဲ့ပြီး တောမီးလောင်ကျွမ်းမှုသည် ရက်ပေါင်း ၂၀ ကျော်ကြာမြင့်လျက်ရှိကာ နှစ်ထောင်ချီသက်တမ်းရှိ Larch ထင်းရှူးတောများဖြင့် လူသိများထင်ရှားသော လော့အလာဆက်အမျိုးသားဥယျာဉ်ကိုပါ တောမီးကူးစက်လောင်ကျွမ်းလျက်ရှိကြောင်း သစ်တောအတွင်းဝန်ရိုးမီးသတ်စီမံခန့်ခွဲမှုအဖွဲ့အစည်းက သတင်းထုတ်ပြန်ထားသည်။

ကနဦး တောမီးငြိမ်းသတ်ရေးလုပ်ငန်းများကို မီးသတ်သမားနှင့် စေတနာ့ဝန်ထမ်း ၃၃၆ ဦးဖြင့် ဆောင်ရွက်လျက်ရှိပြီး နောက်ထပ်မီးသတ်သမား ၅၂ ဦး ထပ်မံဖြည့်တင်းပေးသွားမည်ဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါအမျိုးသားဥယျာဉ်ကို ၁၉၃၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး လှပသောသဘာဝရှုခင်းများ၊ ရေခဲမြစ်များ၊ နှစ်ပေါင်း ၂၆၂၀ ခန့်သက်တမ်းရှိ သစ်တောများကြောင့် ယူနက်စကိုကမ္ဘာ့အမွေအနှစ်စာရင်းဝင် နေရာတစ်ခုဖြစ်ကြောင်း၊ မကြာခဏတောမီးလောင်ကျွမ်းမှုသည် အဆိုပါအမျိုးသားဥယျာဉ်၏ ဇီဝမျိုးစုံမျိုးကွဲများကိုလည်း ခြိမ်းခြောက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း သစ်တောအတွင်းဝန်ရိုး မီးသတ်စီမံခန့်ခွဲမှုအဖွဲ့အစည်း၏ သတင်းထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

# အမေဇုန်မိုးသစ်တောပျက်စီးမှု ၂၀၅၀ ပြည့်နှစ်တွင် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနိုင်

**ဘရာဇီးလီးယား ဖေဖော်ဝါရီ ၁၅**

ရာသီဥတုဖောက်ပြန်မှု၊ အပူချိန်ပြင်းထန်မှု၊ မိုးခေါင်ရေရှားမှုနှင့် အခြားအကြောင်းအရာများကြောင့် အမေဇုန်မိုးသစ်တော ပျက်စီးမှုသည် ၂၀၅၀ ပြည့်နှစ်တွင် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက သတိပေးပြောကြားခဲ့သည်ဟု ဖေဖော်ဝါရီ ၁၄ ရက် သတင်းများအရ သိရသည်။

အမေဇုန် မိုးသစ်တောသည် ကမ္ဘာကြီးပူနွေးလာမှု၊ ပြင်းထန်သောမိုးခေါင်ရေရှားမှု၊ သစ်တောပြုန်းတီးမှုနှင့် မီးလောင်ကျွမ်းမှုတို့ဖြင့် ဆက်တိုက်ကြုံတွေ့နေရမှုများကြောင့် လာမည့် ၂၀၅၀ ပြည့်နှစ်အရောက်တွင် လက်ရှိသစ်တောဖုံးလွှမ်းမှု၏ ၁၀ ရာခိုင်နှုန်းမှ ၄၇ ရာခိုင်နှုန်းထိ ရာသီဥတုပြောင်းလဲမှု၏ ခြိမ်းခြောက်မှုများကို ပြင်းထန်စွာ ခံစားရလိမ့်မည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံအခြေစိုက် Nature ဂျာနယ်တွင် သိပ္ပံပညာရှင်များ၏ အစီရင်ခံစာကို ရေးသားဖော်ပြထားသည်။

“ကျွန်တော်တို့ လက်ရှိဖြစ်ပေါ်နေတဲ့အခြေအနေတွေထက် ကျော်လွန်သွားလို့မရတော့ပါဘူး။ ဒီထက်ပိုဆိုးလာရင် သစ်တောတွေအလိုလိုခြောက်သွေ့တဲ့အဆင့်ကိုရောက်လာပါလိမ့်မယ်။ ဒါကြောင့် အမေဇုန်မိုးသစ်တောတွေအတွက် အနီရောင်သတိပေးချက်ကို ထုတ်ပြန်သင့်တဲ့အချိန် ရောက်နေပါပြီ”ဟု အဆိုပါအစီရင်ခံစာကို ဦးဆောင်ရေးသားသူ ဆန်တာကာရီနာ တက္ကသိုလ်မှ ဂေဟဗေဒပညာရှင် ဘန်နာဒိုဖလောရက်စ်က ပြောကြားခဲ့သည်။

အပူချိန်လွန်ကဲမှုကြောင့် ဂေဟစနစ်များ တဖြည်းဖြည်းပျက်စီးလာကာ သစ်တောများအလိုလိုခြောက်သွေ့လာပြီး တောမီးလောင်ကျွမ်းမှုများ ပိုမိုဖြစ်ပေါ်လာဖွယ်ရှိကြောင်း ဘန်နာဒိုဖလောရက်စ်က ပြောကြားသည်။

ယခုအခါ အမေဇုန်မိုးသစ်တောများ၏ပြုန်းတီးမှုသည် ၁၈ ရာခိုင်နှုန်းခန့်ရှိပြီဖြစ်ပြီး ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းထိ ရောက်ရှိလာပါက သစ်တောတစ်ခုလုံးသည် ဆာဗားနားမြက်ခင်းများအဖြစ်သို့ ပြောင်းလဲသွားနိုင်ကြောင်း သိပ္ပံပညာရှင်များက သတိပေးပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : AZH**

# အမေရိကန်နိုင်ငံ ဝစ်ကွန်ဆင်းပြည်နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ သန်းထိရှိခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၅**

အမေရိကန်နိုင်ငံ ဝစ်ကွန်ဆင်းပြည်နယ် ဖူလ်တန်မြို့တွင် ဖေဖော်ဝါရီ ၉ ရက်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ သန်းထိ ရှိခဲ့ကြောင်း ဝစ်ကွန်ဆင်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လေဆင်နှာမောင်းကြောင့် နေအိမ်များပျက်စီးခဲ့ပြီး အခြေခံအဆောက်အအုံများလည်း ပျက်စီးခဲ့ကြောင်း၊ အာဏာပိုင်အဖွဲ့အစည်း၏ စိစစ်ချက်အရ ပျက်စီးခဲ့သည့် နေအိမ်နှင့် အခြေခံအဆောက်အအုံ ၃၀ ကျော်ရှိခဲ့ပြီး သေဆုံးသူရှစ်ဦးရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင်လည်း ကြီးမားသည့်ဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက်လည်း စတင်ပြင်ဆင်နေပြီဖြစ်ကြောင်း သိရသည်။



“ဖေဖော်ဝါရီ ၉ ရက်က တိုက်ခတ်ခဲ့တဲ့ လေဆင်နှာမောင်းကြောင့် ပျက်စီးဆုံးရှုံးမှုပမာဏကို စိစစ်ရာမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ သန်းထိ ရှိခဲ့ပါတယ်။ အခြေခံအဆောက်အအုံနဲ့နေအိမ်တွေ ပျက်စီးခဲ့တယ်။ သေဆုံးသူရှစ်ယောက်ရှိခဲ့တယ်။ ပုံမှန်အားဖြင့် ဖေဖော်ဝါရီလမှာ လေဆင်နှာမောင်း တိုက်ခတ်လေ့မရှိပါဘူး။ သမိုင်းတစ်လျှောက် ဖေဖော်ဝါရီလမှာ ပထမဦးဆုံးအကြိမ် လေဆင်နှာမောင်း တိုက်ခတ်ခဲ့တာဖြစ်ပါတယ်။ နေအိမ်တွေ ပျက်စီးခဲ့တဲ့ ဒေသခံတွေကိုတော့ ကယ်ဆယ်ရေးစခန်းတွေမှာ နေရာချပေးထားပါတယ်”ဟု ဝစ်ကွန်ဆင်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# Google က လေထုညစ်ညမ်းမှုအခြေအနေကို ဖော်ထုတ်နိုင်ရေး ဆောင်ရွက်သွားမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၅**

အမေရိကန်နိုင်ငံ အခြေစိုက် Google နည်းပညာကုမ္ပဏီသည် လေထုညစ်ညမ်းမှုအခြေအနေကို ဖော်ထုတ်နိုင်ရေး အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

Google နည်းပညာကုမ္ပဏီသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ရည်ရွယ်၍ Environmental Defense Fund ရန်ပုံငွေအဖွဲ့ကို ဖွဲ့စည်းထားပြီး ဂြိုဟ်တုတစ်လုံးလွှတ်တင်ကာ ရေနံနှင့် သဘာဝဓာတ်ငွေ့မှထွက်ပေါ်နေသည့် မီသိန်းဓာတ်ငွေ့ပမာဏကို အချိန်ပြည့်စောင့်ကြည့်နိုင်ရေးအတွက် ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း၊ အဆိုပါဂြိုဟ်တုကိုလည်း MethaneSAT အမည်ဖြင့် လွှတ်တင်သွားမည်ဖြစ်ပြီး လာမည့်မတ်လတွင် စတင်လွှတ်တင်နိုင်ရန် စီစဉ်ထားကြောင်း ထုတ်ပြန်ခဲ့သည်။

“စွမ်းအင်ကုမ္ပဏီတွေရဲ့ စွမ်းအင်ထုတ်လုပ်မှု လုပ်ကွက်တွေကနေ မီသိန်းဓာတ်ငွေ့တွေ ပျံ့နှံ့နေတယ်။ မီသိန်းဓာတ်ငွေ့က ကာဗွန်လိုပဲ လေထုညစ်ညမ်းမှုကို ဆိုးရွားစွာဖြစ်ပေါ်စေပါတယ်။ ဒါကြောင့် မီသိန်းဓာတ်ငွေ့တွေ ထုတ်လွှတ်မှုနဲ့ပတ်သက်ပြီး အခြေပြဇယားတွေ ထုတ်ပြန်နိုင်ဖို့အတွက် ဂြိုဟ်တုလွှတ်တင်သွားဖို့ စီစဉ်နေပါတယ်။ ဂြိုဟ်တုကနေ မီသိန်းဓာတ်ငွေ့ပျံ့နှံ့မှုကို အချိန်နဲ့တစ်ပြေးညီသိရှိနိုင်ဖို့အတွက် ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ဂြိုဟ်တုကနေ ရရှိလာတဲ့ သတင်းအချက်အလက်တွေကိုလဲ သက်ဆိုင်ရာတာဝန်ရှိသူတွေ သိရှိနိုင်ဖို့အတွက် ထုတ်ပြန်ပေးသွားမယ်။ အဓိကကတော့ လေထုညစ်ညမ်းမှုတိုက်ဖျက်ရေးအတွက် ဆောင်ရွက်နေတဲ့ စီမံချက်တွေကို အထောက်အကူဖြစ်စေနိုင်ဖို့ ရည်ရွယ်ပါတယ်”ဟု Google နည်းပညာကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူ မက်ဂွဲယားက ပြောကြားခဲ့သည်။

မီသိန်းဓာတ်ငွေ့သည် ကာဗွန်ကဲ့သို့ပင် လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေနိုင်သည့်အတွက် မီသိန်းဓာတ်ငွေ့လျှော့ချရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ နည်းပညာအကူအညီပေးသွားမည်ဖြစ်ကြောင်း Environmental Defense Fund ရန်ပုံငွေအဖွဲ့က ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# ကိုလံဘီယာနိုင်ငံတွင် မျိုးသုဉ်းပျောက်ကွယ်နိုင်သည့်ဇီဝမျိုးစုံမျိုးကွဲများ ခုနစ်နှစ်အတွင်း ပိုမိုမြင့်တက်လာ

**ဘိုဂိုတာ ဖေဖော်ဝါရီ ၁၅**

ကိုလံဘီယာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုနှုန်း မြင့်မားလာသည့်အတွက် မျိုးသုဉ်းပျောက်ကွယ်မည့်အရေးဖြင့် ရင်ဆိုင်နေရသည့် ဇီဝမျိုးစုံမျိုးကွဲများ ခုနစ်နှစ်အတွင်း ပိုမိုမြင့်တက်လာကြောင်း ကင်ညာနိုင်ငံအခြေစိုက် United Nations Environment Programme (UNEP)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဇီဝမျိုးစုံမျိုးကွဲများသည် ၂၀၁၇ ခုနှစ်မှစ၍ မျိုးသုဉ်းပျောက်ကွယ်မည့်အရေးဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ်ထိ ခုနစ်နှစ်အတွင်း မျိုးသုဉ်းမည့်အန္တရာယ်ဖြင့် ရင်ဆိုင်လာရသည့်နှုန်းမှာ ပိုမိုမြင့်တက်နေသည့်အတွက် မျိုးသုဉ်းမည့်အရေးကို ကာကွယ်နိုင်ရန် အရေးပေါ်စီမံချက်များ လိုအပ်လာကြောင်း UNEP က သတိပေးချက် ထုတ်ပြန်ခဲ့သည်။

“ကိုလံဘီယာနိုင်ငံဟာ ဇီဝမျိုးစုံမျိုးကွဲ များပြားတဲ့နိုင်ငံဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်မားတဲ့ နိုင်ငံစာရင်းတွေမှာလဲ ပါဝင်နေပါတယ်။ ဇီဝမျိုးစုံမျိုးကွဲ ၇၅၀၀၀ ကျော်ထိရှိနေတဲ့နိုင်ငံဖြစ်တယ်။ ရာသီဥတုဖောက်ပြန်မှုကြောင့် ၂၀၁၇ ခုနှစ်လောက်ကနေ စတင်ပြီးတော့ ဇီဝမျိုးစုံမျိုးကွဲတချို့ မျိုးသုဉ်းပျောက်ကွယ်မဲ့အရေးနဲ့ရင်ဆိုင်လာရတယ်။ လက်ရှိအခြေအနေကတော့ မျိုးသုဉ်းပျောက်ကွယ်မဲ့အရေးနဲ့ ရင်ဆိုင်လာရတဲ့ ဇီဝမျိုးစုံမျိုးကွဲ ပိုမိုမြင့်တက်လာတယ်။ တာဝန်ရှိသူတွေအနေနဲ့ ရာသီဥတုဖောက်ပြန်မှုကို အမြန်ဆုံးဆောင်ရွက်သွားဖို့ တိုက်တွန်းချင်ပါတယ်”ဟု UNEP မှပြောရေးဆိုခွင့်ရှိသူ သုတေသီတစ်ဦးက ပြောကြားခဲ့သည်။

မျိုးသုဉ်းပျောက်ကွယ်မှုနှုန်းမြင့်တက်လာသော တိရစ္ဆာန်အမျိုးအစားတွင် ပင်လယ်အတွင်းနေထိုင်ပြီး အပင်ကိုသာ စားသောက်သည့်နို့တိုက်သတ္တဝါဖြစ်သော ရေဝက်မျိုးစိတ်များပါဝင်ကြောင်း၊ ရာသီဥတုဖောက်ပြန်မှု လျှော့ချရေးအတွက် အရေးပေါ်ဆောင်ရွက်မှု လိုအပ်နေပြီး လိုအပ်လာပါက နိုင်ငံတကာ၏ အကူအညီကို ရယူသွားသင့်ကြောင်း UNEP က တိုက်တွန်းခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

စာမျက်နှာ ၁၇ မှအဆက်

**အသိဉာဏ်ပညာနှင့် စဉ်းစားသုံးသပ်ဆောင်ရွက်မှုမရှိသည့် အဖွဲ့အစည်းများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကြောင့် နေရာဒေသအချို့တွင် တည်ငြိမ်အေးချမ်းမှုမရှိဘဲ ပြည်သူများ ဆင်းရဲဒုက္ခများစွာရောက်နေရခြင်းဖြစ်**ကြောင်း၊ အဆိုပါ **အဖျက်အမှောင့်လုပ်ရပ်များသည် တိုင်းပြည်အတွက် အန္တရာယ်အလွန်ကြီးခြင်းကြောင့် ပြည်သူလူထုအားလုံးက သိရှိနားလည်ကြရန် သတင်းတု၊ သတင်းမှားများကို တုံ့ပြန်ခြင်း၊ သတင်းမှန်များကို ထုတ်လွှင့်ဖော်ပြပေးခြင်း၊ အသိပညာပေးခြင်းများကို တိုးမြှင့်ဆောင်ရွက်ပေးသွားကြရန် မှာကြားလို**ကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ခေတ်အဆက်ဆက်က MRTV ၏ ဝန်ထမ်းဟောင်းများ သူ့ခေတ်သူ့အခါ အလိုက် တာဝန်ကျေပွန်ခဲ့ကြသကဲ့သို့ MRTV ၏ မျိုးဆက်သစ်ဝန်ထမ်းများကလည်း **"ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်"** သမိုင်းပေး တာဝန်များကိုသစ္စာရှိရှိဖြင့် ဝန်ထမ်းကောင်း များပီသစွာ ကျေပွန်အောင် ဆက်လက်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။

**နိုင်ငံတော်၏ သမိုင်းကြောင်းနှင့်အတူ ခေတ်အဆက်ဆက် နိုင်ငံနှင့်ပြည်သူ့အပေါ် တာဝန်ကျေပွန်ခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြောင်းလဲတိုးတက်နေသည့် နည်းပညာများနှင့်အညီ လိုက်ပါ အသုံးပြုပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အမြင်သစ်၊ အသွင်သဏ္ဌာန်အသစ်များ ဖန်တီးထုတ်လုပ်မှုများနှင့် ပိုမိုဆန်းသစ် တင်ဆက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊** တစ်ဆက်တည်းတွင် **မြန်မာနိုင်ငံ၌ အနုပညာရှင်၊ အတတ်ပညာရှင်များစွာမွေးထုတ်ပေးရာ၊ ပန်းပေါင်းစုံ ဖူးပွင့်လန်းဆန်းရာ ပန်းဥယျာဉ်ကြီးသဖွယ်ဖြစ်အောင်၊ ပြည်သူများ အားကိုးအားထားပြုရသည့် တိုင်းကျိုးပြည်ပြု ဝန်ဆောင်မှုပြုနေသည့် မြန်မာနိုင်ငံ၏ စတုတ္ထမဏ္ဍိုင်တစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူလူထုအားလုံးအပြင် ပြည်ပနိုင်ငံများတွင်ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများနှင့် အခြားပရိသတ်များအတွက်ပါ သတင်းအချက်အလက်အပါအဝင် အသိပညာဗဟုသုတ၊ အကြားအမြင်များနှင့် ဖျော်ဖြေတင်ဆက်မှုများ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက်သာမက ကမ္ဘာ့နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်နှလုံးတွင် အစဉ်အမြဲ မှတ်မှတ်ထင်ထင်ရှိလာအောင် စွမ်းဆောင်ပေးကြရန် မှာကြားလို**ကြောင်း။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့် လက်ဖက်ရည်ဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများနှင့်အတူ ရင်းရင်းနှီးနှီးသုံးဆောင်စဉ်။**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ၇၈ နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့မှသည် ရာစုနှစ်ပေါင်းများစွာထိ ကောင်းခြင်း ဂုဏ်သတင်း မွှေးပျံ့မှုများစွာနှင့်အတူ အောင်မြင်စွာလျှောက်လှမ်းမှုဖြင့် ဝင့်ထည်တင့်တယ်စွာဖြင့် ရှင်သန်ရပ်တည်နိုင်ပါစေကြောင်းကို ဆန္ဒပြုဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အဆင့် အခမ်းအနားကြီးများ ကျင်းပခဲ့မှုတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက ကဏ္ဍစုံလင်စွာ ပါဝင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဂုဏ်ပြုဆုနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ချီးမြှင့်ပေးအပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီ တေးဂီတအဖွဲ့နှင့် ပြင်ပအနုပညာရှင်များက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နိုင်ငံတော်သံစုံတီးဝိုင်း၊ နိုင်ငံတော်ဆိုင်းဝိုင်းကြီးနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့တို့ဖြင့် တွဲဖက်၍ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။







ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွင်း ပြန်ကြားရေးနှင့် ထုတ်လွှင့်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကဏ္ဍအလိုက် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့် လက်ဖက်ရည်ဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများနှင့်အတူ ရင်းရင်းနှီးနှီးသုံးဆောင်ခဲ့ကြပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရေဒီယိုနှင့် ရုပ်သံလွှင့်လုပ်ငန်းတစ်ခုဖြစ်ပြီး ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေပေးရန်၊ ရည်မှန်းချက်များနှင့်အညီ ထုတ်လွှင့်တင်ဆက်လျက်ရှိသည်။

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်ရေဒီယို (Rangoon Radio) မှ ဗမာ့အသံ (Burma Broadcasting Services-BBS) အမည်ဖြင့် စတင်အသုံးပြုခဲ့ပြီး ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာ ၁ ရက်တွင် ရောင်စုံရုပ်မြင်သံကြားအဖြစ် စတင်ပုံမှန်ထုတ်လွှင့်ခဲ့သည်။ ယခုအခါ MRTV HD၊ MRTV News၊ MRTV NRC၊ MRTV Farmer's၊ MRTV Parliament၊ MRTV Sports ရုပ်သံလိုင်းများနှင့် ဆက်စပ်ရုပ်သံလိုင်းအဖြစ် အင်္ဂလိပ်ဘာသာဖြင့်ထုတ်လွှင့်သည့် MITV ရုပ်သံလိုင်းများ ထုတ်လွှင့်လျက်ရှိပြီး မြန်မာ့အသံရေဒီယို၊ သပြေရေဒီယို၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် Myanma Radio၊ တိုင်းရင်းသားဘာသာ ၁၇ မျိုးပါဝင်သည့် တိုင်းရင်းသားဘာသာ အစီအစဉ်များကို ထုတ်လွှင့်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံအရပ်ရပ်မှ အများပြည်သူများ အရုပ်၊ အသံအရည်အသွေးကောင်းမွန်သည့်အစီအစဉ်များကို ဖမ်းယူကြည့်ရှုနားဆင်နိုင်ရန် မြန်မာနိုင်ငံတစ်ဝန်း Analogue စနစ်ဖြင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ၂၅၈ ရုံ ဖွင့်လှစ်ထားရှိပြီး မြန်မာ့အသံ FM ရေဒီယိုလွှင့်စက်များ တိုးချဲ့တပ်ဆင်ထားသည့် စက်ရုံ ၈၅ ရုံ၊ Digital စနစ်ဖြင့် ထုတ်လွှင့်သည့် DVB T2 လွှင့်စက်တပ်ဆင်ထားသည့် စက်ရုံ ၁၅၅ ရုံဖြင့် Analogue ရုပ်သံလိုင်းနှင့် Digital ရုပ်သံလိုင်းများကို အပြိုင်ထုတ်လွှင့်ပေးလျက်ရှိသည်။ ယခုအခါ အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် ITU မှ CE 06 Agreement အရ အာရှပစိဖိတ်နိုင်ငံများအနေဖြင့် Analogue TV ထုတ်လွှင့်မှုရပ်ဆိုင်းခြင်း ASO လုပ်ငန်းစဉ်ကို သတ်မှတ်ထားရှိခြင်း၊ မြန်မာနိုင်ငံတွင် Digital ရုပ်သံလိုင်း ၁၈ လိုင်း ဖမ်းယူရရှိနေပြီဖြစ်ခြင်း၊ နိုင်ငံပိုင် DTH Platform ကလည်း Digital ရုပ်သံလိုင်းများ ထုတ်လွှင့်နေပြီဖြစ်ခြင်းတို့ကြောင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ Analogue နှင့် Digital စနစ်တို့ဖြင့် ထုတ်လွှင့်နေသော စက်ရုံများအနက် နေပြည်တော်(ပျဉ်းမနား)၊ ရန်ကုန်(ပြည်လမ်း)နှင့် မန္တလေးထပ်ဆင့်လွှင့်စက်ရုံ သုံးရုံ၌ Analogue စနစ်ဖြင့် ရုပ်သံထုတ်လွှင့်ခြင်း ရပ်ဆိုင်းမှုအစီအစဉ် ASO ၏ပထမအဆင့်အဖြစ် ယနေ့မှစတင် ဆောင်ရွက်ခြင်းဖြစ်သည်။ ကျန်ရှိနေသည့် စက်ရုံများကိုလည်း အဆင့်လိုက်ရပ်ဆိုင်းနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ လက်ရှိထုတ်လွှင့်နေသည့် DVB T2 စနစ်တွင် HD Quality ဖြင့် MRTV-HD နှင့် MRTV-News ရုပ်သံလိုင်း နှစ်လိုင်းကို ထုတ်လွှင့်နေရာမှ ဌာနပိုင်ရုပ်သံလိုင်းများနှင့် ဆက်စပ်ရုပ်သံလိုင်းများအပါအဝင် ကိုးလိုင်း တိုးချဲ့ပြီး HD Quality ရုပ်သံလိုင်း ၁၁ လိုင်းဖြင့် အဆင့်မြှင့်တင်ထုတ်လွှင့်သွားမည်ဖြစ်သည်။ ထို့ပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV DTH Platform တွင် ရုပ်သံလိုင်း ခုနစ်လိုင်းကို ထည့်သွင်းထုတ်လွှင့်နေရာမှ ပုဂ္ဂလိက ရုပ်သံလိုင်းများအပါအဝင် ၁၂ လိုင်း ထပ်မံတိုးချဲ့၍ စုစုပေါင်းရုပ်သံလိုင်း ၁၉ လိုင်းဖြင့် ထုတ်လွှင့်သွားမည်ဖြစ်သည်။

ယနေ့အချိန်တွင် သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာမျှဝေပေးရန်၊ ဖျော်ဖြေပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ၁၉၄၆ ခုနှစ်မှ စတင်ရှင်သန်ပေါက်ဖွားလာခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV သည် ၇၈ နှစ်တိုင်ခဲ့ပြီဖြစ်ပြီး ခေတ်အဆက်ဆက်တွင် တိုးတက်ပြောင်းလဲမှုများနှင့် နိုင်ငံပိုင်မီဒီယာကြီးတစ်ခုအဖြစ် မားမားမတ်မတ်ရပ်တည်လျက်ရှိကြောင်း သတင်းရရှိသည်။

# အမျိုးသားရေဥပဒေပေါ်ပေါက်ရေးသည် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှု အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်အလျောက် ကဏ္ဍအလိုက်ဝိုင်းဝန်းအကြံပြုကြိုးပမ်းဆောင်ရွက်




**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

အမျိုးသားရေဥပဒေ ရေးဆွဲပြုစုရေး ဗဟိုကော်မတီ၏(၁/၂၀၂၄) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားရေဥပဒေ ရေးဆွဲပြုစုရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားရေဥပဒေ ရေးဆွဲပြုစုရေး ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ရေဆိုင်ရာဘက်စုံစီမံခန့်ခွဲမှုများစနစ်တကျဆောင်ရွက်နိုင်ရန်နှင့် လိုအပ်ချက်များကို ပြည့်ဆည်းနိုင်ရန်အတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေများအားလုံးကို လွှမ်းခြုံနိုင်မည့် ရေဥပဒေတစ်ရပ်ပေါ်ပေါက်ရေးအတွက် နိုင်ငံတော်က အလေးထား အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်းအတည်ပြုပြဋ္ဌာန်းထားသော ရေနှင့်ဆက်နွှယ်သည့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ချိတ်ဆက်လွှမ်းခြုံသည့် အမျိုးသားရေဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး ဗဟိုကော်မတီ (Steering Committee)ကို နိုင်ငံတော်က ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းပြီးနောက် အမျိုးသားအဆင့် ရေမူဝါဒရေးဆွဲရေးနှင့် အမျိုးသားရေဥပဒေရေးဆွဲရေးတို့အတွက် တွန်းအားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ကော်မတီ၏အကြံပေးအဖွဲ့က ပြုစုတင်ပြခဲ့သည့် အမျိုးသားအဆင့် ရေမူဝါဒကို ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်နိုင်ခဲ့ပြီး အမျိုးသားရေဥပဒေမူကြမ်းရေးဆွဲရေးအတွက် ပြည်သူ့အကြံပြုအလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပခဲ့ကြောင်း၊ အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီအနေဖြင့် ရေဥပဒေရေးဆွဲပြဋ္ဌာန်းရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားရေဥပဒေပြုစုရေး(Task Force) အဖွဲ့ကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ နိုင်ငံအတွင်းရှိ ရေအရင်းအမြစ်များစီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အမျိုးသားရေဥပဒေပေါ်ပေါက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး ရေဥပဒေရေးဆွဲပြဋ္ဌာန်းရေးကို တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပေးခဲ့ကြောင်း။

အမျိုးသားရေဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက အမျိုးသားရေဥပဒေပြုစုရေး(Task Force)အဖွဲ့ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ အမျိုးသားရေဥပဒေ ပထမမူကြမ်းအပေါ် ဌာနအဖွဲ့အစည်းများ၏သဘောထားမှတ်ချက်နှင့် အကြံပြုချက်များကို စုစည်း၍ အမျိုးသားရေဥပဒေဒုတိယမူကြမ်းကိုပြင်ဆင်တည်းဖြတ်လျက်ရှိကြောင်း၊ အမျိုးသားရေဥပဒေပေါ်ပေါက်ရေးသည် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှု အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်အလျောက် ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအနေဖြင့် အမျိုးသားရေဥပဒေ(မူကြမ်း)ရေးဆွဲပြုစုရေး၊ အတည်ပြုရေးနှင့် ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး ဗဟိုကော်မတီအတွင်းရေးမှူး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက အမျိုးသား ရေဥပဒေမူကြမ်းရေးဆွဲရေးနှင့် စပ်လျဉ်းသည့် နောက်ခံသမိုင်း၊ အမျိုးသားအဆင့် ရေမူဝါဒ၊ ရေဥပဒေရေးဆွဲရေးဆောင်ရွက်ခဲ့မှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဖြန့်ဝေထားသည့် အမျိုးသားရေဥပဒေ (ဒုတိယမူကြမ်း)၊ အမျိုးသားရေဥပဒေပြုစုရေးလုပ်ငန်းစဉ်များနှင့် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ☆ ကြိုဆိုထောက်ခံပွဲမှ

အဆိုပါ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲများကို ယနေ့မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်စည်ပင်သာယာရေးရုံးဘေး (မြနန္ဒာပန်းခြံ)၌ လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် ဥက္ကလာသီရိ ပန်းခြံဝင်း၌လည်းကောင်း၊ လှိုင်သာယာမြို့နယ်(အရှေ့ပိုင်း) အောင်မြေသာယာ အားကစားဝင်း၌လည်းကောင်း၊ တွံတေး-ဒလ-လှိုင်သာယာ၊ ဘုရားငုတ်တိုလမ်းဆုံ၊ သန်လျင်မြို့နယ် ငြိမ်းချမ်းကွင်း၌လည်းကောင်း၊ ကျောက်တံတားမြို့နယ် ဆူးလေ ယာဉ်ရပ်နားကွင်း၌လည်းကောင်း အသီးသီးကျင်းပပြုလုပ်ကြသည်။

ဦးစွာ သက်ဆိုင်ရာမြို့နယ်များမှ ဒေသခံမျိုးချစ်ပြည်သူများက သတ်မှတ်နေရာ အသီးသီးတွင် "ပြည်သူ့စစ်မှုထမ်းဥပဒေအား အပြည့်အဝထောက်ခံကြိုဆိုပါသည်။ နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရေး တစ်မျိုးသားလုံး စစ်မှုထမ်းဆောင်စို့။ ဒီတာဝန်အရေးသုံးပါးကိုကာကွယ်စောင့်ရှောက်ရန်အတွက် တစ်မျိုးသားလုံး စစ်ပညာသင်ကြားရန်နှင့် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိနေဖို့ စစ်ပညာသင်ကြစို့" အစရှိသည့် ပိုစတာများကိုင်ဆောင်ပြီး ကွင်းအတွင်းနေရာယူခဲ့ကြသည်။

ယင်းနောက် မျိုးချစ်ပြည်သူများက နိုင်ငံတော်အလံအား အလေးပြုခြင်း၊ နိုင်ငံတော်သီချင်းအား သံပြိုင်သီဆိုခြင်း၊ ဇာတိမာန်သီချင်းအား သံပြိုင်သီဆိုခြင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များကို အမျိုးသားရေးအင်အားစုမှ တာဝန်ရှိသူများက ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပါသည်ဟု တစ်ခဲနက်ဆန္ဒထုတ်ဖော်ကာ ငြိမ်းချမ်းစွာ လူစုခွဲခဲ့ကြကြောင်း သတင်းရရှိသည်။




ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကြိုဆိုထောက်ခံပွဲ ပြုလုပ်စဉ်။

**ပုဂံရွေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရွေးဟောင်းရေကန် ၄၆ ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်**

ပုဂံရွေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရွေးဟောင်းရေကန် ၄၆ ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူ ပြည်သူများအနေဖြင့် တတ်စွမ်းသမျှ လှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်း လှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပြီး ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး၊ ရွေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ၊ ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရွေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ရန်ကုန်ဌာနခွဲ) ဖုန်း- ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရွေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရွေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No. 06713906701442701 တို့သို့ ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့ နှစ်နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့ နှစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တက်ရောက်အမှာစကားပြောကြားခဲ့သည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ခွင့်ပြုချက်ဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့ရာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ ဗဟိုဌာနချုပ်ရုံးဖွင့်လှစ်၍ အဖွဲ့ဝင်များ အင်အားတိုးတက်ခိုင်မာလာစေရေးအတွက် စည်းရုံးရေး၊ ဖွဲ့စည်းရေး၊ ရန်ပုံငွေတိုးတက်ရေးအစရှိသည့် လုပ်ငန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း။

ရဲမှုထမ်းဟောင်းအဖွဲ့ဝင် အင်အားတိုးတက်ခိုင်မာလာအောင် တိုင်းဒေသကြီး၊ ပြည်နယ်စည်းရုံးရေးကော်မတီ၊ မြို့နယ်စည်းရုံးရေးကော်မတီများ ဖွဲ့စည်းပြီး စည်းရုံးဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအကုန်တွင် ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့နယ်ရဲမှုထမ်းဟောင်းအဖွဲ့များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များတိုးတက်ဖွဲ့စည်းနိုင်ခဲ့ကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် မြို့နယ်ရဲမှုထမ်းဟောင်းများအဖွဲ့ဝင်များအတွက် သာရေး၊ နာရေး၊ လူမှုရေးဆိုင်ရာကိစ္စများတွင် ကူညီထောက်ပံ့နိုင်ရန်အတွက် ရန်ပုံငွေများပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့်လည်း အလျဉ်းသင့်သလို ရန်ပုံငွေများထည့်ဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြို့နယ်ရဲမှုထမ်းဟောင်းအဖွဲ့များက လက်ရှိပိုင်ဆိုင်ထားသည့်ရန်ပုံငွေကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီသည့်လုပ်ငန်းများဖြင့် တိုးပွားအောင် ဆက်လက်လုပ်ဆောင်သွားပြီးရရှိလာသည့် ရန်ပုံငွေများကို ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ သက်သာချောင်ချိရေးကိစ္စများအပြင် အဖွဲ့ဝင်မိသားစုများ၏ သက်သာချောင်ချိရေးကိစ္စများထိ တတ်စွမ်းသမျှကူညီဆောင်ရွက်ပေးခြင်းဖြင့် မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့ကို ပိုမိုကျစ်လျစ်ခိုင်မာလာအောင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့အနေဖြင့် အဖွဲ့၏ရည်ရွယ်ချက် (၄)ရပ်နှင့် လုပ်ငန်းစဉ်(၆)ရပ်တို့ကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန်အတွက် ငါးနှစ်တာကာလ လျာထားစီမံချက်များရေးဆွဲပြီး နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရေးဆွဲဆောင်ရွက်လျက်ရှိရာတွင် လျာထားစီမံချက်ပါအတိုင်း အောင်မြင်နိုင်ရေးကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့်အဖွဲ့ဝင်အင်အားတောင့်တင်းရေးကို ဦးစားပေးဆောင်ရွက်ရမှာဖြစ်သည့်အတွက် သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ရဲတပ်ဖွဲ့ဝင်ဟောင်းများအားလုံးအဖွဲ့ဝင်ဖြစ်လာစေရေး အလေးထားစည်းရုံးကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့အနေဖြင့် အဖွဲ့၏ရည်ရွယ်ချက်များ အောင်မြင်အောင် ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး သုံးပါးကို ဦးထိပ်ထား၍ ပြည်တွင်းလုံခြုံရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးမှုခင်းကျဆင်းရေးဆောင်ရွက်သည့်အပိုင်းတွင် တတ်စွမ်းနိုင်သမျှ မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပါဝင်ကူညီပေးခြင်းအားဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ရဲမှုထမ်းဟောင်း ကိုယ်စားလှယ်များက တစ်ဦးချင်းမိတ်ဆက်ကာ မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက နှစ်နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ် ချမှတ်ထားရှိမှုတို့ကို ပြည်ထောင်စုဝန်ကြီးထံ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ မြန်မာနိုင်ငံရဲမှုထမ်းဟောင်းအဖွဲ့ နှစ်နှစ်ပြည့်နှစ်ပတ်လည်အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများမြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ၊ ဆေးဝါးများနှင့် တိုင်းရင်းဆေးဝါးများ၊ စားသောက်ဖွယ်ရာများပေးအပ်



ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် ဂုဏ်ပြုချီးမြှင့်ငွေများ၊ ဆေးဝါးများနှင့် တိုင်းရင်းဆေးဝါးများ၊ စားသောက်ဖွယ်ရာများကို တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်ထံ ပေးအပ်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုစွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေများ၊ တိုင်းရင်းဆေးဝါးများနှင့် စားသောက်ဖွယ်ရာများပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၁၄၈၂၄၅၀ (ကျပ်တစ်ရာတစ်ဆယ့်လေးသိန်းရှစ်သောင်းနှစ်ထောင်လေးရာငါးဆယ်)၊ ငွေကျပ် ၄၁၀၅၂၉၅၀(ကျပ်လေးရာတစ်ဆယ်သိန်းငါးသောင်းနှစ်ထောင်ကိုးရာငါးဆယ်) တန်ဖိုးရှိ စားသောက်ဖွယ်ရာများ၊ဆေးဝါးများနှင့်တိုင်းရင်းဆေးဝါးများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်ကြသည်။ ထို့နောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများ၊ တိုင်းရင်းဆေးဝါးများနှင့် စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ကော့သောင်းမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် ကင်းမွန်မီးထွန်းလှေတစ်စီးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**


တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များသည် ကော့သောင်းမြို့၏ အနောက်မြောက်ဘက် ရေမိုင် ၂၁ မိုင်အကွာ၌ ကောင်းကောင်းအမည်ရှိ ကင်းမွန်မီးထွန်းလှေတစ်စီးရေဝင်နစ်မြုပ်နေကြောင်း ဒေသခံငါးဖမ်းလှေများ၏ သတင်းပေးပို့ချက်အရ ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၂ နာရီ ၅ မိနစ်ခန့်တွင် ကယ်ဆယ်ရန်သွားရောက်ရှာဖွေရာ လှေကိုမတွေ့ရှိဘဲ အမှတ်အသားပြ ဘွိုင်ကိုသာတွေ့ရှိရသဖြင့် အနီးပတ်ဝန်းကျင်အား ဆက်လက်လိုက်လံရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာစဉ် လှေသား သုံးဦးကို ရှာဖွေတွေ့ရှိကယ်ဆယ်ခဲ့ပြီး အဆိုပါလှေသားများ၏ပြောကြားချက်အရ မီးထွန်းလှေတွင် လှေသား ရှစ်ဦးပါရှိကြောင်း သိရှိရ၍ ဆက်လက်လိုက်လံရှာဖွေရာ ၎င်းနေရာအနီးတွင်ရှိသော ရတနာထွန်း-၁ အမည်ရှိ မီးထွန်းလှေမှ လှေသား လေးဦးကို ကယ်ဆယ်ထားသဖြင့် စုစုပေါင်းလှေသား ခုနစ်ဦးကို ရေယာဉ်ပေါ်သို့တင်ဆောင်ကာ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများဆောင်ရွက်ပေးပြီး အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်၍ လှေသားများကို သက်ဆိုင်ရာသို့စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



ရေဝင်နစ်မြုပ်ခဲ့သည့် ကင်းမွန်မီးထွန်းစက်လှေမှ လှေသားများကို လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက စားသောက်ဖွယ်ရာများ ကျွေးမွေးစဉ်။

# (၃၆)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၁၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကကြီးမှူးကျင်းပ၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် လှူဒါန်းပူဇော်သည့် (၃၆)ကြိမ်မြောက်မဟာဘွဲ့နှင်းသဘင်အခမ်းအနားနှင့်ဆွမ်းဆန်စိမ်းလောင်းလှူဒါန်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မန္တလေး အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင်စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုပြီး ဘွဲ့နှင်းနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိုင်းဒေသကြီးသံဃနာယကဆရာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး ဓမ္မာစရိယ၊ ပထမပြန်၊နိကာယ်စာအောင်၊အထူးအောင် သံဃာတော်များနှင့်သီလရှင်များ ကြွရောက်တော်မူ၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ သာသနာတော်ဆိုင်ရာသာသနာနုဂ္ဂဟဘွဲ့ရ အလှူရှင်များ၊ဘွဲ့ခံလူပုဂ္ဂိုလ်များ၊ဓမ္မစကြာဝတ်အသင်းများနှင့် ဘာသာရေးအသင်းအဖွဲ့များ၊အလှူရှင်များနှင့်ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး မင်္ဂလာစောင်း အဖွဲ့နှင့်တွဲဖက်၍ အနုပညာဦးစီးဌာနမှ ဗုဒ္ဓရောင်ခြည်တော်ဖွင့် ထူးမခြားနား သီချင်းဖြင့် ဂုဏ်ပြုသီကျူးပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သမ္ဗောဒနီယသာရဏီယဩဝါဒကထာနာယူကြည်ညိုကြသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းတို့က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မန္တလေးတပ်နယ်မှူးတို့က ဘွဲ့နှင်းနာယကဆရာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ မန္တလေးတပ်နယ်မှူးနှင့် တာဝန်ရှိသူများက ဓမ္မာစရိယ၊ ပထမပြန်၊ နိကာယ်စသည့် စာမေးပွဲတို့တွင် စာအောင်အထူးအောင်



သံဃာတော်များ၊ ဓမ္မာစရိယ၊ ပထမပြန်၊ နိကာယ်စသည့်စာမေးပွဲတို့တွင် စာအောင်အထူးအောင် သီလရှင်များ၊ အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်၊ ဝိသုဒ္ဓိမဂ်စာအောင်အထူးအောင် လူပုဂ္ဂိုလ်များကို အောင်လက်မှတ်နှင့် ဆုတံဆိပ်များကို ဆက်ကပ်ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က (၃၆)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပါဝင်လှူဒါန်းခဲ့သည့် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ပြီး တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက စာအောင်သံဃာတော်များအား အောင်လက်မှတ်များအသီးသီး ဆက်ကပ်ကြသည်။

ဆက်လက်၍ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးပေါ်၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊မန္တလေးတပ်နယ်မှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် အလှူရှင်များက သတ်မှတ်နေရာများတွင် ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများက တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "MYAT KYAW"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်နေ မြတ်ကျော်အား ညနေ ၃ နာရီ ၁၅ မိနစ်တွင် တပ်ကုန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ရှိ စံပြဘက်စုံစိုက်ပျိုးရေးနှင့်မွေးမြူရေးခြံသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက် တိုင်းစစ်ဌာနချုပ် စံပြဘက်စုံစိုက်ပျိုးရေးနှင့်မွေးမြူရေးခြံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်သူ့စစ်မှုထမ်းဥပဒေထုတ်ပြန်ပြီးနောက်ပိုင်း ထွက်ပေါ်နေသည့်ကောလာဟလသတင်းများ၊ စိုးရိမ်ထိတ်လန့်မှုများအတွက် မိဘပြည်သူများနှင့် လူငယ်လူရွယ်များ သိရှိစေရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်




အားလုံးမင်္ဂလာပါဗျာ။ ဒီနေ့ ပြည်သူ့စစ်မှုထမ်းဥပဒေထုတ်ပြန်ပြီးတဲ့နောက်ပိုင်းမှာ ထွက်ပေါ်လာတဲ့ ကောလာဟလတွေ၊ ဒီအပေါ်မှာ ဖြစ်ပေါ်နေတဲ့ လုပ်ကြံဖန်တီးမှုတွေ၊ ပြီးရင် စိုးရိမ်ထိတ်လန့်မှုပေါ့၊ ဒါတွေအတွက် ကျွန်တော်တို့အနေနဲ့ ပြောကြားဖို့ရှိတာလေးတွေကို မိဘပြည်သူများအားလုံး၊ လူငယ်လူရွယ်များအားလုံး သိရှိစေဖို့အတွက် ကျွန်တော်တို့ ပြောကြားသွားမှာဖြစ်ပါတယ်။

ပထမဦးဆုံးအနေနဲ့ကတော့ ဒီလုံခြုံရေးတပ်ဖွဲ့တွေက မြို့ရွာတွေမှာ ပေါ်တာဆွဲနေတယ်ဆိုတဲ့ဟာတွေကို ပြည်ဖျက်မီဒီယာများက အဆက်မပြတ်လုပ်ကြံဖန်တီးပြီးတော့ ထုတ်လွှင့်နေတာရှိပါတယ်။ ဒီသတင်းနဲ့ ပတ်သက်ပြီးလည်း မဟုတ်မမှန်တဲ့အကြောင်းကို အခါအားလျော်စွာ သတင်းထုတ်ပြန်ပေးလျက်ရှိပါတယ်။ မိဘပြည်သူတွေကို ကျွန်တော်တင်ပြလိုတာကတော့ ယခုဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေတွေအရ ပြည်သူများရဲ့ နေ့စဉ်လူနေမှုဘဝ၊ လူမှုစီးပွားဘဝလုံခြုံအေးချမ်းစွာ နေထိုင်သွားလာလှုပ်ရှားနိုင်စေဖို့ ဒီလုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ ရဲတပ်ဖွဲ့ဝင်တွေနဲ့ သက်ဆိုင်ရာ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ဧည့်စာရင်းစစ်ဆေးတာတို့၊ လိုအပ်တဲ့စစ်ဆေးမှုတွေပြုလုပ်တာတို့ကို မြို့ရွာတွေမှာ ဆောင်ရွက်နေတာရှိတယ်။ ဒါတွေဆောင်ရွက်တာကလည်း ဒီအကြမ်းဖက်သမားတွေရဲ့ မြို့ရွာတွေမှာ စိမ့်ဝင်တယ်၊ ဗုံးထောင်ဖောက်ခွဲတယ်၊ မိုင်းထောင်ဖောက်ခွဲတယ်၊ ဒါတွေကြောင့် ကျွန်တော်တို့က ဆောင်ရွက်ရတာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ဧည့်စာရင်းမတိုင်ဘဲနဲ့ နေထိုင်နေတဲ့သူတွေ၊ အိမ်ထောင်စုစာရင်းမဝင်တဲ့သူတွေ၊ အိမ်ထောင်စုစာရင်း မပြနိုင်တဲ့သူတွေ စစ်ဆေးတွေ့ရှိရင်တော့ သက်ဆိုင်ရာရဲစခန်းနဲ့ သက်ဆိုင်ရာဌာနတွေက ခေါ်ယူစစ်ဆေးတာတွေရှိတယ်၊ အနည်းအကျဉ်းပါပဲ။ ဒီလိုစစ်ဆေးတွေ့ရှိရင် ဥပဒေနဲ့ အရေးယူဆောင်ရွက်နေသလို အကျိုးအကြောင်း ဆီလျော်တဲ့သူတွေကို ပြန်လည်စေလွှတ်ပေးနေတာ ရှိပါတယ်။ ဒီအပေါ်မှာ ခုနကပြောတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းတဲ့အပေါ်မှာ ပြီးရင် ရပ်ရွာအေးချမ်းသာယာရေး မလိုလားတဲ့သူတွေက အများပြည်သူတွေကို ထိတ်လန့်တုန်လှုပ်ချောက်ချားစေဖို့ ရည်ရွယ်ပြီး ပေါ်တာဆွဲနေတယ်တို့၊ ပြီးရင် ဘယ်နေရာမှာခေါ်သွားပြန်ပြီတို့ ဒါတွေကို အချိန်ကိုက်သတင်းထုတ်လွှင့်နေတာဖြစ်ပါတယ်။ ဒါကြောင့် မိဘပြည်သူတွေအနေနဲ့ ဒီဟာတွေနဲ့ပတ်သက်ပြီးတော့ အသိသတိရှိစွာနဲ့ ပြည်ဖျက်မီဒီယာတွေရဲ့ လှုံ့ဆော်မှုတွေကို သတိထားကြဖို့ ပြောကြားလိုပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ မီဒီယာတချို့နဲ့ လူမှုကွန်ရက်စာမျက်နှာအချို့တွေမှာလည်း ပြည်သူတွေ ပြည်ပထွက်ခွာမှုကို တားဆီးပိတ်ပင်နေတယ်ဆိုတဲ့ ကောလာဟလတွေ ထုတ်လွှင့်နေတာရှိပါတယ်။ ပြည်ပထွက်ခွာခွင့်နဲ့ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ညွှန်ကြားချက်၊ ကန့်သတ်ချက်တွေ ထုတ်ပြန်တာမရှိပါဘူး။ စိစစ်တားဆီးတာမရှိဘဲနဲ့ လေဆိပ်တွေ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ နယ်စပ်ဝင်ထွက်ဂိတ်တွေမှာ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဝင်ထွက်ခွင့်ပြုတာကို စနစ်တကျဝင်ထွက်ခွင့် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပထွက်ခွာခွင့်နဲ့ပတ်သက်ပြီး သီးခြားထုတ်ပြန်ပြီး ကန့်သတ်ထားတာမရှိဘူးဆိုတဲ့အကြောင်းကို ရှင်းလင်းစွာအသိပေးလိုပါတယ်။ ဒါတွေက ဘာနဲ့တူသလဲဆိုတော့ ကျွန်တော်တို့ လူငယ်လူရွယ်တွေအပေါ်မှာ ပစ်မှတ်ထားပြီးတော့ တောထဲကိုရောက်အောင်၊ လူငယ်လူရွယ်တွေကို အကြမ်းဖက်လမ်းစဉ်ကိုရောက်အောင် ပြည်ဖျက်မီဒီယာတွေနဲ့ အကြမ်းဖက်အဖွဲ့တွေက လှုံ့ဆော်တိုက်တွန်းနေတာဖြစ်ပါတယ်။ သားကောင်ဖမ်းသလိုပဲ။ မီဒီယာတွေက သံပုံးတီးပေးတယ်၊ ခြောက်လှန့်ပေးတယ်။ အကြမ်းဖက်အဖွဲ့အစည်းတွေက လာမယ့်လမ်းမှာ ပိုက်တားပြီးတော့ဖမ်းတဲ့သဘောပါပဲ။ ကျွန်တော် ပြီးခဲ့တဲ့နှစ်ရက်လောက် ဆက်တိုက်ပြောပြီးဖြစ်ပါတယ်။ ဒီပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ အကျုံးဝင်တဲ့သူ ၂၀၁၉ ကြားဖြတ်သန်းခေါင်စာရင်းအရ လူဦးရေ ၁၃ သန်းရှိတယ်။ သိန်း ၁၃၀ ရှိပါတယ်။ အဲဒီအထဲမှာ ကျွန်တော်တို့အနေနဲ့ တစ်နှစ်ကို ခေါ်ယူလေ့ကျင့်ပေးနိုင်တဲ့ ပြည်သူ့စစ်မှုထမ်းဆောင်ရမယ့်၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရမယ့် လူဦးရေ ငါးသောင်း၊ ခြောက်သောင်းထက် မပိုပါဘူး။ ပြောရမယ်ဆိုရင် လူဦးရေ သိန်း ၁၃၀ ဖြစ်တဲ့အတွက် ၁ ရာခိုင်နှုန်းဆိုရင် တစ်သိန်းသုံးသောင်းရှိမယ်။ သုည ဒသမ ၅ ရာခိုင်နှုန်းလောက်တောင်မှပဲ ကျွန်တော်တို့ စနစ်တကျခေါ်ယူလေ့ကျင့်သင်ကြားပေးဖို့ ခက်ခဲပါတယ်။ ဒီထက်အောက်ကိုပဲ ခေါ်ယူရမှာဖြစ်တယ်၊ ခေါ်ယူနိုင်မှာဖြစ်တယ်။ တစ်နှစ်မှာမှ လူဦးရေ ၂၀၀ မှာ တစ်ယောက်ပဲ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရမှာဖြစ်ပါတယ်။ အဲဒီတော့ မိဘပြည်သူတွေနဲ့ လူငယ်လူရွယ်တွေ နေထိုင်နေတဲ့ ရပ်ကွက်တွေ၊ ကျေးရွာတွေမှာ အကျုံးဝင်တဲ့လူဦးရေဘယ်လောက်ရှိလဲ တွက်ကြည့်ပါ။ ဒီလူတွေက ဒီနှစ်မှာခေါ်ယူလေ့ကျင့်တယ်၊ နောက် တာဝန်ထမ်းဆောင်တယ်။ နောက် နှစ်နှစ်ကြာရင် သူက စစ်မှုထမ်းဆောင်တာ၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်တာ ကျေပွန်တာဖြစ်ပါတယ်။ ဒါကြောင့် အလှည့်ကျဆောင်ရွက်နေတာဖြစ်တယ်။ လူ ၂၀၀ မှာ တစ်ယောက်တောင်မှ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ဖို့ နည်းပါတယ်။ ဒီဟာတွေကို မိဘပြည်သူတွေနဲ့ လူငယ်လူရွယ်တွေအားလုံး သိရှိထားဖို့လိုတယ်လို့ ကျွန်တော်ပြောလိုပါတယ်။ ဒါ့ပြင် ပြည်သူ့စစ်မှုထမ်းဆောင်တာ၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်တာအတွက် လူငယ်တွေ ဘာအကျိုးကျေးဇူးရလဒ်တွေရမလဲဆိုရင် မိမိနိုင်ငံကို ကာကွယ်ဖို့၊ မိမိနိုင်ငံကို ကာကွယ်နိုင်တဲ့ အသိပညာတွေ၊ အတတ်ပညာတွေကို လူငယ်တိုင်း၊ နိုင်ငံသူ၊ နိုင်ငံသားတိုင်း တတ်မြောက်သွားမှာဖြစ်ပါတယ်။ ဒါ့ပြင် တပ်မတော်ဆိုတာ၊ နိုင်ငံတော်ကာကွယ်ရေးအဖွဲ့အစည်းဆိုတာ အဖွဲ့အစည်းနဲ့လုပ်တတ်ကိုင်တတ်တဲ့ စိတ်ဓာတ် Teamwork, Team Spirit ရရှိလာမှာဖြစ်ပါတယ်၊ ဘဝတစ်လျှောက်လုံးအတွက် အရေးပါတာဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရင်းနဲ့ မျိုးချစ်စိတ်ဓာတ်ရှိတဲ့သူတွေ၊ နိုင်ငံချစ်စိတ်ရှိတဲ့သူတွေအချင်းချင်း၊ မိတ်ဆွေတွေအချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်တဲ့ စိတ်ဓာတ်တွေရရှိသွားမှာဖြစ်တယ်။ ပြီးရင် တစ်ဦးချင်း စည်းကမ်းလိုက်နာလိုတဲ့စိတ်တွေ၊ တစ်ဦးချင်း စည်းကမ်းတကျ ဘယ်လိုနေရမယ်ဆိုတာတွေ ရရှိသွားမှာဖြစ်ပါတယ်။ လူငယ်တွေရဲ့စွမ်းရည် စွမ်းအားတွေကို တိုးတက်ရရှိမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတော်က အခုချိန်ထိကျောင်းတွေမှာဆိုနေရပါတယ်။ အရင်တုန်းက ကျောင်းကောင်စီသီချင်း မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်၊ ဒီနိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်တာက မိမိကိုယ်ကိုလည်း ကောင်းစေလာမှာဖြစ်ပါတယ်။ မိမိအဖွဲ့အစည်းကိုလည်း ကောင်းစေလာမှာဖြစ်ပါတယ်။ မိမိတိုင်းပြည်ကိုလည်း ကောင်းစေလာမှာဖြစ်တယ်ဆိုတာကို အလေးအနက်ယုံကြည်သဘောပေါက်ဖို့ လိုအပ်ပါတယ်။ ဒီနိုင်ငံ၊ ဒီလူမျိုးကို ဒီနိုင်ငံသား၊ ဒီလူမျိုးကမှ မကာကွယ်ရင် ဘယ်သူကာကွယ်မလဲ။ အခြားလူမျိုးတွေက ကာကွယ်သွားလိမ့်မယ်။ အခြားလူမျိုးတွေက ကာကွယ်သွားတဲ့အချိန်မှာ ဒီနိုင်ငံ၊ ဒီလူမျိုးဆိုတာကလည်း ပျောက်ကွယ်သွားပြီးဖြစ်ပါလိမ့်မယ်။ ဒါတွေကို မိဘပြည်သူများ၊ မျိုးချစ်စိတ်ရှိကြတဲ့၊ နိုင်ငံချစ်စိတ်ရှိကြတဲ့ လူငယ်လူရွယ်တွေက အလေးထားကြဖို့၊ အသိတရားထားကြဖို့ လိုအပ်ပါတယ်လို့ ပြောကြားလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# မြစ်ကြီးနားမြို့၊ မြိတ်မြို့နှင့် လှည်းကူးမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော် ၄၁ ပါးအား အဆိုပါမြို့ရှိ မြေမြင့်ဗုဒ္ဓသာသနာပြုကျောင်းတိုက်၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ဘုရားငါးဆူစာသင်တိုက်မှ သံဃာတော် ၄၅ ပါးအား အဆိုပါစာသင်တိုက်၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မဒေါ့ပင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူစုစုပေါင်း ၆၃ ဦးတို့ကို အဆိုပါကျေးရွာရှိ မမ္မသုခကျောင်းတိုက်၌လည်းကောင်း ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့်ဒေသခံပြည်သူများကို သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ နားနှာခေါင်းလည်ချောင်းရောဂါ၊ ကလေးရောဂါ၊ သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများဆောင်ရွက်ပေးခြင်း၊ ECG ၊ Ultrasound စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကိုနယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။


ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ရွက်မဲ့ပင်အို

မောင်ကြည်လင်(ရွှေကြိုးကြာ)



(၁)

မှန်ရှေ့တွင် ဘိုးတင်အေး ရပ်လိုက်၏။ ထို့နောက် မိမိခန္ဓာကိုယ်ကို ကြည့်လိုက်၏။ ပုဆိုးအသစ်၊ အင်္ကျီအသစ်နှင့် တောက်ပပြောင်လက်နေသဖြင့် ကြည်ကြည်နူးနူးပြုံးလိုက်မိ၏။

"မွေးနေ့ပွဲ စမယ် ဘိုးတင်အေး"

မိမိနှင့်တစ်ခန်းတည်း အတူနေသူ ဘိုးကြည်လင်စကားကြောင့် မှန်ရှေ့ကထွက်လာလိုက်၏။

ဘိုးတင်အေး အသက်၇၀နှစ်ပြည့် မွေးနေ့မင်္ဂလာဟူသည့် မိမိရှေ့တွင်ရှိသော မွေးနေ့ကိတ်ကြီးပေါ်မှ စာတန်းလေးကို တီးတိုးရွတ်ဆိုလိုက်မိသည်။

"ဟက်ပီးဘက်ဒေး တူးယူ၊ ဟက်ပီး ဘက်ဒေးတူးယူ"

မိမိနှင့်အတူနေကြသည့် မိတ်ဆွေများ၏ မွေးနေ့တေးသီချင်းသံက ရင်ထဲသို့ ညင်သာစွာ တိုးဝင်လာ၏။ သို့သော် ဘိုးတင်အေးသည် မွေးနေ့သီချင်းသံကို ကောင်းစွာမကြားရပေ။ ဘိုးတင်အေး၏ အတွေးဝယ် အတိတ်သည် ဝေဝါးနေရာမှ အထင်အရှား ပီပြင်လာလေ၏။

(၂)

ဘိုးတင်အေးသည် ကြိုးကြာကွင်းရွာ ဇာတိဖြစ်ပြီး အသင့်အတင့်ချမ်းသာသူ ဖြစ်သည်။ ဇနီးသည် မရှိတော့သည့်နောက်ပိုင်း သားသမီးနှစ်ယောက်နှင့် အတူ နေထိုင်သည်။ ဘိုးတင်အေး၏ သားနှင့်သမီးမှာ လခစားဝန်ထမ်းများဖြစ်ကြသည်။

သားသမီးများအလုပ်သွားချိန် ဘိုးတင်အေး တစ်ဦးတည်း အိမ်တွင် ကျန်ခဲ့တတ်သည်။ ထို့ကြောင့် ဘိုးတင်အေးသည် အပေါင်းအသင်းမင်သည်။ စကားပြောဖော်ရှာသည်။ ရပ်ရွာထဲ အလည်သွားတတ်သည်။ ထိုသို့သွားသည်ကို ဘိုးတင်အေး၏ သားနှင့်သမီးက မနှစ်သက်သော်လည်း မောင်လှမျိုးဟူသော လူငယ်နှင့်မူ ဘိုးတင်အေးကို စိတ်ချယုံကြည်တတ်ကြသည်။

(၃)

နံနက်စောစောထပြီး ဘုရားဝတ်ပြုတိုင်း ထိုအသံကို ကြားနေကျဖြစ်၏။ ကြားတိုင်း ဘိုးတင်အေး စိတ်မသက်မသာဖြစ်မိ၏။

"တကတဲမှပဲ ကျယ်လိုက်တဲ့အသံ"

ဒေါသစွက်နေသောအသံကို ကြားနေရသော်လည်း ဘိုးတင်အေး ပြီးဆုံးသည်ထိ ဘုရားဝတ်ပြုနေလိုက်၏။

"အဖေရယ် ဘုရားရှိခိုးတာ တိုးတိုးရှိခိုးလဲရနေတာပဲ။ မနက်စောစောထရတာတစ်မျိုး၊ အဖေ့ကိစ္စလုပ်ပေးရတာတစ်မျိုးနဲ့။ ဟူး . . . မောတယ်"

ဘုရားဝတ်ပြုပြီး အိမ်ရှေ့သို့ရောက်စဉ် သမီးဖြစ်သူထံမှ ကြားလိုက်ရသောစကားကြောင့် ဘိုးတင်အေး နှုတ်ဆိတ်နေလိုက်သည်။

"အဖေ့ကိတ်မုန့်လေး ကုန်နေပြီသမီး။ ညနေ အလုပ်ကအပြန်ဝယ်ခဲ့ပေးပါအုံး"

"အမယ်လေး အဖေရယ်။ တစ်လ တစ်လ အဖေ့ဆေးဖိုး၊ မုန့်ဖိုးနဲ့ ရတဲ့လစာ လောက်တယ်ကိုမရှိဘူး။ အဖေ့ သားအလိမ္မာတုံးကြီးကို ဝယ်ခိုင်း"

စကားအရှည်ကြီးပြောကာ မိမိကိုလှည့်ကြည့်ဖော်ပင်မရသော သမီးဖြစ်သူသည် မီးဖိုခန်းတွင် အလုပ်ရှုပ်ကြောင်း ဘိုးတင်အေး သိနေသည်။ ထို့ကြောင့် ဘိုးတင်အေးသည် တုတ်ကောက်လေးကိုင်ကာ ပုံမှန်လမ်းလျှောက်နေကျအတိုင်း ရွာထိပ်သို့ ထွက်လာခဲ့လေ၏။

(၄)

"ဗျို့ ဘိုးတင်အေး ရွာထဲသွားမယ်"

"အေး မောင်လှမျိုး ခဏစောင့်"

အော်သံနှင့်အတူ ခြံထဲသို့ဝင်လာသော မောင်လှမျိုးကို စကားဆိုလျက် ဘိုးတင်အေးအိပ်ခန်းဆီသို့ ဝင်သွားလေ၏။

"ကဲ သွားမယ် မောင်လှမျိုး"

သစ်လွင်တောက်ပသော အဝတ်အစားများဖြင့် ထွက်လာသောဘိုးတင်အေးကို မောင်လှမျိုး စိုက်ကြည့်နေမိသည်။ ရှပ်ရည်သန့်ပြန့်ပြီး အကောင်းစားပစ္စည်းများကို အသုံးပြုလျက် ရွှေနာရီနှင့် နဝရတ်လက်စွပ်ကြီးဝတ်ဆင်ထားသော ဘိုးတင်အေးမှာ မောင်လှမျိုးအတွက် အားကျဖွယ်ပင် ဖြစ်နေသည်။

"ဘယ်သွားမလို့လဲ မောင်လှမျိုး"

"ရွာတောင်ဘက်က မိထူးအိမ်ပေါ့"

မောင်လှမျိုးစကားကြောင့် ဘိုးတင်အေးမျက်နှာ အရောင်ပြောင်းသွား၏။

"အေးအေး"

"ဘိုးတင်အေး ကျွန်တော့်အတွက်လဲ မမေ့နဲ့နော်"

"မမေ့ပါဘူး မောင်လှမျိုးရာ။ ဒီမှာ ရော့ မင်းအတွက်"

မောင်လှမျိုးသည် ဘိုးတင်အေး ကမ်းပေးသော ငွေသားများကို လှမ်းယူလိုက်သော်လည်း စိတ်လှုပ်ရှားမှုကို ထိန်းချုပ်မရစွာဖြင့် လက်ကလေးမှာ မသိမသာ တုန်ယင်နေ၏။

(၅)

"မောင်လှမျိုး ငါပြောတဲ့ကိစ္စ အဆင်ပြေလား"

"မပြေဘူး ဘိုးတင်အေးရေ။ တစ်ဖက်က လက်ခံချင်ပေမဲ့ ငွေအသုံးစရိတ်ကနည်းတော့ မျက်နှာပျက်စရာဖြစ်မှာ စိုးရိမ်နေကြတယ်"

"သူတို့က ဘယ်လောက်တောင်းလို့လဲ"

"ဘယ်လောက်ရယ်မပြောပါဘူး။ တင့်တောင်းတင့်တယ်လေး ဖြစ်စေချင်ကြတာပါ ဘိုးတင်အေး"

"အေးပါ လိုအပ်တာ ငါ့ကိုပြောပေါ့"

အိမ်ရှေ့ ဧည့်ခန်းအတွင်းမှ ကြားလိုက်ရသော စကားများကြောင့် မောင်ဝေလင်း၏ ခြေလှမ်းများ ရပ်တန့်သွား၏။

"ဘာဖြစ်လို့ ရပ်လိုက်တာလဲ အစ်ကို"

"ရှူးတိုးတိုး"

နောက်မှ လိုက်ပါလာသော ညီမဖြစ်သူ မဇာခြည်စကားကြောင့် မောင်ဝေလင်း တိတ်တိတ်နေရန် အချက်ပြလိုက်၏။ ထို့နောက် ဖခင်ဖြစ်သူနှင့် မောင်လှမျိုးတို့၏ စကားသံများကို ဆက်လက်နားစွင့်နေလိုက်ကြသည်။

(၆)

"ငါတို့ အဖေ့ကို ဘယ်လိုမေးကြမလဲ"

"ညီမလဲ အဲဒါကို စဉ်းစားနေတာ"

မောင်နှမနှစ်ယောက်စကားပြောနေစဉ် ဖခင်ဖြစ်သူအပြင်မှ ပြန်ရောက်လာသဖြင့် ပြောလက်စစကားကို ရပ်လိုက်ကြသည်။

"အဖေ"

"ဟေ ပြောလေ သား။ ဒီနေ့ ထူးထူးခြားခြား ရုံးပိတ်ရက် အိမ်မြဲနေပါလား"

"အဖေ့ကို မေးစရာရှိလို့ပါ"

"မေးလေ"

"လှမျိုးကိစ္စပါ အဖေ။ သားတို့ကြားနေရတဲ့ သတင်းက အမှန်ပဲလား"

သားဖြစ်သူ၏ အမေးစကားကြောင့် ဘိုးတင်အေး အသက်ရှူရပ်သွားသည့်အလား ငြိမ်သက်နေမိသည်။

"သမီးတို့ကို ပြောပါအုံး အဖေ"

သမီးဖြစ်သူ စကားကြောင့် ဘိုးတင်အေးအသံမှာ ဖြည်းညင်းစွာ ထွက်ပေါ်လာ၏။

"ဟုတ်တယ်။ သားတို့ကြားတဲ့သတင်းက အမှန်ပါ။ နောက်တစ်ပတ်ထဲမှာ မောင်လှမျိုးအတွက် မိထူးမိဘတွေဆီမှာ သွားကြောင်းလမ်းပေးရမယ်"

ဘိုးတင်အေး စကားကြားရသောအခါ မောင်နှမနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။

"မောင်လှမျိုးအတွက် လုပ်ပေးသင့်တယ်လို့ အဖေယူဆတယ်။ သားတို့လဲ နားလည်မှာပါ။ အဖြစ်အပျက်အားလုံးကို သားတို့သိပြီးသားပါ။ မောင်လှမျိုးအတွက် သားတို့အကူအညီလဲ အများကြီးလိုအပ်နေတာပါ"

"ဒါပေမဲ့ အဖေ လှမျိုးကို အဖေ အခုလိုလုပ်ပေးတာ ပတ်ဝန်းကျင်က သားတို့ကို ဘယ်လိုပြောကြမလဲ"

"ပတ်ဝန်းကျင်ဆိုတာ ပတ်ဝန်းကျင်စကားပဲ ပြောကြမှာပါ သားရယ်။ အမှန်တရားကိုသိနေတဲ့ သားတို့က အဖေ့ကို နားလည်ရင် အဖေကျေနပ်ပါပြီ"

ဘိုးတင်အေး၏ သားနှင့် သမီးသည် ဖခင်ဖြစ်သူ၏စကားကို ပြန်လည်တုံ့ပြန်ခြင်းမရှိဘဲ မောင်နှမနှစ်ယောက်ငြိမ်သက်စွာ နားထောင်လိုက်ကြ၏။

(၇)

ယနေ့သည် မောင်လှမျိုးနှင့် မိထူးတို့၏ မင်္ဂလာပွဲဖြစ်၏။ နှစ်ဖက်မိဘရှေ့တွင် တောင်းရမ်းသောအခါတွင်လည်း ဘိုးတင်အေးတာဝန်ယူတောင်းရမ်းပေးခဲ့၏။ မင်္ဂလာတောင်းရမ်းငွေ၊ အကျွေးအမွေး၊ ခန်းဝင်ပစ္စည်း၊ မင်္ဂလာဝတ်စုံမှအစ ကုန်ကျစရိတ်အားလုံးကို ဘိုးတင်အေး တာဝန်ယူခဲ့ခြင်းဖြစ်၏။

ဘိုးတင်အေး၏ သားနှင့်သမီးမှာလည်း ဖခင်၏လုပ်ရပ်ကြောင့် စိတ်ထဲမကောင်းသော်လည်း ဖခင်စိတ်ချမ်းသာစေရန် မင်္ဂလာပွဲအတွက် ကူညီပေးခဲ့ကြသည်။ မင်္ဂလာပွဲပြီးသောအခါ မောင်လှမျိုးသည် ဘိုးတင်အေးကို ကျေးဇူးတင်စကားဆိုသည်။ ရှိကျိုးစွာ ကန်တော့၏။ ထို့နောက် ဘိုးတင်အေးသည် တာဝန်တစ်ခုပေါ့သွားသည့်အလား ကြည်နူးစွာဖြင့် အိမ်သို့ပြန်ရောက်သောအခါ အိမ်ရှေ့ခန်းတွင် မျက်နှာမရွှင်မပျဖြင့် ထိုင်နေကြသည့် သားနှင့်သမီးကို တွေ့လိုက်ရလေ၏။

"ရော့ သားတို့အတွက်"

ဘိုးတင်အေး သားဖြစ်သူကို အမည်းရောင်အိတ်ကလေး ကမ်းပေးလိုက်၏။

"ဘာတွေလဲ အဖေ"

"သားတို့မောင်နှမအတွက် အမွေပါ။ အဖေ စာချုပ်စာတမ်းနဲ့ အညီအမျှခွဲပေးထားတယ်"

"အဖေ"

"အဖေ အားလုံးစီစဉ်ပြီးပြီ သမီး။ မနက်ဖြန် အဖေ ရိပ်သာမှာသွားနေတော့မယ်။ အဖေ့ဘဝရဲ့နောက်ဆုံးအချိန်တွေကို အကျိုးရှိစွာ ဖြတ်သန်းတော့မယ်။ သားနဲ့သမီးလဲ အရွယ်ရောက်လာပြီ၊ အဖေ စိတ်ချပြီ"

ဘိုးတင်အေးစကားကြောင့် မောင်ဝေလင်းတို့ မောင်နှမ ငြိမ်သက်နေကြ၏။

"မောင်လှမျိုးကိုလဲ အဖေတစ်ယောက်ရဲ့ ဝတ္တရားကျေပွန်စွာ ဆောင်ရွက်ပေးခဲ့ပြီ။ သားတို့နဲ့ အဖေတူအမေကွဲ ဆိုပေမဲ့ မောင်လှမျိုးလဲ အဖေ့သားပါပဲ။ သူ့အမေ မရှိတော့ပေမဲ့ စောင့်ရှောက်ရမဲ့ ဝတ္တရား အဖေ့မှာရှိတယ်လေ။ မောင်လှမျိုးကတော့ အဖေက သူ့အဖေဖြစ်တယ်ဆိုတာ မသိရှာပေမဲ့ အဖေ့အပေါ် အလွန်ကောင်းတဲ့ ကလေးပါ။ ဒါကြောင့် သူ့အတွက် အဖေ တာဝန်ကျေချင်တာပါ။ သားနဲ့သမီးကလဲ အစ်ကိုကြီးတစ်ယောက်လို အသိအမှတ်ပြုပေးလိုက်ပါ"

ဘိုးတင်အေးသည် စကားအရှည်ကြီး ပြောလိုက်ရသောကြောင့် မောသွားဟန်ရှိသဖြင့် ထိုင်ခုံကို မှီလျက် မျက်စိမှိတ်ထားလိုက်လေ၏။

(၈)

"မီးမှုတ်ပြီး ကိတ်ခွဲတော့လေ ဘိုးတင်အေး"

ဘိုးတင်အေးသည် အတွေးခရီးတွင် မည်မျှအချိန်ကြာသွားသည် မသိပေ။ ဘေးမှ အခန်းဖော်မိတ်ဆွေ၏ သတိပေးသံကြောင့် ဘိုးတင်အေး သတိဝင်လျက် ကိတ်မုန့်ပေါ်မှ ဖယောင်းတိုင်မီးများကို မှုတ်လိုက်၏။

"ဘိုးဘိုး"

မပီမပြင် ထွက်ပေါ်လာသော ကလေးအသံကြောင့် အသံလာရာသို့ အားလုံး၏အကြည့်များ စုစည်းရောက်ရှိသွား၏။

"ဟင် သားတို့သမီးတို့"

"ဟုတ်ပါတယ်အဖေ။ အဖေ့မွေးနေ့အတွက် ဒီရိပ်သာမှာ အလှူလာလုပ်ကြတာပါ။ ဒါအဖေ့မြေးလေး၊ လှမျိုးရဲ့ သားပေါ့"

"အိုး အဘိုးမြေး"

သမီးဖြစ်သူ၏ လက်ထဲမှ မြေးဖြစ်သူကို လှမ်းပွေ့ချီလိုက်၏။

"အဖေ"

"ဟင် မောင်လှမျိုး"

"ညီလေး ဝေလင်းက အားလုံးပြောပြပြီးပါပြီ"

"ဟုတ်ပါတယ် အဖေ။ သားအားလုံးပြောပြထားတယ်။

စာမျက်နှာ ၂၅သို့ ➤

# လပွတ္တာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧက ၃၃၇၈၁၀ ရိတ်သိမ်းပြီးစီး



**လပွတ္တာ ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧက ၃၃၇၈၁၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါးဧက ၃၃၇၈၁၀ လျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးခင်းများကို ၂၀၂၃ခုနှစ် အောက်တိုဘာလက စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ စပါးတစ်ဧကလျှင် ပျမ်းမျှ ၈၈ တင်း ထွက်ရှိကြောင်း သိရသည်။

"လပွတ္တာမြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီက စပါးဧက၃၃၇၈၁၀ လျာထား စိုက်ပျိုးခဲ့ပါတယ်။ မိုးစပါးတွေကို ပြန်လည်ရိတ်သိမ်းခဲ့ရာ လက်ရှိမှာတော့ မိုးစပါးဧကအားလုံး ရိတ်သိမ်းပြီးပါပြီ။ မိုးစပါးတွေ အခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့ သွင်းအားစုတွေနဲ့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေကို စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ အခုနှစ် စပါးခင်းတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းပြီး အထွက်နှုန်းကလဲ ကောင်းပါတယ်"ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် မိုးစပါးများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ခြင်း ကွင်းဆင်းသရုပ်ပြခြင်း၊ ရွှေခရုကာကွယ်နှိမ်နင်းသည့် နည်းပညာများဆောင်ရွက်ပေးခြင်း၊ ဓာတ်မြေဩဇာအစားထိုး သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) စိုက်ပျိုးထည့်သွင်း အသုံးပြုပေးခြင်း စသည့်လုပ်ငန်းများကို ကြိုတင်စီမံ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လှိုင်းဘွဲ့မြို့နယ် ရှာကိုင်းကောင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၁၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရှာကိုင်းကောင်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းနိုင်၊ ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဇော်၊ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်ထွန်းနှင့် မြို့နယ် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများကကုန်ထုတ်လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက ကုန်ထုတ်လမ်းကို ရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ရှာကိုင်းကောင်းကျေးရွာ၌ ကျေးလက် ကုန်ထုတ်လမ်းသည် အရှည် ၁ မိုင် ၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် သုံးပေ ကိုး လက်မ မြေခင်းခြင်းနှင့် အဆိုပါ လမ်းပေါ်တွင် အရှည် ငါးပေ၊ အကျယ်၂၄ပေ၊ အမြင့် ငါးပေ Box Culvert ခုနစ်စင်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြု ငွေကျပ် ၂၂၁ ဒသမ ၃၈ သန်းဖြင့် ဌာနစုဖွဲ့ ကော်မတီက၂၀၂၃ ခုနှစ် မေလ တတိယပတ်ကစတင် တာဝန်ယူ ဖောက်လုပ်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီ ဖြစ်သဖြင့် အဆိုပါကျေးရွာမှ ထွက်ရှိသည့် ဒေသထွက်ကုန်များကို ဈေးကွက်သို့လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ပြီ ဖြစ်ကြောင်း သိရသည်။ **ဘိုဘို**



➤ **စာမျက်နှာ ၂၄ မှအဆက်**

အရာအားလုံးကိုလဲ သားတို့နားလည်သွားပါပြီ။ အဖေ့ဘဝအတွက် အကျိုးရှိမဲ့အလုပ်တွေကို အဖေစိတ်အေးချမ်းစွာလုပ်ပါ။ သားတို့အားလုံး အဖေ့ဘေးမှာ ရှိနေပေးမှာပါ"

"သာဓု သာဓု သာဓု။ အဖေ့သားသမီးတွေလဲ ကျန်းမာခြင်းများရရှိပါစေကွယ်"

သားသမီးများ၏ ကန်တော့ခြင်းကို ကြည်နူးစွာခံယူနေသော ဘိုးတင်အေး၏ ဆုပေးစကားသံကိုကြားရချိန်တွင် မျက်လုံးအိမ်မှ တွဲခိုလာသော မျက်ရည်စများကို ဘိုးကြည်လင် ခပ်မြန်မြန်သုတ်ပစ်လိုက်၏။

(၉)

"ဘာတွေတွေးနေတာလဲ ဘိုးကြည်လင်"

ပြတင်းပေါက်နားတွင် ရပ်ကာမျှော်ငေးနေသော အခန်းဖော်ဖြစ်သူ ဘိုးကြည်လင်ကို ဘိုးတင်အေးမေးလိုက်၏။

"ဘာရယ် မဟုတ်ပါဘူးဗျာ။ ကျုပ်"

ဘိုးကြည်လင် စကားစကို ရပ်လိုက်၏။

"ကျုပ်နားလည်ပါတယ် ဘိုးကြည်လင်။ ခင်ဗျား သားသမီးတွေအလာကို မျှော်နေတာမဟုတ်လား။ မျှော်မနေပါနဲ့လို့ ကျုပ် မပြောလိုပါဘူး။ ဒါပေမဲ့ ဘဝရဲ့နောက်ဆုံးအချိန်တွေကို လောဘ၊ ဒေါသ၊ မောဟကင်းစွာဖြတ်ကျော်နိုင်အောင်ပဲ တရားကို နှလုံးသွင်းပါဗျာ"

"ကျုပ် နားလည်ပါတယ် ဘိုးတင်အေး။ ဒါပေမဲ့ ပုထုဇဉ်လူသားမို့ ဖြတ်ရခက်တယ်။ ပင်အိုချင်းတူတာတောင် ဘိုးတင်အေးဘဝက ရွက်နုတွေဝေပြီး စိတ်ချမ်းသာစွာတရားအားထုတ်နိုင်တယ်။ ကျုပ်ဆိုတဲ့ ပင်အိုကြီးကတော့ဗျာ"

စကားစကိုဖြတ်လိုက်ပြီး ဘိုးကြည်လင် ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ ငေးကြည့်လိုက်၏။ ရိပ်သာဘေးရှိ ခြောက်သွေ့နေသည့် သစ်ပင်အိုကြီးမှာ နေပူရှိန်ကိုအန်တုလျက် ရှင်သန်ရပ်တည်နေ၏။

"ပတ်ဝန်းကျင်မှာ ပင်အိုတွေ ဘယ်လောက်များများရှိနေလဲဆိုတာ ကျုပ်တို့ မသိနိုင်ဘူး။ နုနယ်စဉ်က အဖူး၊ အပွင့်၊ အသီးတွေဝေဆာစေဖို့ ခူးဆွတ်သူတွေက မြေတူးကြ၊ ရေလောင်းကြ၊ ပေါင်းသင်ခဲ့ကြတယ်။ ဒါပေမဲ့ ပင်အိုဘဝရောက်တဲ့အခါ ဘယ်သူကမှ အရေးတယူပြုပြင်ကြခြင်းမရှိတော့ဘူးဗျာ။ ကျုပ်ဘဝကလဲ ဟို မြင်နေရတဲ့ သစ်ပင်အိုကြီးလိုပဲ ဘိုးတင်အေးရေ"

ဘိုးတင်အေးသည် ဆွေးမြည့်စွာထွက်ပေါ်လာသော စကားလုံးများကို နားထောင်လျက် ဘိုးကြည်လင် ညွှန်ပြသော သစ်ပင်အိုကြီးကို ကြည့်ကာ ကရုဏာအပြည့်ဖြင့် စကားဆိုလိုက်၏။

"အရွက်နုတွေ ကင်းမဲ့နေပြီး အကိုင်းအခက်တွေ ခြောက်သွေ့နေတဲ့ သစ်ပင်အိုကြီးပဲ ဘိုးကြည်လင်။ သူတို့အတွက် အာဟာရလိုတယ်လေဗျာ"

## လမြတ်တပို့တွဲ

- ဆောင်းအကုန် နွေကူးစ
  လေရူးထ ရပ်ရှစ်ခွင်၊
  ကုံရာသီ တပို့တွဲ
  နှင်းရွဲကွင်းပြင်၊
  မာဃနက္ခတ် အတူယှဉ်
  ရုပ်အသွင် အိုးထမ်းယောကျ်ား၊
  နှင်းမှုန်တွေ ခြုံကာသိုင်း
  မှိုင်းလို့ မှုန်ဝါး။

- ဥဩငှက်ငယ် ပင်ယံဖျားက
  တေးသီငြား ညံစာစာ၊
  ရော်ရွက်ဝါ လေအဝှေ့
  ကြွေကျလို့သာ၊
  ပေါက်လဲပန်းတို့ ဖူးပွင့်ကာ
  ထူးတင့်စွာ ရနံ့သင်း။
  နီတျာတျာ လက်ပံပွင့်တို့
  ကြွေလွင့်ပျံ့ခင်း။

- လရာသီ ပွဲတော်အတွင်း
  နွှဲပျော်ခြင်း တူပျော်ပျော်၊
  ပေါင်းစည်းကာ နှစ်စဉ်နွှဲသည့်
  ထမနဲပွဲတော်၊
  ညီညွတ်ခြင်း သရုပ်ပေါ်
  အဟုတ်နော် ပျော်စရာကောင်း၊
  ဓလေ့ရိုးရာ စည်းလုံးခြင်းဖြင့်
  ကျင်းပစုပေါင်း။

- တို့မြန်မာ သဒ္ဓါကောင်းလို့
  အခါမနှောင်း အလှူတော်၊
  ညံရိုးထင်းကို မီးရှို့လို့
  သီးခြားပူဇော်၊
  ထမနဲ အလှူတော်
  နယ်ပေါင်းစုံနော် ပြုလုပ်ဓလေ့၊
  ဩဝါဒပါတိမောက် တရားကို
  (မြတ်ဗုဒ္ဓက)
  ဟောကြားလပြည့်။ ။

**ရွှေတိုး(ထုံးဘို)**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။

# စိတ်ဝင်စားဖွယ် အိမ်ရှင်၊ အိမ်ငှားအမှုတစ်ခုအကြောင်း

စိန်လှိုင်ဗိုလ်

အမှုများစွဲဆိုရာတွင် တရားလို၏ နစ်နာမှုမှာ မှန်ကန်ပါသော်လည်း တရားစွဲဆိုရမည့် ကာလစည်းကမ်းသတ်အတွင်းမဟုတ်ဘဲ ကာလစည်းကမ်းသတ်ကျော်လွန်ပါက စွဲဆိုမှုအကြောင်းခြင်းရာ မှန်ကန်ပါလျက် အမှုရှုံးနိမ့်ရခြင်းသည် များစွာနစ်နာပါသည်။ သို့ဖြစ်ရာ ကာလစည်းကမ်းသတ်ဥပဒေသည် ပြည်သူများကြားတွင် သိသင့်သိထိုက်သော ဥပဒေတစ်ခုဖြစ်ပါသည်။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ-၁၂ (၁) (ဂ)အရ အိမ်ငှားက စည်းကမ်းကိုဖောက်ဖျက်ကျူးလွန်ပါက ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအပိုဒ် (၂၀) ပါ သတ်မှတ်ပြဋ္ဌာန်းချက်အရ ခြောက်နှစ်အတွင်း စွဲဆိုရမည်ဖြစ်ပါလျက် ခြောက်နှစ်ကျော်မှ စွဲခြင်းကြောင့် အမှုရှုံးနိမ့်ခဲ့ရခြင်းအပေါ် သင်ခန်းစာယူနိုင်ရန် ပညာပေးရေးသားဖော်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

စစ်တွေမြို့၊ မိဇ်ရပ်ကွက်၊ ဦးပိုင်အမှတ်(၁၅၆)မြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်ကို ဦးဘဦးနှင့် ဒေါ်သိန်းကြိုင်တို့ပိုင်သည်။ ဦးတုန်ကီး ခေါ် ဦးတင်အောင်ကြည်သည် အဆိုပါ အိမ်ကို ဦးဘဦးတို့ထံမှ ငှားရမ်းနေထိုင်သူ အိမ်ငှားဖြစ်သည်။ ဦးဘဦးတို့ ကွယ်လွန်သွားသည့်အခါ ဦးဘဦး၏ သားသမီးများဖြစ်ကြသော ဦးထွန်းဝေတို့၏ အိမ်ငှားအဖြစ် ဦးတုန်ကီး ခေါ် ဦးတင်အောင်ကြည်က ဆက်လက်နေထိုင်ခဲ့သည်။


ဦးထွန်းဝေတို့က ဦးတုန်ကီး ခေါ် ဦးတင်အောင်ကြည်သည် အိမ်ရှင်ခွင့်ပြုချက်မရရှိဘဲ မြေပေါ်တွင် စိုက်ပျိုးထားသည့် သစ်ပင်သီးနှံများကို ခုတ်လှဲသည်။ ခိုင်မာသောအဆောက်အအုံတစ်ခုကို အိမ်နှင့်တွဲဖက်ပြီး တိုးချဲ့ဆောက်လုပ်ထားသည်။ အဆိုပါ အဆောက်အအုံကို ဓနိမိုးကာသဖြင့် မီးဘေးအန္တရာယ်ကို စိုးရိမ်နေရသည်။ သစ်ပင်သီးနှံများကို ခုတ်လှဲလိုက်သဖြင့် ဥပစာ၏အခြေအနေမှာ ဆိုးရွားသွားသည်။ ဦးတုန်ကီး ခေါ် ဦးတင်အောင်ကြည်သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ -၁၂ (၁) (ဂ) ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ကြောင်း အဆိုပြုပြီး ဦးထွန်းဝေတို့က တရားစွဲဆိုသည်။

စစ်တွေမြို့နယ်တရားရုံး ၁၉၈၈ခုနှစ်၊ တရားမကြီးမှုအမှတ်-၂ တွင် မြို့နယ်တရားရုံးက **တရားလိုစွဲဆိုသည့်အမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်နေကြောင်းသုံးသပ်ပြီး** ဦးထွန်းဝေတို့ စွဲဆိုသည့် အမှုကို ပလပ်သည်။ ဦးတုန်ကီး ခေါ် ဦးတင်အောင်ကြည်တို့က ရခိုင်ပြည်နယ်တရားရုံး(စစ်တွေခရိုင်)သို့ အယူခံဝင်ရာ ပြည်နယ်တရားရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး ဦးထွန်းဝေတို့စွဲဆိုသည့်အတိုင်း ပုဒ်မ-၁၂ (၁) (ဂ)အရ ဒီကရီချမှတ်သည်။ ဦးတုန်ကီး ခေါ် ဦးတင်အောင်ကြည်တို့က တရားရုံးချုပ်သို့ တရားမဒုတိယအယူခံမှုတင်သွင်းခဲ့ပါသည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အယူခံတရားလို ဦးတုန်ကီး ခေါ် ဦးတင်အောင်ကြည်တို့၏ ရှေ့နေက မူလရုံးတရားလို ဦးထွန်းဝေတို့ စွပ်စွဲသည့် သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ပိုင်ရှင်မသိဘဲ အဆောက်အအုံဆောက်လုပ်ခြင်းတို့မှာ ၁၉၇၃ ခုနှစ်က ဖြစ်ပွားခြင်းဖြစ်ကြောင်း မူလရုံးတရားလိုကိုယ်တိုင်က ပြန်ကြားလွှာအပိုဒ်(၁)တွင် အတိအလင်းဝန်ခံထားပြီးဖြစ်ကြောင်း၊ တရားလိုစွဲဆိုသည့်အမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်း မြို့နယ်တရားရုံး၏ ဆုံးဖြတ်ချက်သည် မှန်ကန်ပြီး ပြည်နယ်တရားရုံးသည် ကာလစည်းကမ်းသတ်ကျော်လွန်သည်ကို မသုံးသပ်ဘဲ မူလရုံးတရားလိုကို အနိုင်ဒီကရီချမှတ်ပေးခြင်းမှာ မှားယွင်းကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်တို့၏ ရှေ့နေက မူလရုံးသည် ငြင်းချက်မရှိဘဲ တရားလိုစွဲဆိုသည့်အမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်သည်ဟု ဆုံးဖြတ်ခြင်းမှာ မှန်ကန်မှုမရှိကြောင်း၊ တရားပြိုင်သည် တရားမကျင့်ထုံးဥပဒေအမိန့်- ၈ နည်း -၂ အရချေလွှာတွင် တရားစွဲဆိုသည့် အမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်နေကြောင်းကိုထုချေရန်တာဝန်ရှိကြောင်း၊ထိုသို့ထုချေခြင်းမရှိလျှင် တရားလိုတင်ပြချက်ကို ဝန်ခံသည်ဟု ကောက်ယူရမည်ဖြစ်ကြောင်း၊ တရားပြိုင်




သည် ကာလစည်းကမ်းသတ်နှင့်စပ်လျဉ်း၍ ထုချေခဲ့ခြင်းမရှိသောကြောင့် ထိုအချက်အပေါ် အငြင်းပွားမှုမရှိဟု ကောက်ယူရမည်ဖြစ်ကြောင်း လျှောက်လဲတင်ပြခဲ့ပါသည်။

ဝန်ခံထားသည့် သို့မဟုတ် အငြင်းမပွားထင်ရှားပေါ်ပေါက်သည့် အကြောင်းအချက်များရှိလျှင် တရားပြိုင်က ကာလစည်းကမ်းသတ်ပြဿနာကို တင်ပြသည်ဖြစ်စေ၊ မတင်ပြသည်ဖြစ်စေ တရားရုံးက ၎င်းပြဿနာကို ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ-၃ အရ ဖော်ထုတ်အဆုံးအဖြတ်ပေးရန် တာဝန်ရှိကြောင်းကို နှစ်ဖက်စလုံးမှ နားလည်သိရှိပြီးဖြစ်ကြောင်းမှာ ထင်ရှားသည်ဟု တရားရုံးချုပ်က သုံးသပ်ခဲ့ပါသည်။

ဤအမှုတွင် စိစစ်ရမည့်အချက်မှာ ကာလစည်းကမ်းသတ်နှင့်စပ်လျဉ်း၍ ဝန်ခံထားသည့်အချက်ရှိ၊ မရှိ ဆိုခြင်းသာဖြစ်ကြောင်း၊ အယူခံတရားပြိုင် ဦးထွန်းဝေတို့က အယူခံတရားလို ဦးတုန်ကီး ခေါ် ဦးတင်အောင်ကြည်သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ-၁၂ (၁) (ဂ)ပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်ကြောင်း၊ ၎င်းတို့၏ အဆိုလွှာအပိုဒ်(၂)တွင် အောက်ပါအတိုင်း အဆိုပြုထားသည်။

ထိုသို့နေထိုင်ရှိနေစဉ်အတွင်း တရားပြိုင်သည် အိမ်ပိုင်ရှင်၊ မြေပိုင်ရှင်တို့ကိုအသိမပေးဘဲ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ အဆိုပါ မြေပေါ်ရှိမြေလပ်တွင် စိုက်ပျိုးထားရှိသည့် သစ်ပင်သီးနှံပင်များကို ခုတ်လှဲပြီး တိတ်တဆိတ် ခိုင်ခိုင်မာမာ အဆောက်အအုံတစ်ခုကို အိမ်နှင့်တွဲဖက်ပြီး တိုးချဲ့ဆောက်လုပ်ထားရှိသည်ကို တွေ့မြင်ရပါသည်။ အဆိုပါအဆောက်အအုံမှာလည်း ဓနိမိုးဝါးကာဖြစ်သည်က တစ်ကြောင်းတို့ကြောင့် မီးဘေးအန္တရာယ်ကို အထူးစိုးရိမ်နေရပါသည်။ ထို့ပြင် သစ်ပင်သီးနှံများကို ခုတ်လှဲလိုက်သဖြင့် တရားပြိုင်၏ ပျက်ကွက်မှုကြောင့် ဥပစာ၏ အခြေအနေဆိုးရွားသွားခဲ့ပါသည်။ သို့နှင့် တရားပြိုင်၏ပြုမူချက်များမှာ ၁၉၆၀ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ -၁၂ (၁) (ဂ)အရ ပြဋ္ဌာန်းချက်များကို ကျူးလွန်လျက်ရှိနေပါသည်။

အယူခံတရားလို ဦးတုန်ကီး ခေါ် ဦးတင်အောင်ကြည်တို့ ကျူးလွန်သည့် အချိန်ကာလကို အယူခံတရားပြိုင် ဦးထွန်းဝေတို့က ပြန်ကြားလွှာအပိုဒ်-၁တွင် အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

တရားပြိုင်သည် မန်ကျည်းပင်မှအပ အခြား သစ်ပင်များကို ခုတ်လှဲပြီး တိတ်တဆိတ်ခိုင်ခိုင်မာမာ အဆောက်အအုံတစ်ခုကို အိမ်နှင့်တွဲပြီး တိုးချဲ့ဆောက်လုပ်ထားခြင်းသာ ဖြစ်ပါသည်။ ထိုကဲ့သို့ တိုးချဲ့ဆောက်လုပ်ထားခြင်းမှာ ၁၉၇၃ ခုနှစ်ခန့်တွင် ဆောက်လုပ်ထားပါလေသည်။

အဆိုလွှာနှင့် ပြန်ကြားလွှာတို့အရ အယူခံတရားလို ဦးတုန်ကီး ခေါ် ဦးတင်အောင်ကြည်တို့မှ ပုဒ်မ-၁၂ (၁) (ဂ)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်သည့် အချိန်ကာလသည် **၁၉၇၃ ခုနှစ်ဖြစ်ကြောင်း အယူခံတရားပြိုင်တို့ကိုယ်တိုင် ဝန်ခံထားသည်မှာ မငြင်းနိုင်သည့်အချက်ဖြစ်ကြောင်း** တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

၁၉၆၀ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ-၁၂ (၁) (ဂ)အရ အိမ်ရှင်က အိမ်ငှားကို နှင်ထုတ်ပေးရန် စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အမှတ်စဉ်-၁၂၀နှင့် သက်ဆိုင်သည်။ **ဦးကိုကိုလေးနှင့် ဦးအေးမင်းအမှု ၁၉၉၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာမျက်နှာ-၁** အမှုကို ရည်ညွှန်းကိုးကားပါသည်။ သို့ဖြစ်ရာ အယူခံတရားပြိုင် ဦးထွန်းဝေတို့ စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယား အမှတ်စဉ်-၁၂၀ တွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် ခြောက်နှစ်ထက် များစွာကျော်လွန်နေကြောင်း မြင်သာသည်ဟု တရားရုံးချုပ်က ဝေဖန်စိစစ်ခဲ့ပါသည်။

အယူခံတရားပြိုင်တို့၏ ရှေ့နေက အယူခံတရားလိုသည် အချင်းဖြစ်အိမ်၏ အောက်ထပ်တွင် မြေအောက်ခန်းပြုလုပ်ထားခြင်းဖြင့် ဥပစာ၏ အခြေအနေကို ဆိုးရွားသွားစေသောကြောင့် ပြည်နယ်တရားရုံးက ပုဒ်မ-၁၂ (၁) (ဂ)အရ ဒီကရီချမှတ်ပေးခြင်းသည် မှန်ကန်ကြောင်း လျှောက်လဲတင်ပြခဲ့သော်လည်း အယူခံတရားပြိုင်တို့၏ မူလအဆိုလွှာတွင် အယူခံတရားလိုတို့က အချင်းဖြစ်ဥပစာတွင် မြေအောက်ခန်းပြုလုပ်ထားကြောင်း အဆိုပြုခဲ့ခြင်းမရှိပေ။ အဆိုလွှာတွင် အဆိုပြုခြင်းမရှိသည့်အချက်ကို ပထမအယူခံရုံးဖြစ်သော ပြည်နယ်တရားရုံးက ဖော်ထုတ်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့ပါသည်။

တရားမမှုများတွင် အမှုသည်များ၏ အဆိုအချေတို့အပေါ်၌ အမှု၏အနိုင်အရှုံးကို ဆုံးဖြတ်ရမည်ဖြစ်သည်။ မူလရုံးအနေဖြင့်သော်လည်းကောင်း၊အယူခံရုံးအနေဖြင့်သော်လည်းကောင်း အဆိုအချေ၌ မပါဝင် ဆန့်ကျင်ကွဲလွဲသည့်ကိစ္စကို ဖော်ထုတ်ဆုံးဖြတ်၍ သက်သာခွင့်ပေးခြင်း မပြုရကြောင်း **ဦးဂျူးနှင့် ဦးခိန်မောင်ပါ–၂ အမှု ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများစာ–၄၆** အမှုတွင် ထုံးဖွဲ့ထားသည်။ ထို့ကြောင့် ဤအယူခံကို ခွင့်ပြုပြီး ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်၍ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ရုံးအဆင့်ဆင့် စရိတ်နှင့်တကွ တရားရုံးချုပ်က ပြန်လည်အတည်ပြုလိုက်ပါသည်။

အထက်ပါအမှုတွင် မူလရုံးတရားလို ဦးထွန်းဝေတို့က စွဲဆိုလွှာတွင် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ-၁၂ (၁) (ဂ)အရ အိမ်ငှား ဦးတုန်ကီး ခေါ် ဦးတင်အောင်ကြည်တို့ကို ဖယ်ရှားပေးရန် လျှောက်ထားရာ၌ အိမ်ငှားဘက်မှ တာဝန်ချိုးဖောက်မှုများကို အဓိကထား၍ တင်ပြခဲ့သည်။ အိမ်ငှား ဦးတုန်ကီး ခေါ် ဦးတင်အောင်ကြည်တို့ဘက်မှ ချေပလွှာတွင်လည်း လေပြင်းမုန်တိုင်းကြောင့် သစ်ပင်အရင်းမှ ပြိုလဲသွားကြောင်း အိမ်ရှင် ဦးဘဦးက ပိုင်းဖြတ်ရန်ပြောသဖြင့် ခုတ်ထွင်ရှင်းလင်းလိုက်ခြင်းဖြစ်ကြောင်း၊ ဦးဘဦး၏ ခွင့်ပြုချက်အရ အိမ်သာဆောက်လုပ်ခြင်းဖြစ်ကြောင်း၊ အနီးပတ်ဝန်းကျင်ရှိနေအိမ်များ ဓနိမိုးဖြစ်၍ မီးဘေးစိုးရိမ်ရသည်ဆိုသည်မှာ အဓိပ္ပာယ်မရှိကြောင်း ချေပခဲ့သည်။ **စွဲဆိုသည့်အမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်နေကြောင်း ချေပလွှာတွင် မပါဝင်ပါ။ ငြင်းချက်လည်း မထုတ်ပါ။**

မူလရုံးတွင် ဦးတုန်ကီး ခေါ် ဦးတင်အောင်ကြည်၏ ချေပလွှာအပေါ် ဦးထွန်းဝေတို့က ပြန်ကြားလွှာပေးပို့ရာတွင် ပြန်ကြားလွှာအပိုဒ်-၁ ၌ စွဲဆိုလွှာပါ အိမ်ငှားတာဝန်ချိုးဖောက်မှုများမှာ **၁၉၇၃ ခုနှစ်လောက်က ဆောက်လုပ်ထားပါလေသည်ဟုပါရှိခဲ့ပါသည်။** ထိုအချက်ပေါ်တွင် မူလရုံးက ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယား အမှတ်စဉ်-၁၂၀ ပါ သတ်မှတ်ကာလခြောက်နှစ်ထက် များစွာကျော်လွန်နေခဲ့သည်ကို စိစစ်တွေ့ရှိခဲ့ခြင်းဖြစ်ပါသည်။

"ကာလစည်းကမ်းသတ်ပြဿနာမှာ ဥပဒေဆိုင်ရာပြဿနာသက်သက်ဖြစ်လျှင် တရားရုံးသည် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ-၃ အရ မိမိသဘောဆန္ဒအလျောက် ဖော်ထုတ်အဆုံးအဖြတ်ပေးရန် တာဝန်ရှိသည့်အားလျော်စွာ ဤအမှုကို အဆုံးအဖြတ်ပြုခဲ့ခြင်းဖြစ်ပါသည်။ **ဦးတုန်ကီး ခေါ် ဦးတင်အောင်ကြည် ၎င်း၏ တရားဝင်ကိုယ်စားလှယ် ဒေါ်တင်ရီနှင့် ဦးထွန်းဝေပါ–၄ ၁၉၉၅ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ်–၅၆** ကို ရည်ညွှန်းကိုးကား ရေးသားဖော်ပြလိုက်ရပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၇၆၇ ဧက စိုက်ပျိုးပြီးစီး



**ငပုတော ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၇၆၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၇၆၇ ဧကကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်ကစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဖူးစားပြောင်း ၂၇၆၇ ဧက အားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဖူးစားပြောင်း စိုက်ခင်းများကို ရွက်လိပ်ပိုး၊ ရွက်ဖျက်ပိုး၊ ငမြှောင်တောင် စသည့် ပိုးမွှားအန္တရာယ်များမကျရောက်စေရန်၊ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းပြောင်းများ ဖြစ်စေရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူ အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

“ဆောင်းသီးနှံစိုက်ပျိုးရာမှာ တောင်သူတွေ ဆောင်းသီးနှံတွေကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာနဲ့ အခြား ကူညီမှုတွေကို ကြိုတင်လုပ်ဆောင်ပေးထားပါတယ်။ ငပုတောမြို့နယ်အနေနဲ့ ဖူးစားပြောင်း ၂၇၆၇ ဧက စိုက်ပျိုးထားပါတယ်။ ပြောင်းသီးနှံတွေ အထွက်နှုန်းကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကိုလဲ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးထားပါတယ်။ တောင်သူအသိပညာပေးလုပ်ငန်းတွေကိုလဲ အဆက်မပြတ် လုပ်ဆောင်နေပါတယ်”ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်မှ တောင်သူများသည် မိုးစပါး ၊ နွေစပါးအပြင် ရာသီပေါ်သီးနှံနှင့် ဖူးစားပြောင်းများကိုလည်း ယှဉ်တွဲပြီး တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန်အတွက် စိုက်ပျိုးကြခြင်းဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။**ကျော်ကျော်လင်း**

# မိုင်းလားမြို့နယ် တာပင်းကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုင်းလား ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားခရိုင် မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာပင်းကျေးရွာအုပ်စု တာပင်းကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းလားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်သီရိအောင်နှင့် ဝန်ထမ်းများသည် တာပင်းကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ (နည်းပညာ) ဒေါ်သီရိအောင်က ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့် အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

တာပင်းကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၄၃၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်း၍ ၂၀၂၃ ခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ လယ်ယာမြေ ဧကများမှ ထွက်ရှိသော စိုက်ပျိုးသီးနှံထွက်ကုန်၊ ထုတ်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ဖြိုဖြစ်ကြောင်း ဦးစီးအရာရှိ (နည်းပညာ) ဒေါ်သီရိအောင်ထံမှ သိရသည်။

**ရျှိသန်းညွန့်**

ခရီးသွားဆောင်းပါး

# မြို့မြစ်သားနှင့် ရွှေမုဋ္ဌောဘုရား

သက်နိုင်(မြင်ဦးလွင်)

မြစ်သားမြို့နယ် ကူမဲမြို့ ရွာခိုင်ကြီးကျေးရွာကို ရောက်ရှိနေကြတဲ့ မိမိတို့ခရီးဖော်တွေ လွမ်းစေတီတောင်ပေါ်မှာ စေတီတော်ကိုဖူးမြော်ရင်း ဆက်လက်လေ့လာကြရတယ်။ စေတီတော်က လွန်ခဲ့တဲ့နှစ်အနည်းငယ်က တည်ထားတဲ့စေတီအသစ်တစ်ဆူပါ။ ဉာဏ်တော်အနေနဲ့လဲ အတန်ငယ်နိမ့်ပါတယ်။ ဒါပေမဲ့ တောင်ပေါ်ထိပ်တည့်တည့်မှာ ရှိနေတာကြောင့် လေတစ်ချက်ဝှေ့လိုက်တိုင်း ဆည်းလည်းသံတချွင်ချွင်ထွက်ပေါ်နေတာရယ်၊ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေတာရယ်၊ တောင်အောက်မှာရှိနေတဲ့ ရှုခင်းတွေလှပနေတာရယ်၊ တောင်ပတ်လည်အနီးတစ်ဝိုက် ကျေးရွာတွေကဖွင့်ထားတဲ့ အသံချဲ့စက်သီချင်းသံသဲ့သဲ့ပျံ့လွင့်နေတာရယ်၊ တောင်စောင်းတစ်လျှောက်မှာရှိနေတဲ့ သစ်ပင်သစ်တောတွေထဲက ကျေးငှက်တွေရဲ့ တီတီတာတာ တွန်ကျူးအော်မြည်သံတွေရယ်ကြောင့် လွမ်းစေတီတောင်လို့ အမည်နာမမှည့်ခေါ်ထားတဲ့အတိုင်း တကယ့်ကို လွမ်းစရာဖြစ်နေတော့တယ်။

တောင်ပေါ်အမြင့်ကနေ တွေ့မြင်နေရတဲ့ ရှုခင်းရှုကွက်တွေကလဲ လှလှပပသာသာယာယာပါ။ ရင့်မှည့်ခြင်းမရှိသေးတဲ့ စပါးခင်းစိမ်းစိမ်းတွေ၊ ရင့်မှည့်နေပြီဖြစ်တဲ့ ရွှေဝါရောင်စပါးခင်းတွေ၊ ကွေ့ကွေ့ကောက်ကောက်ရွာလမ်းကလေးတွေ စတာတွေကို တွေ့မြင်နေတယ်။ တောင်ပေါ်မှာတော့ လွမ်းစေတီတော်အပြင် စေတီရံငယ်လေးတွေ၊ ဆောက်လုပ်ပြီးခါစ ဇရပ်ဆောင်ငယ်လေးတွေရှိနေတယ်။ လွမ်းစေတီက ရှေးဟောင်းစေတီတော်ကြီးတစ်ဆူမဟုတ်တာကြောင့် သမိုင်းကျောက်စာတွေ၊ ရှေးခေတ်အနုပညာလက်ရာတွေ လေ့လာစရာမရှိပါဘူး။ လွမ်းစေတီတောင်ပေါ်မှာ ဘုရားကန်တော့၊ ရှုခင်းတွေကြည့်၊ ဓာတ်ပုံရိုက်ပြီးကြတာနဲ့ တောင်အောက်ကို ပြန်ဆင်းလာခဲ့ကြတယ်။

ခရီးစဉ်အရ နောက်ထပ်ဆက်လက်သွားရောက်ကြမဲ့နေရာတစ်ခုက မြစ်သားမြို့မှာရှိတဲ့ လောကသရဖူ တဝရွှေဂူ ဆုတောင်းပြည့်စေတီတော်ကြီးရှိရာကိုပါ။ ဒေသခံတွေကတော့ ပေါ်တော်မူဘုရားဆိုပြီး ခေါ်ဆိုကြတယ်။ စေတီတော်ကြီးရှိရာကို သွားရောက်ကြရမဲ့လမ်းက ရွာခိုင်ကြီးကျေးရွာထဲကို ပြန်လည်ဖြတ်သန်းသွားကြရမှာမို့ သူငယ်ချင်းမိသားစုက ရွာထဲကိုပြန်ဝင်ရမဲ့အတူ ရေမိုးချိုး၊ ထမင်းစားသောက်ပြီးမှ ဆက်လက်သွားကြရအောင်ဆိုတာနဲ့ သူငယ်ချင်းရဲ့ အိမ်ရှိရာကို မောင်းနှင်လာခဲ့ရတယ်။ အိမ်ကိုရောက်တာနဲ့ ထမင်းစားဖို့ထက် ပိုပြီးအရေးကြီးတဲ့အလုပ်တစ်ခုက ရေကိုတဝချိုးကြရတာပါ။ မြင်ဦးလွင်မှာ ရာသီဥတုအအေးဒဏ်ကြောင့် ရေကိုပုံမှန်ချိုးကြဖို့ ခက်ခဲနေတဲ့အချိန်မှာ အပူပိုင်းဒေသဖြစ်တဲ့ ကူမဲကိုရောက်တုန်း အရသာခံချိုးကြရတယ်။ ရေကိုအေးအေး ဆေးဆေးစိမ်ပြေနပြေချိုး နေ့လယ်စာ ထမင်းစားသောက်ပြီးမှ မြစ်သားမြို့ကို ထွက်ခွာလာခဲ့ကြတယ်။

ရွာခိုင်ကြီးကျေးရွာနဲ့ မြစ်သားမြို့က ၁၀ မိုင်ကျော်သာကွာဝေးပါတယ်။ ရွာခိုင်ကြီးကနေ ထွက်လာခဲ့ပြီး ရန်ကုန်-မန္တလေး လမ်းဟောင်းပေါ်မှာရှိနေတဲ့ လမ်းဆုံလမ်းခွကိုရောက်တာနဲ့ တည့်တည့်ဆက်လက်မောင်းနှင်လာခဲ့ရင်း မြစ်သားမြို့ကိုရောက်ပါပြီ။ လမ်းဆုံလမ်းခွကတော့ ကူမဲမြို့အနီးမှာ တည်ရှိနေတယ်။ ကူမဲမြို့နဲ့ မြစ်သားမြို့က အနော်ရထာမင်းကြီးရဲ့ကောင်းမှုကြောင့် စိုက်ပျိုးသီးနှံတွေဖြစ်ထွန်းအောင်မြင်နေသလို ဒေသတစ်ခုလုံး စိုက်ခင်းပျိုးခင်းတွေနဲ့ စိမ်းစိမ်းစိုစိုရှိနေကြတယ်။ အနော်ရထာမင်းကြီးက ခရစ်နှစ် ၁၀၄၇ ခုနှစ်မှာ ပန်းလောင်မြစ်ကိုအခြေခံပြီး ငနိုင်သေဉ်ဆည်၊ ပြောင်းပြာဆည်၊ ကျီးမဲဆည်နဲ့ ကင်းတားဆည်ဆိုတဲ့ ဆည်ကြီး လေးခုကို တည်ဆောက်ခဲ့တယ်။ ဒီလိုဆည်ကြီးတွေ တည်ဆောက်တဲ့အခါ တတိယမြောက်ဆည်တော်ကို တည်ဆောက်ဖို့အတွက် ပြင်ဆင်နေစဉ်အတွင်း ဘုရားဆွမ်းတော်တင်ထားတဲ့ ကြက်ဥတစ်လုံးကို ကျီးမည်းတစ်ကောင်က ကိုက်ချီသွားပြီး ဆည်တော်တည်မဲ့နေရာမှာ စားသောက်နေခဲ့တယ်။ ဒါကိုမြင်ကြတဲ့ အခြားကျီးမည်းတွေကလဲ ဝိုင်းအုံရောက်ရှိလာကြတာကြောင့် ဆည်တည်ထားတဲ့နေရာကို ကျီးမဲဆည်လို့ခေါ်ဆိုခဲ့ကြသလို ဆည်အနီးမှာရွာတည်ကြတဲ့အခါမှာလဲ ကျီးမဲရွာဆိုပြီး ခေါ်ဆိုလာခဲ့ကြတာ နောက်ပိုင်းကာလတွေ ရွေ့လျားလာတာနဲ့အမျှ ကျီးမဲကနေ ကူမဲဖြစ်လာတာလို့ မြို့သမိုင်းမှာဆိုထားတယ်။ ဒါကြောင့် ကူမဲက ပုဂံခေတ်ကတည်းက အထင်အရှားရှိခဲ့တဲ့ ရွာကြီးတစ်ရွာဖြစ်နေတယ်။

အနော်ရထာမင်းကြီးက ခရစ်နှစ် ၁၀၄၇ ခုနှစ်မှာ




ပဲ ကျီးမဲဆည်အနီးမှာ ရွှေကျီးမဲဆည်တော်နံ့စေတီကို တည်ထားကိုးကွယ်ခဲ့တယ်။ အခုအခါ ပန်းလောင်မြစ်နဲ့ စမာတူးမြောင်း နှစ်ခုကြားမှာရှိနေတဲ့ စေတီတော်ကို ရွှေကူမဲဆည်တော်နံ့စေတီလို့ ခေါ်ဆိုနေကြတယ်။ ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ခြင်းမရှိသေးခင်အခါက ကူမဲမြို့ဆိုတာ စားသောက်ဆိုင်တန်းကြီးတွေ၊ ထမင်းဆိုင်တန်းကြီးတွေ၊ ဈေးဆိုင်တန်းကြီးတွေနဲ့ အလွန်စည်ကားတဲ့ ရပ်နားစခန်းတစ်ခုဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ အခုအချိန်မှာလဲ ဘေးပတ်ဝန်းကျင် ကျောထောက်နောက်ခံကျေးရွာတွေ အများအပြားရှိနေတာကြောင့် စည်ကားမြဲစည်ကားနေဆဲပါ။ အရင်တုန်းကလို ထမင်းဆိုင်တန်းကြီးတွေ၊ ဈေးဆိုင်တန်းကြီးတွေ၊ ကားရပ်လိုက်တဲ့အခါတိုင်း ဝိုင်းအုံတိုးဝှေ့ရောက်ရှိလာကြတဲ့ ဈေးသည်တွေ တော့ မရှိကြတော့ပါဘူး။

လမ်းဆုံလမ်းခွကနေ မောင်းနှင်လာခဲ့ပြီး မကြာခင်မှာ မြစ်သားမြို့အဝင်ဆိုင်းဘုတ်ရှိရာကို ရောက်လာကြတယ်။ လမ်းခွနဲ့မြစ်သားက ငါးမိုင်သာဝေးတယ်။ ဒီတစ်ခေါက် ရောက်ရှိလာတဲ့ မြစ်သားမြို့အဝင်ဆိုင်းဘုတ်က အရင်လိုမဟုတ်ဘဲ ဆိုင်းဘုတ်ကြီးရဲ့ ရှေ့တည့်တည့်မှာ အနီရောင်အလုံးကြီးတစ်လုံးကို သေသေချာချာပုံဖော်ထုလုပ်ထားတာကို တွေ့မြင်နေရတယ်။ မြစ်သားမြို့ရဲ့ နာမည်ကျော် ဒေသထွက်ကုန်ဖြစ်တဲ့ ကြက်သွန်နီဥကြီးပါ။ ကြက်သွန်နီဥကြီးကို မြို့ရဲ့အမှတ်သင်္ကေတတစ်ခုအဖြစ် ပြသပုံဖော်ထားတာပါ။ မြစ်သားမြို့မရောက်ခင် ကျောက်ဆည်မြို့မှာတော့ လမ်းမကြီးရဲ့အလယ်မှာရှိနေတဲ့ ဓာတ်တိုင်တွေမှာ နီနီရဲရဲ ငရုတ်သီးတောင့်ပုံသဏ္ဌာန် လျှပ်စစ်မီးတွေနဲ့ မြို့ရဲ့အမှတ်သင်္ကေတကို ပုံဖော်ထားတာတွေ့မြင်ခဲ့ရတယ်။ မြစ်သားမြို့က ကြက်သွန်နီထွက်တာနာမည်ကျော်ကြားထင်ရှားသလို ကျောက်ဆည်မြို့ကလဲ ငရုတ်သီးထွက်တာ ထင်ရှားကျော်ကြားပါတယ်။ မြို့အဝင်ဆိုင်းဘုတ်မှာ ထူးခြားလှတဲ့ကြက်သွန်နီဥကြီးနဲ့ ဓာတ်ပုံမှတ်တမ်းရိုက်ပြီးကြတာနဲ့ မြို့တွင်းကို ဆက်လက်မောင်းနှင်လာခဲ့တယ်။ ကားရှေ့ခန်းမှာ ထိုင်လာတဲ့ သူငယ်ချင်းက ပေါ်တော်မူကိုမသွားခင် ရွှေမုဋ္ဌောစေတီတော်ကို သွားကြရအောင်ဆိုတာနဲ့ စေတီတော်ရှိရာကို မောင်းလာခဲ့ရတယ်။ ရွှေမုဋ္ဌောစေတီတော်က မြစ်သားမြို့တွင်း အဓိကလမ်းမကြီးဘေးအနီးမှာပဲရှိနေတယ်။ ကားကိုလဲ စေတီတော်ရှေ့ကွင်းပြင်ကျယ်မှာ ရပ်နားလို့ရနေတယ်။

စေတီတော်အတွင်းကို စောင်းတန်းအတိုင်းဝင်ရောက်သွားလိုက်တာနဲ့ ဘေးဝဲ၊ ယာတစ်လျှောက်မှာ သစ်ပင်ပန်းပင်တွေ၊ ရေကန်ကြီးတွေ၊ စေတီရံတွေ၊ ရုပ်လုံးရုပ်ကြွရုပ်တုကြီးတွေနဲ့ လှလှပပသာသာယာယာ၊ ဝေဝေဆာဆာတွေ့မြင်နေရတယ်။ စေတီတော်က မြို့အလယ်မှာရှိနေပေမဲ့ ဘုရားကျောင်းကန်ဇရပ်စေတီပုထိုးတွေရဲ့ဖြစ်မြဲထုံးစံအတိုင်း တိတ်တိတ်ဆိတ်ဆိတ်ငြိမ်ငြိမ်ဆိမ်ဆိမ်ရှိနေတယ်။ စေတီတော်ကို ဖူးမြော်ကန်တော့အပြီး လှည့်ပတ်လေ့လာကြည့်ရှုရင်းနဲ့ စေတီတော်ရဲ့ ပထမကုသိုလ်ရှင်၊ ဒုတိယကုသိုလ်ရှင်တွေကို သိခွင့်ရလိုက်တယ်။ ပထမကုသိုလ်ရှင်က သီရိဓမ္မာသောကမင်းကြီးဖြစ်ပြီး ဒုတိယကုသိုလ်ရှင်က အနော်ရထာမင်းကြီးပါ။ စေတီတော်ရဲ့ ရှေ့အဝင်မုခ်ဦးအနီးမှာ သီရိဓမ္မာသောကမင်းကြီးရဲ့ရုပ်တုနဲ့ အနော်ရထာမင်းရဲ့ရုပ်တုတွေကို ပြသထားတယ်။ ဒါ့ပြင် ရုပ်တုကြီးတွေရဲ့နောက်မှာရှိနေတဲ့ ရေကန်ကြီးကိုလဲ လှလှပပသာသာယာယာ တွေ့မြင်နေရတယ်။ ရေကန်ကြီးရဲ့ ပတ်လည်မှာ စေတီရံတွေ၊ ဗုဒ္ဓရုပ်ပွားတော်တွေ၊ ရဟန္တာတွေ၊ နတ်ရုပ်၊ နဂါးရုပ် စတာတွေကို သူ့နေရာနဲ့သူ ထည့်သွင်းပုံဖော်ထားတယ်။ ရွှေမုဋ္ဌောစေတီတော်ဝင်းအတွင်းမှာ စိုက်ပျိုးထားတဲ့ သစ်ပင်ပန်းပင်တွေက စနစ်တကျနဲ့စိမ်းစိမ်းစိုစိုရှိနေတာကြောင့် ပိုမိုသာယာလှပပြီး အေးချမ်းမှုရှိနေတယ်။

စေတီတော်ထဲမှာ လေ့လာကြည့်ရှုပြီးတာနဲ့ စောင်းတန်းအတိုင်း ပြန်ဆင်းလာခဲ့ကြပြီး စောင်းတန်းအတွင်းမှာ ပန်းချီလက်ရာတွေနဲ့ ရေးဆွဲပြသထားတဲ့ သီရိဓမ္မာသောကမင်းကြီး စေတီတော်တည်နေပုံ၊ အနော်ရထာမင်းကြီး ဆည်မြောင်းတာတမံတွေ တည်ဆောက်နေပုံ၊ ရှေးဟောင်းစေတီတော်ကြီးကို ပြုပြင်မွမ်းမံနေပုံ စတဲ့ပန်းချီကားတွေကို ကြည့်ရှုလေ့လာကြရတယ်။ ပန်းချီကားတွေမှာ ရေးဆွဲဖော်ပြထားချက်အရ အလွန်ကြီးမားလှတဲ့ စေတီတော်ကြီးတွေ၊ ဆည်မြောင်းတာတမံကြီးတွေကို ရှေးခေတ်အခါက လူအင်အားအများအပြားအသုံးပြုရပြီး ခက်ခက်ခဲခဲပင်ပင်ပန်းပန်း တည်ဆောက်ထားကြရတာပါ။ တည်ဆောက်ခဲ့ရတဲ့ နှစ်ကာလတွေလဲ ကြာမြင့်ခဲ့မယ်ထင်ပါတယ်။

စေတီတော်ရဲ့ဘေးတစ်လျှောက်နဲ့ အနောက်ဘက်ဝင်းထဲမှာ ဘုရားပွဲဈေးရှိနေတာကြောင့် စေတီတော်ထဲကနေ ပြန်ထွက်လာတာနဲ့ ဘုရားပွဲဈေးတန်းမှာ လမ်းလျှောက်လေ့လာကြပြီး ဝယ်စရာရှိတာတွေကို ဝယ်ယူကြတယ်။ ဘုရားပွဲဈေးဖြစ်တဲ့အတိုင်း ရောင်းချနေတဲ့ဆိုင်တွေနဲ့ ကုန်ပစ္စည်းတွေစုံလင်နေပေမဲ့ အချိန်က နေ့လယ်ပိုင်းဖြစ်နေလို့ ဈေးတန်းတစ်လျှောက်မှာ လူတွေနည်းပါးနေတယ်။ အတူတူသွားကြတဲ့ ခရီးဖော်တွေထဲမှာ မိမိတို့လို စာပေသမားတွေက စာအုပ်ဆိုင်တွေမှာ၊ ကလေးတွေက အရုပ်ဆိုင်တွေမှာ၊ အမျိုးသမီးတွေက အထည်ဆိုင်တွေနဲ့ မုန့်ဆိုင်တွေမှာ အသီးသီးအလိုရှိရာကို ဝယ်ယူခဲ့ကြပြီးမှ ဈေးတန်းထဲကနေ ပြန်ထွက်လာခဲ့ကြတယ်။ အမျိုးသမီးတွေ ဝယ်ယူခဲ့ကြတဲ့ မုန့်တွေထဲမှာ မုန့်သိုင်းခြုံ၊ ကရေကရာ၊ အညာသားကျောကုန်း စတဲ့မုန့်မျိုးတွေ အများစုပါဝင်နေသလို ဒီမုန့်တွေကိုလဲ မြန်မာနိုင်ငံအနှံ့ ဘုရားပွဲတိုင်းမှာ တွေ့မြင်နေရတယ်။

မိမိကိုယ်တိုင် မြန်မာနိုင်ငံအနှံ့ ခရီးတွေထွက်ခွာသွားလာရင်း ကြုံလို့ဆုံလို့ရောက်ရှိတွေ့မြင်ခဲ့ရတဲ့ ဘုရားပွဲတွေအများအပြားရှိနေပါတယ်။ ဒါပေမဲ့ ဘုရားပွဲဆိုတိုင်း ဈေးဆိုင်တန်းတွေ၊ လူတွေနဲ့ တစ်သမတ်တည်း စည်ကားနေတာမျိုးမဟုတ်ဘဲ သူ့ရိုးရာ၊ သူ့ဓလေ့၊ သူတို့ရဲ့နေရာဒေသတွေကိုလိုက်ပြီး ကွဲပြားခြားနားတာမျိုးတွေ ရှိနေကြတယ်။

ရှမ်းပြည်နယ်ဘက်ကို ရောက်ခဲ့မြင်တွေ့ခဲ့ရတဲ့ ဘုရားပွဲတွေမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားကြတယ်။ ဒေသထွက်ရောင်းကုန်ပစ္စည်းမျိုးစုံအပြင် စားသောက်ဆိုင်ကြီးတွေ အများအပြားပါဝင်လာတယ်။ ဘုရားပွဲကိုလာကြတဲ့သူတိုင်းက နေ့လယ်ပိုင်းတွေမှာ ပွဲဈေးလည်ရင်း စားကြသောက်ကြမယ်၊ ညရောက်ရင် ပွဲထိုင်ကြည့်ကြမယ်၊ တစ်နှစ်တစ်ခါ စားကြသောက်ကြပျော်ပါးကြမယ် စတဲ့ရည်ရွယ်ချက်တွေရှိကြတယ်။ ဒါကြောင့် သက်ဆိုင်ရာဘုရားပွဲတွေရောက်ရင် အနီးအနားပတ်ဝန်းကျင်ရွာတွေအကုန်လုံးက လှည်းတန်းကြီးတွေ၊ ကားတန်းကြီးတွေနဲ့ ရွာလုံးကျွတ်လာရောက်ပါဝင်ဆင်နွှဲကြတော့တာပါ။ ကရင်ပြည်နယ်ဘက်ကိုရောက်တော့ ဘုရားပွဲထက် ရိုးရာလက်ဝှေ့ပွဲတွေမှာ ဝိုင်းအုံကြည့်ရှုနေကြသူတွေ များတယ်။ ဘုရားပွဲတွေမှာ လက်ဝှေ့သမားတွေရဲ့ အကြောင်းကိုသာ တွင်တွင်ကျယ်ကျယ် ပြောဆိုဆွေးနွေးနေကြလေ့ရှိတယ်။ အချို့ဘုရားပွဲတွေမှာ ရိုးရာဓလေ့အလိုက် အတီးအမှုတ်အကအခုန်တွေကို အဓိကထားထည့်သွင်းကျင်းပလေ့ရှိနေကြတယ်။ တချို့လဲ အားကစားပွဲတွေကို ထည့်သွင်းကြတယ်။ အချို့ဘုရားပွဲတွေမှာ ဈေးဆိုင်တန်းတွေ၊ စားသောက်ဆိုင်တန်းတွေမရှိဘဲ ရပ်ခံရွာခံဒေသခံတွေက လာသမျှဧည့်သည်တွေကို မိမိတို့ရဲ့အိမ်မှာ ဖွယ်ဖွယ်ရာရာအစားအသောက်တွေနဲ့ တည်ခင်းဧည့်ခံကျွေးမွေးကြတာတွေလဲရှိနေတယ်။ ဒါကြောင့် ဘုရားပွဲတွေက ပုံစံအမျိုးမျိုး၊ အကြောင်းအရာအခြေအနေအမျိုးမျိုးနဲ့ရှိနေကြတယ်။ ဘယ်လိုဘုရားပွဲမျိုးတွေပဲဖြစ်ဖြစ် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးအသီးသီးတွေက ကုသိုလ်တွေနဲ့ ပျော်ရွှင်စရာတွေရရှိကြပါတယ်။

ရွှေမုဋ္ဌော ဘုရားပွဲဈေးတန်းက ပြန်ထွက်လာပြီးတာနဲ့ မြစ်သားမြို့ထဲကိုကားမောင်းပြီး တစ်ပတ်လေ့လာကြည့်ရှုကြတယ်။ မြစ်သားမြို့မှာ လမ်းဆုံလမ်းခွကနေဝင်လာတဲ့ လမ်းမကြီးတစ်ခုနဲ့ မြစ်သား-နွားထိုးကြီး-မြင်းခြံ လမ်းမကြီးနှစ်လမ်းသာ အဓိကလမ်းတွေဖြစ်နေတယ်။ ကျန်တာတွေက လမ်းသွယ်အသေးလေးတွေပါ။ မြို့အမည် ဖြစ်ပေါ်လာပုံနဲ့ပတ်သက်ပြီး အလွန်သာယာတဲ့မြစ်ကနေ မြစ်သားမြို့ဖြစ်လာကြောင်း မှတ်သားထားရတယ်။ ပန်းလောင်မြစ်ကို တင်စားပြောဆိုတာဖြစ်မယ်ထင်ပါတယ်။ မြစ်သားမြို့ထဲလေ့လာပြီးရင် ပေါ်တော်မူဘုရားကို ခရီးဆက်လိုက်ကြပါအုံးမယ်။

# စနေနေ့ညမှာကစားမဲ့ အမှတ်ပေးပွဲစဉ်တွေထဲက အိမ်ကွင်းကစားအားကောင်းတဲ့ စပါးအသင်း၊ နာပိုလီအသင်း၊ ဗလင်စီယာအသင်းတို့ကို ရွေးချယ်ရမှာပါ




စနေနေ့ညမှာကစားမဲ့အမှတ်ပေးပြိုင်ပွဲတွေမှာ ပရီးမီးယားလိဂ်က အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုရှိပေမဲ့ ကျန်လိဂ်တွေကတော့ ခြေရည်တူအသင်းတွေသာ တွေ့ဆုံနေတာကိုတွေ့ရမှာပါ။ ကြားရက်မှာ အသင်းကြီးတချို့ ဥရောပပြိုင်ပွဲတွေကစားခဲ့ရလို့ ဒဏ်ရာရ၊ ပွဲပန်းမှုတွေရှိနေသလို အာဖရိကဖလားပွဲနဲ့ အာရှဖလားပွဲမှာပါဝင်ခဲ့ရတဲ့ ကစားသမားတချို့ကလဲ အခုတစ်ပတ်အတွင်း ကစားမဲ့ပွဲစဉ်တွေမှာပါဝင်ဖို့ မသေချာသေးတာကြောင့် အသင်းတိုင်းကိုသတိထားချဉ်းကပ်ရမှာပါ။ ဒါကြောင့် စနေနေ့ညမှာကစားမဲ့ပွဲစဉ်တွေထဲက ဒဏ်ရာရကစားသမားနည်းပါးပြီး အဓိကကစားသမားတွေနဲ့ ပွဲထွက်လာနိုင်မဲ့အသင်းတွေနဲ့ အိမ်ကွင်းကစားအားကောင်းတဲ့အသင်းတွေကိုသာ ရွေးချယ်သွားမှာပါ။

### စပါးအသင်း ရလဒ်ကောင်းမှာပါ

စနေနေ့ညမှာကစားမဲ့ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ စပါးအသင်းနဲ့ ဝုဗ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ စပါးအသင်းဟာ နည်းပြပိုစတီကိုဂလူလက်အောက်မှာ ကစားပုံတိုးတက်လာတာကြောင့် အမှတ်ပေးပွဲ ၂၄ ပွဲကစားအပြီး ရမှတ် ၄၇ မှတ်ထိရခဲ့လို့ အဆင့် (၄) မှာရောက်ရှိခဲ့တာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့ပွဲစဉ်တွေမှာလဲ တိုက်စစ်မှူးဆွန်ဟောင်မင်မပါနိုင်ပေမဲ့ ရစ်ချာလီဆန်က တိုက်စစ်ပိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်သလို ဘန်နန့်ဂျွန်ဆင်နဲ့တီမိုဝါနာတို့ကလဲ ခြေစွမ်းပြနိုင်ခဲ့လို့ ရလဒ်ကောင်းခဲ့တာသတိပြုရမှာပါ။ အခုပွဲစဉ်မှာတော့ ဆွန်ဟောင်မင်ပြန်ပါလာမှာဖြစ်လို့ စပါးအသင်းတိုက်စစ်ပိုင်းကို ဝုဗ်အသင်းခံစစ်က ဂိုးပေးရဖို့သေချာနေပါတယ်။ ဒါပေမဲ့ စပါးအသင်းအနေနဲ့ တိုက်စစ်ကဂိုးရခဲ့ရင်၊ ခံစစ်ကိုပြန်လည်အာရုံမစိုက်ခဲ့ရင်တော့ အပြန်အလှန်ဂိုးတွေနဲ့ ဂိုးများမဲ့ပွဲစဉ်တစ်ပွဲဖြစ်သွားမှာပါ။ စပါးအသင်းဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ အာရုံစိုက်နေတဲ့အသင်းဖြစ်သလို အဆင့်(၅)က အေဗီလာ၊ အဆင့်(၆)က မန်ယူတို့နဲ့ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကြောင့်လဲ အခုပွဲစဉ်ဟာ ရမှတ်ဆုံးရှုံးလို့မရတဲ့အခြေအနေဖြစ်လို့ အားနည်းချက်တွေကိုပြင်ဆင်လာမှာဖြစ်ပြီး မဖြစ်မနေနိုင်ပွဲရှာသွားမှာဖြစ်ပါတယ်။

နည်းပြအိုနေးဟာ ဝုဗ်အသင်းကိုအကောင်းဆုံးဦးဆောင်ထားနိုင်ပေမဲ့ ပြီးခဲ့တဲ့ဘရန့်ဖို့ဒ်နဲ့ပွဲစဉ်မှာ အိမ်ကွင်းမှာမထင်မှတ်ဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ တိုက်စစ်မှာ နက်တိုကိုအထောင်ထားပြီး ကန်ဟာ၊ ဆာရာဘီးယားတို့ကိုနောက်ချန်အနေနဲ့ အသုံးပြုခဲ့တာကြောင့် ချဲလ်ဆီး၊ မန်ယူတို့လိုအသင်းကြီးတွေကိုတောင် ဂိုးတွေအများအပြားသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ ဘရန့်ဖို့ဒ်နဲ့ပွဲစဉ်မှာတော့ ကန်ဟာဒဏ်ရာကြောင့် ထွက်ခွာခဲ့ရပြီး တိုက်စစ်ကစားအားကျဆင်းသွားခဲ့လို့ ပြိုင်ဘက်ရဲ့ဖိအားပေးမှုကို မထိန်းနိုင်တော့ဘဲ နှစ်ဂိုးပြတ်နဲ့ရှုံးခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ နည်းပြအိုနေးအနေနဲ့ ကန်ဟာနေရာမှာ ဟီချန်ဝမ်ကိုအသုံးပြုလာမယ်ဆိုရင်တော့ ဝုဗ်အသင်းရဲ့တိုက်စစ်ကစားပုံကလဲ လျော့တွက်လို့တော့မရပါဘူး။ လက်ရှိမှာ ဝုဗ်ကရမှတ် ၃၂ မှတ်နဲ့အဆင့် (၁၁) မှာရောက်နေပြီး အခုပွဲကိုရှုံးခဲ့ရင်တောင် အမှတ်ပေးဇယားအပြောင်းအလဲဖြစ်မှာမဟုတ်ပါဘူး။ ဒ့ပြင် နောက်ဆုံးငါးပွဲမှာ သွင်းဂိုးလေးဂိုးသွင်းယူထားတဲ့ တိုက်စစ်မှူးကန်ဟာမပါခဲ့ရင်တော့ တိုက်စစ်အားကျဆင်းသွားမှာပါ။ အကျောပေးမှုကလဲ စပါးကတစ်ဂိုးနဲ့နိုင်ရင် ခပ်ပါးပါးပဲပျော်ခွင့်ရမဲ့အခြေအနေက အိမ်ရှင်စပါးအသင်းအနည်းဆုံးတစ်ဂိုးနဲ့နိုင်မဲ့အခြေအနေဖြစ်နေတာကြောင့် အိမ်ရှင်စပါးအသင်းပဲရလဒ်ကောင်းမှာပါ။

**စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်ယူ | ၂ | - | ၂ | စပါး |
| စပါး | ၀ | - | ၁ | မန်စီးတီး |
| စပါး | ၃ | - | ၂ | ဘရန့်ဖို့ဒ် |
| အဲဗာတန် | ၂ | - | ၂ | စပါး |
| စပါး | ၂ | - | ၁ | ဘရိုက်တန် |

**ဝုဗ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | ၀ | - | ၀ | ဝုဗ် |
| ဝက်စ်ဘရွန်း | ၀ | - | ၂ | ဝုဗ် |
| ဝုဗ် | ၃ | - | ၄ | မန်ယူ |
| ချဲလ်ဆီး | ၂ | - | ၄ | ဝုဗ် |
| ဝုဗ် | ၀ | - | ၂ | ဘရန့်ဖို့ဒ် |

### နာပိုလီအသင်းကို အားပေးရမှာပါ

အီတလီစီးရီးအေပွဲစဉ် (၂၅) မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ နာပိုလီအသင်းနဲ့ ဂျီနိုအာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိချန်ပီယံနာပိုလီအသင်းဟာ အမှတ်ပေးပွဲမှာရလဒ်ကောင်းဖို့ ရုန်းကန်နေရတဲ့အသင်းဖြစ်သလို နည်းပြသုံးယောက်ထိ ပြောင်းလဲခဲ့ရတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အသင်းငယ်တွေနဲ့တွေ့ရင် ရာနှုန်းပြည့်နိုင်ပွဲရှာနိုင်ပေမဲ့ တိုက်စစ်ကစားအားကောင်းတဲ့အသင်းကြီးတွေနဲ့ဆို ရုန်းကန်ခဲ့ရလို့ အမှတ်ပေးပွဲ ၂၃ ပွဲအပြီးမှာ ရမှတ် ၃၅ မှတ်နဲ့ အဆင့်(၉)ထိကျဆင်းသွားခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာလဲ ဖီအိုရင်တီးနား၊ ဗီရိုနာတို့ကိုအနိုင်ရခဲ့ပေမဲ့ လာဇီယိုကိုသရေ၊ အင်တာမီလန်နဲ့အေစီမီလန်တို့ကို ရှုံးနိမ့်ခဲ့တာကိုတွေ့ရမှာပါ။ အသင်းရဲ့ဂိုးသွင်းအများဆုံးတိုက်စစ်မှူးအိုစီမန်ကတော့ အာဖရိကဖလားပြိုင်ပွဲကစားထားရလို့ အခုပွဲစဉ်မှာပါဝင်မှာမဟုတ်ပေမဲ့ ကာဗာရက်ရှ်လီယာ၊ ပိုလီတာနို၊ ဆီမြွန်နီတို့ကတိုက်စစ်ပိုင်းကို ဦးဆောင်လာမှာသေချာပါတယ်။ နာပိုလီအနေနဲ့ အခုပွဲစဉ်ကိုရှုံးခဲ့ရင် အဆင့်(၁၀)ထိကျဆင်းသွားမှာဖြစ်ပြီး အနိုင်ရခဲ့ရင် အဆင့်(၆)ထိတက်ရောက်နိုင်မှာဖြစ်တာကြောင့် တိုက်စစ်မြင့်ကစားလာဖို့များပါတယ်။

ဂျီနိုအာအသင်းဟာ တန်းတက်အသင်းသုံးသင်းထဲမှာ ခြေစွမ်းအကောင်းဆုံးအသင်းဖြစ်နေပြီး အမှတ်ပေးပွဲ ၂၄ ပွဲအပြီးရမှတ် ၂၉ မှတ်နဲ့အဆင့်(၁၂) မှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးငါးပွဲမှာ အတ္တလန်တာအသင်းကိုသာရှုံးခဲ့ပြီး ကျန်လေးပွဲမှာတော့ ရလဒ်ကောင်းခဲ့တာကိုတွေ့ရမှာပါ။ နောက်ဆုံးအဝေးကွင်းလေးပွဲဆက်မှာလဲ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ဂျီနိုအာရဲ့ကစားအားကိုလျော့တွက်လို့မရပါဘူး။ သူတို့အသင်းတိုက်စစ်ကို ဂက်မန်ဆန်နဲ့ရက်တီဂီတို့ကဦးဆောင်နေပြီး ဂက်မန်ဆန်က သွင်းဂိုးကိုးဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ လက်ရှိချန်ပီယံနာပိုလီအသင်းနဲ့ယှဉ်ရင်တော့ လိုအပ်ချက်တွေများနေတဲ့အပြင် ဂက်မန်ဆန်ကလွဲရင် ပွဲရလဒ်ကိုပြောင်းလဲနိုင်တဲ့ကစားသမားနည်းပါးနေတာကိုတွေ့ရမှာပါ။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု ၂၆ ကြိမ်မှာလဲ နာပိုလီက ၁၈ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်နဲ့အသာရခဲ့သလို လက်ရှိကစားပုံတိုက်စစ်ပိုင်းကလဲ ဂျီနိုအာအသင်းထက်သာလွန်နေတာကြောင့် နာပိုလီအသင်းကိုပဲ အားပေးရမှာပါ။

**နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နာပိုလီ | ၃ | - | ၀ | ဖီအိုရင်တီးနား |
| နာပိုလီ | ၀ | - | ၁ | အင်တာမီလန် |
| လာဇီယို | ၀ | - | ၀ | နာပိုလီ |
| နာပိုလီ | ၂ | - | ၁ | ဗီရိုနာ |
| အေစီမီလန် | ၁ | - | ၀ | နာပိုလီ |

**ဂျီနိုအာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျီနိုအာ | ၀ | - | ၀ | တိုရီနို |
| ဆလာနီတာနာ | ၁ | - | ၂ | ဂျီနိုအာ |
| ဂျီနိုအာ | ၂ | - | ၁ | လက်ချီ |
| အမ်ပိုလီ | ၀ | - | ၀ | ဂျီနိုအာ |
| ဂျီနိုအာ | ၁ | - | ၄ | အတ္တလန်တာ |

### ဗလင်စီယာအသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့ညမှာကစားမဲ့လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဗလင်စီယာအသင်းနဲ့ ဆီဗီလာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗလင်စီယာအသင်းဟာ ပြီးခဲ့တဲ့အဝေးကွင်းမှာ လက်ပါးမက်ကို နှစ်ဂိုးပြတ်နဲ့ရှုံးခဲ့တာကြောင့် ရမှတ် ၃၅ မှတ်နဲ့ အဆင့်(၉)မှာသာ ရပ်တည်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အဝေးကွင်းကစားပုံအားနည်းချက်ရှိပေမဲ့ အမှတ်ပေးပွဲအိမ်ကွင်း ၁၁ ပွဲမှာ နှစ်ပွဲသာရှုံးခဲ့ပြီး ခုနစ်ပွဲနိုင်၊ နှစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ နည်းပြဘာရာဂျာကတော့ ၄-၄-၂ ကစားကွက်နဲ့ ပုံမှန်ပွဲထွက်နေပြီး တိုက်စစ်ပိုင်းမှာ ဒူရိုနဲ့အမ်မာလက်တို့ကို တွဲဖက်အသုံးပြုခဲ့တာဖြစ်ပါတယ်။ တိုက်စစ်မှူးဒူရိုကတော့ သွင်းဂိုး ၁၀ ဂိုးနဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ်ရပ်တည်နေသလို အသင်းအတွက် အဆုံးအဖြတ်ဂိုးတွေသွင်းယူပေးနေတဲ့ ကစားသမားတစ်ယောက်လဲဖြစ်ပါတယ်။ သူတို့အသင်းဟာ ခံစစ်အားပြုကစားတဲ့အသင်းဖြစ်တာကြောင့် ပြိုင်ပွဲတိုင်းမှာ ဘောလုံးပိုင်ဆိုင်မှုအသာမရပေမဲ့ တန်ပြန်တိုက်စစ်ကနေဂိုးရယူနိုင်ခဲ့တာကြောင့် ရလဒ်ကောင်းတွေပိုင်ဆိုင်ခဲ့တာကိုသတိပြုရမှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ ဆီဗီလာအသင်းအနေနဲ့ တိုက်စစ်ဖွင့်ကစားလာရင်တော့ ဗလင်စီယာရဲ့တန်ပြန်တိုက်စစ်ကို ထိန်းချုပ်ဖို့အခက်တွေ့နိုင်ပြီး ရှုံးပွဲကြုံသွားနိုင်ပါတယ်။

နည်းပြဆန်းချက်ဖလိုရက်စ်လက်ထက်မှာ ရလဒ်ပိုင်းတည်ငြိမ်ဖို့ကြိုးစားနေရတဲ့ဆီဗီလာအသင်းဟာ နောက်ဆုံးသုံးပွဲဆက်ရမှတ်ရှာဖွေနိုင်ခဲ့တာကြောင့် ရမှတ် ၂၃ မှတ်နဲ့ တန်းဆင်းဇုန်ဖိအားအောက်က လွတ်မြောက်လာတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့အေတီကိုနဲ့ပွဲမှာလဲ အေတီကိုအသင်းကို အပြန်အလှန်ဖိအားပေးကစားနိုင်ခဲ့လို့ ပွဲအစ ၁၅ မိနစ်မှာရရှိတဲ့ဦးဆောင်ဂိုးနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ လက်ရှိနည်းပြရဲ့တိုက်စစ်ပိုင်းမှာ အန်ညက်ဆီရီနဲ့ရှိမ်ရှိုးတို့က ခြေစွမ်းပြနေပြီး အသင်းရဲ့ဂိုးတွေကို သူတို့နှစ်ယောက်ကသာ သွင်းယူပေးနေတာကိုသတိပြုရမှာပါ။ ဒါပေမဲ့ ဆီဗီလာဟာ အဝေးကွင်း ၁၁ ပွဲမှာ နှစ်ပွဲသာအနိုင်ရခဲ့ပြီး သုံးပွဲသရေ၊ ခြောက်ပွဲရှုံးခဲ့တာဖြစ်သလို ဂျီရိုနာနဲ့တွေ့ဆုံခဲ့တဲ့ပွဲစဉ်မှာလဲ ပေးဂိုးငါးဂိုးထိရှိခဲ့တဲ့ခံစစ်ပိုင်းက အားနည်းချက်တွေများနေဆဲဖြစ်ပါတယ်။ ဒ့ပြင် အဓိကကစားသမားတွေအပါအဝင်ကစားသမားရှစ်ယောက်ထိ ဒဏ်ရာပြဿနာရှိနေတာက ကစားကွက်ပိုင်းအားနည်းချက်ရှိမှာသေချာနေလို့ ဗလင်စီယာတိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် အိမ်ကွင်းနိုင်ပွဲပြန်ရှာဖို့ ကြိုးစားလာမဲ့ဗလင်စီယာအသင်းနဲ့ပဲလက်တွဲရမှာပါ။

**ဗလင်စီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗလင်စီယာ | ၁ | - | ၃ | ဆဲလ်တာဗီဂို |
| ဗလင်စီယာ | ၁ | - | ၀ | ဘီလ်ဘာအို |
| အေတီကို | ၂ | - | ၀ | ဗလင်စီယာ |
| ဗလင်စီယာ | ၂ | - | ၁ | အယ်မာရီယာ |
| လက်ပါးမက် | ၂ | - | ၀ | ဗလင်စီယာ |

**ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျီရိုနာ | ၅ | - | ၁ | ဆီဗီလာ |
| အေတီကို | ၁ | - | ၀ | ဆီဗီလာ |
| ဆီဗီလာ | ၁ | - | ၁ | အိုဆာဆူနာ |
| ဗယ်လ်ကာနို | ၁ | - | ၂ | ဆီဗီလာ |
| ဆီဗီလာ | ၁ | - | ၀ | အေတီကို |

# ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/ တင်သွင်းခြင်းကို **၁၈-၂-၂၀၂၄ ရက်နေ့** (အစား) **၂၅-၂-၂၀၂၄ ရက်နေ့**အထိ ထပ်မံရက်တိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရောစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ်ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)



**ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။


**ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။




# ယခုနှစ် ခရီးသွားရာသီအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးစဉ်ဒေသ ၃၇ ခုထိ အကောင်အထည်ဖော်ဆောင်ရွက်နေ



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ယခုနှစ် ခရီးသွားရာသီအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးစဉ်ဒေသ ၃၇ ခုထိ အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ရွှေတိဂုံစေတီအပါအဝင် အထင်ကရစေတီပုထိုးများ၊ ရှေးဟောင်းအဆောက်အအုံများ၊ မြို့ပြရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ပန်းဥယျာဉ်နှင့် အခြားစိတ်ဝင်စားစရာ နေရာများစွာရှိနေကြောင်း သိရသည်။

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်စားမှုရှိစေမည့်ခရီးစဉ်ဒေသ ၂၈ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အဆိုပါခရီးစဉ်ဒေသများမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်နှင့် အမျိုးသားပြတိုက်၊ ကျောက်တံတားမြို့နယ်ရှိ ဆူးလေစေတီတော်နှင့် မဟာဗန္ဓုလပန်းခြံ၊ ဗဟန်းမြို့နယ်ရှိ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကန်တော်ကြီးဥယျာဉ်နှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ စမ်းချောင်းမြို့နယ်ရှိ ကိုးထပ်ကြီးဘုရား၊ မှော်ဘီမြို့နယ်ရှိ ဂျပန်ဘုရား၊ မရမ်းကုန်းမြို့နယ်ရှိ ကျောက်တော်ကြီးဘုရား၊ စွယ်တော်မြတ်စေတီတော်နှင့် ကမ္ဘာအေးစေတီတော်၊ ကျောက်တန်းမြို့နယ်ရှိ ကျောက်တန်းရေလယ်ဘုရား၊ သန်လျင်မြို့နယ်ရှိ ကျိုက်ခေါက်ဘုရား၊ ဗိုလ်တထောင်မြို့နယ်ရှိ စိန့်မေရီကက်သလစ်ဘုရားရှိခိုးကျောင်း၊ မင်္ဂလာဒုံမြို့နယ်ရှိ လော်ကားဥယျာဉ်၊ ထောက်ကြန့်စစ်သင်္ချိုင်းနှင့် ဓာတ်တော်မွေတော်ကံကူစေတီတော်၊ သာကေတမြို့နယ်ရှိ တိုင်းရင်းသားကျေးရွာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်ဘူတာကြီး၊ ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင်စေတီတော်၊ ဝန်ကြီးများရုံး (အတွင်းဝန်ရုံး) နှင့် ဗိုလ်တထောင်ကမ်းနား၊ မြောက်ဥက္ကလာပမြို့နယ်ရှိ မယ်လမုစေတီတော်၊ ရန်ကုန်မြို့တစ်ဖက်ကမ်းရှိ ဒလမြို့၊ ပန်းဘဲတန်းမြို့နယ်ရှိ ဗိုလ်ချုပ်ဈေးနှင့် လှိုင်မြို့နယ်ရှိ အင်းယားကန်ပေါင်တို့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဖေဖော်ဝါရီလတွင်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ လေ့လာလည်ပတ်နိုင်သည့်ခရီးစဉ်ဒေသ ကိုးခုကို ထပ်မံဖော်ဆောင်ခဲ့ရာ အဆိုပါခရီးစဉ်ဒေသများမှာ ဗဟန်းမြို့နယ်ရှိချင်းချောင်းနန်းတော်၊ သန်လျင်မြို့နယ်ရှိ ရှေးဟောင်းပေါ်တူဂီဘုရားကျောင်း၊ ဒဂုံမြို့နယ်ရှိ အာဇာနည်ဗိမာန်နှင့် ဦးဥတ္တမပန်းခြံ၊ ပန်းဘဲတန်းမြို့နယ်ရှိ သူ့ာရီကာလီမယ်တော်ကျောင်းနှင့်ကဗျာဆရာကြီး မဂိုအင်ပါယာဧကရာဇ်မင်း ဘာဟာဒူးရှားဇဖာရ်ရှား၏ဂူဗိမာန်၊ ကျောက်တန်းမြို့နယ်ရှိ ပီလခတ်ဟိန္ဒူဘုရားကျောင်းနှင့် ကျိုက်ပြာသာဒ်တနော်ကောင်းမှုစေတီတော်၊ ကမာရွတ်မြို့နယ်ရှိ ရန်ကုန်တက္ကသိုလ် တို့ဖြစ်ကြောင်း သိရသည်။

SKL

# မိုင်းရယ်မြို့နယ် နားခိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းရယ် ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားခိုကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ ရရှိလာသောမြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက နားခိုကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၄၉၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နားခိုကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက် မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင် သူ ၂၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၉၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူစံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .
CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# ကုန်ဆုံးသွားသော စွမ်းအားများ

# DAGON Malta Fresh

နဲ့ ဖြည့်စွမ်းထား



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ချမ်းအေးသာစံမြို့နယ်၊မောရဂီဝါရပ်၊ ၃၀×၃၁ ကြား၊ ၇၄×၇၅ကြားနေ ဦးဇော်ဦး-ဒေါ်ခင်ထွေးကြည်တို့၏သား **မောင်ကျော်စင်ဝင်း(၅/ကလတ(နိုင်)၁၀၉၈၂၆)** သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးဇော်ဦး(၅/ဝသန(နိုင်)၀၁၂၄၁၀)**
**ဒေါ်ခင်ထွေးကြည်(၅/ဝသန(နိုင်)၀၃၂၈၁၄)**

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



**စာပေမြင့်မှ လူမျိုးတင့်မည်**

“အဂတိပယ်ခွာ ပြည်သာယာ”
**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်

ရန်သူ မီးဘေး တားဆီးရေး မနေး ဆောင်ရွက်ကြ

❖ မေးမိန် ပျောက်ကွယ်သွားပါက နိုင်ငံနှင့် လူမျိုးအပေါ် အထင်ကြီးလေးစားမှု လျော့နည်းပြီး အမျိုးသားရေး အားမာန်များ ခန်းခြောက်လာမည်ဖြစ်...

❖ အမျိုးသားရေး အားမာန် ခန်းခြောက်လာသည်နှင့်အမျှ နိုင်ငံ၏ အချုပ်အခြာအာဏာကို နှောင့်ယှက်ထိပါးလာကြမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၄ရက်တွင်ပြုလုပ်သော (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ခြောက်မြို့နယ်တို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကြိုဆိုထောက်ခံပွဲပြုလုပ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂၇/ ၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ စတင်၍ အာဏာတည်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**စာမျက်နှာ ၁၉ ကော်လံ ၁ ☆**

**ရန်ကုန်တိုင်းဒေသကြီး၌ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကြိုဆိုထောက်ခံပွဲများ ပြုလုပ်စဉ်။**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူသို့ အသိပေးကြေညာချက်

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၄ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂၇/ ၂၀၁၀ ဖြင့် ပြဋ္ဌာန်းထားခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ(ခ)အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ကြောင်း သတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ဖေဖော်ဝါရီ ၁၀ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ယခုအခါ အဆိုပါထုတ်ပြန်ချက်အပေါ် မီဒီယာအချို့နှင့် လူမှုကွန်ရက်စာမျက်နှာအချို့တို့တွင် ပြည်သူများ၏ ပြည်ပထွက်ခွာခွင့်များနှင့်ပတ်သက်၍ တားဆီးပိတ်ပင်နေသည်ဆိုသည့် ကောလာဟလသတင်းအမှားများ ထွက်ပေါ်လျက်ရှိပါသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေစတင်အာဏာတည်ကြောင်း သတ်မှတ်ခြင်းနှင့်ပတ်သက်၍ ပြည်သူများ၏ ပြည်ပထွက်ခွာခွင့်များကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ ကန့်သတ်ချက်များ ထုတ်ပြန်စိစစ်တားဆီးခြင်းမရှိဘဲ အပြည်ပြည်ဆိုင်ရာလေဆိပ်များဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်လေဆိပ်များ အပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့်နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော နယ်စပ်ဝင်ထွက်ဂိတ်များမှ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာဝင်ထွက်ခွင့်ပြုခြင်းများကို ယခင်အတိုင်း ဥပဒေနှင့်အညီ စနစ်တကျဝင်ထွက်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြည်ပထွက်ခွာခွင့်များနှင့်ပတ်သက်၍ မည်သည့်ညွှန်ကြားချက်မျှ သီးခြားထုတ်ပြန်ဆောင်ရွက်ထားခြင်းမရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

